

# ၂၀ ရာစု၏နာမည်ကျော် ပုဂ္ဂိုလ်ကြီးများ

# Famous Leaders in The 20th Century

၂၀ ရာစု၏နာမည်ကျော်ပုဂ္ဂိုလ်ကြီးများ
Famous Leaders in The 20th Century (Burmese version)

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand

drum@drumpublications.org
www.drumpublications.org

September, 2008
ISBN 978-974-362-328-8

# မာတိကာ


| | |
|---|---|
| နိဒါန်း | IV |
| မာတင်လူသာကင်းဂျေအာ(ရ်) (Martin Luther King Jr.) | ၁ |
| နယ်လဆင်မင်ဒဲလား (Nelson Mandela) | ၁၀ |
| အဲလီနိုရုစဘဲ့ (Eleanor Roosevelt) | ၁၅ |
| ဒေးဗစ်ဘင်ကူရီယန် (David Ben-Gurion) | ၁၉ |
| မာဂရက်စင်ဂါ (Margaret Higgin Sanger) | ၂၃ |
| လက်(ခ်)ဝယ်(လ်)စာ (Lech Walesa) | ၂၈ |
| ဖရန့်ကလင်းဒီလာနိုရုစဘဲ့(Franklin Delano Roosevelt) | ၃၂ |
| ဘလယ်တီမာလီနင် (Vladimir Lenin) | ၃၈ |
| သီအိုဒိုရုစဘဲ့ (Theodore Roosevelt) | ၄၆ |
| မါဂရက်သက်ချာ (Margaret Thatcher) | ၅၁ |
| မဟတ္တမဂန္ဒီ (Mahatama Gandhi) | ၅၈ |
| ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် (II) (Pope John Paul II) | ၆၅ |
| ဆာ(ရ်)ဝင်စတန်ချပ်ချေး(လ်) (Winston Churchill) | ၇၁ |
| မီခေးလ်ဂေါ်ဘာချော့(ဗ်) (Mikhail Gorbachev) | ၇၅ |
| အယာတိုလာကိုမိနီ (Ayatollah Khomeini) | ၈၀ |
| ဟိုချီမင်း (Ho Chi Minh) | ၈၄ |
| မော်စီတုံး (Mao Zedong) | ၉၄ |
| အဒိုးဖ်ဟစ်တလာ (Adolf Hitler) | ၁၀၂ |
| ရော်နယ်(လ်)ရီဂင် (Ronald Wilson Reagan | ၁၁၂ |
| တင့်ကားလူသား သို့မဟုတ် အမည်မသိတော်လှန်ရေးသမား (The Tank Man or Unknown Rebel) | ၁၁၉ |

# နိဒါန်း

၁၉၀၁–၂၀၀၀ ခုနှစ်ဖြစ်သော နှစ်ဆယ်ရာစုနှစ်အတွက် ထူးခြားသောစက်မှုလက်မှု၊ ဆေးပညာအရဖြစ်စေ၊ လူမှုရေး၊ နိုင်ငံရေးအယူအဆနှင့်နိုင်ငံတကာ ပြောင်းလဲပြုပြင်မှုများစွာပေါ်ထွန်းခဲ့သည်။ လူမှုအသိုင်းအဝန်းအဖွဲ့အစည်းများ သည် ဤအချိန်ကာလအတောအတွင်း အခြေခံကျသောပြောင်းလဲမှုများကို ကြုံတွေ့ခဲ့ရသည်။

ထို့အတူ ကမ္ဘာ့ရာဇဝင်တွင်လည်း အဆိုးရွားဆုံးကမ္ဘာစစ်ပွဲနှစ်ပွဲ၊ တော်လှန်ရေး များစွာနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများစွာဖြစ်ပေါ်ခဲ့သည်။ သုတေသနပြုမှုတချို့ က ဤကာလတွင် စစ်ပွဲများ၌လူသန်း ၁၀၀ ကျော်သေဆုံးခဲ့ပြီး ၁၈ ရာစုနှစ်နှင့် ၁၉ ရာစုနှစ်ထက်အဆပေါင်း ၆ ဆမြင့်မားကြောင်းတွေ့ရမည်။ တစ်ချိန်တည်းမှာ ပင်ကမ္ဘာတဝှမ်းလုံးတွင် လူ့အခွင့်အရေးလှုပ်ရှားမှုနှင့်လွတ်လပ်ရေးအတွက်လှုပ် ရှားမှုရှိလာခဲ့သည်။

ဤစာအုပ်ထဲတွင် နှစ်ဆယ်ရာစုအတွင်း ကောင်းသည့်ဘက်ကဖြစ်စေ၊ ဆိုးသည့် ဘက်ကဖြစ်စေ အာဏာလွှမ်းမိုးခဲ့သောပုဂ္ဂိုလ် ၂၀ ဦး၏အကြောင်းကို ဖေါ်ထုတ် ရေးသားထားပါသည်။ ထိုင်းမဂ္ဂဇင်း၏ ၂၀ ရာစုအတွင်း ဩဇာလွှမ်းမိုးခဲ့သော ပုဂ္ဂိုလ် ၁၀၀ ဦးထဲမှ ၂၀ ဦးကိုထုတ်ဖေါ်၍ ရေးသားထားခြင်းဖြစ်ပါသည်။

“ကိုယ်ကခါးမကုန်းပေးလျှင်ဘယ်သူမှကိုယ့်ကျောပေါ်မတက်စီးနိုင်ပါဘူး။”
"A man can't ride your back unless it's bent."

“ဂျာမနီမှာဟစ်တလာလုပ်ခဲ့တာတွေဟာတရားဝင်တာချည်းပဲဆိုတာသတိရပါ။”
"Never forget that everything Hitler did in Germany was legal."

“ကျွန်ုပ်တို့ကကိုယ့်ရန်သူရဲ့စကားကိုသတိမရပေမဲ့ကိုယ့်မိတ်ဆွေရဲ့တိတ်ဆိတ်မှုကိုသတိရရမယ်။”
"We will remember not the words of our enemies, but the silence of our friends."

## မာတင်လူသာကင်း (၁၉၂၉–၁၉၆၈)



မာတင်လူသာကင်းဂျေအာ(ရ်) (Martin Luther King Jr.) သည်လူထုအခွင့်အရေးလှုပ်ရှားမှုများ၌ ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့ပြီး ထင်ရှားကျော်ကြားသောအမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ခဲ့သည်။

သူသည်ဇန်နဝါရီလ ၁၅ ရက်၊ ၁၉၂၉ ခုနှစ်တွင် ဂျော်ဂျီယာပြည်နယ်ရှိအတ္တလန်တာမြို့တွင်ဖွားမြင်သည်။ သူ၏ဖခင်နှင့်အဘိုးနှစ်ဦးစလုံးသည် နှစ်ခြင်းခရစ်ယာန်တရားဟောဆရာများဖြစ်ပြီး လူထုအခွင့်အရေးလှုပ်ရှားမှုများ၌လည်း တက်ကြွစွာလှုပ်ရှားပါဝင်ခဲ့သူများဖြစ်သည်။

ယခင်နာမည်မှာ မိုက်ကယ်(လ်)ဖြစ်ပြီး နောက်တွင်မာတင်ဟူ၍ပြောင်းလဲခေါ်ဆိုခဲ့သည်။ သူမွေးခါစတွင်သူ၏အဘိုးမှာ အတ္တလန်တာရှိ ဧဘေးနီးစါနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် သင်းအုပ်ဆရာဖြစ်ခဲ့သည်။ မာတင်အသက် ၂ နှစ်အရွယ်တွင် မာတင်၏ဖခင်မှသင်းအုပ်ဆရာရာထူးကိုဆက်ခံရရှိပြီး နှစ်ပေါင်းများစွာအမှုတော်ထမ်းခဲ့သည်။

သူငယ်လေးမာတင်သည် အသားအရောင်ခွဲခြားမှုရှိသော အမေရိကန်တောင်ပိုင်းတွင်ကြီးပြင်းလာခဲ့ရ သည်။ သူသည်အာဖရိကန်–အမေရိကန် (ကပ္ပလီ) ကလေးများတက်သောကျောင်းတွင်တက်ခဲ့ရသည်။ ထိုအချိန်တွင် လူမည်းကလေးများသည် လူဖြူကလေးများနှင့်ကျောင်းအတူတက်ခွင့်မရခဲ့ပေ။ မာတင်အသက် ၁၅ နှစ်အရွယ်တွင် အထက်တန်းကျောင်းအောင်မြင်ခဲ့ပြီး ကောလိပ်ဆက်တက်ခဲ့သည်။ သူ၏ဖခင်နှင့်အဘိုးခြေရာကိုနင်း၍ အတ္တလန်တာရှိအရေးကြီးသော မိုး(ရ်)ဟောက်(စ်)ကောလိပ် (Morehouse college) တွင်တက်ရောက်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင်လူမှုရေးဆိုင်ရာ (sociology) တွင်ဒီဂရီရရှိခဲ့သည်။ ထို့နောက်သူကမြောက်ပိုင်းရှိဖဲနီစလားဗနီးယါး(Pennsylvania) သို့သွားပြီး (Crozer Theological Seminary) ၌ဘာသာရေးပညာရပ်လေ့လာသင်ကြားခဲ့သည်။ ထိုကျောင်း၌ ပညာလေ့လာသင်ကြားနေစဉ် အိန္ဒိယနိုင်ငံ၏ဘာသာရေးခေါင်းဆောင်ဖြစ်သော မဟတ္တမဂန္ဒီ၏သင်ကြားမှုများကို လေ့လာဆည်းပူးခဲ့သည်။ မဟတ္တမဂန္ဒီ၏ရေးသားချက်များထဲတွင် အကြမ်းဖက်မှုကိုသုံးပြီးလူမှုရေးပြောင်းလဲမှုများကို မလုပ်နိုင်ကြောင်း သတိပေးထားသည်။ အထူးသဖြင့် ဂန္ဒီပြောခဲ့သောစကားဖြစ်သော "ကျွန်ုပ်တို့၏နာကျင်မှုများကြောင့် ယင်းတို့၏တရားမျှတမှုမရှိခြင်းများကို သိမြင်လာစေမည်" သည်မာတင်၏နှလုံးသားကိုထိခိုက်စေခဲ့သည်။ ဘာသာရေးကျောင်းတွင် အသားအရောင်ကွဲပြားသောလူမျိုးစုများပါဝင်ပြီး လူဖြူအများစုပါဝင်သောမာတင်၏အခန်းတွင် ယင်းအား ကျောင်းသားခေါင်းဆောင်အဖြစ်ရွေးချယ်တင်မြှောက်ကြသည်။ ၁၉၅၁ ခုနှစ်တွင် ဘာသာရေးဆိုင်ရာဒီဂရီကိုရရှိခဲ့ပြီးနောက် ဘော့စတန်တက္ကသိုလ်သို့ပြောင်းရွှေ့ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင်မှ ဘော့စတန်တက္ကသိုလ်၌ဒေါက်တာဘွဲ့ကိုရရှိခဲ့သည်။

ဘော့စတန်တွင်ပင် ယင်း၏ကြင်ယာဖော် ဖြစ်လာမည့် ခိုရေတာစကော့ (Coretta Scott) နှင့်တွေ့ဆုံခဲ့သည်။ သူမသည်စိတ်ဓါတ်ကြံ့ခိုင်ကာ စွမ်းအားနှင့်ပြည့်စုံပြီးလူထုအခွင့်အရေးများအပေါ် အလွန်ဂရုစိုက်သောမိန်းမဖြစ်ခဲ့ပေသည်။ မကြာမီတွင်ပင်မာတင်နှင့်ခိုရေတာတို့လက်ထပ်ပြီး သားနှစ်ယောက်သမီးနှစ်ယောက်စုစုပေါင်းသားသမီးလေးယောက်ထွန်းကားခဲ့ပါသည်။

ခိုရေတာစကော့နှင့်လက်ထပ်ထိမ်းမြားပြီးနောက် ကင်းသည် အယ်လ်ဘားမား၊ မောင်ဂိုမာရီရှိ Dexter Avenue နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ သင်းအုပ်ဆရာဖြစ်ခဲ့သည်။ မောင်ဂိုမာရီသည် အခြားတောင်ပိုင်းဒေသရှိမြို့များမှာကဲ့သို့ပင် ဘတ်(စ်)ကားများပေါ်တွင် ခွဲခြားမှုများရှိခဲ့ပါသည်။ ဒီဇင်ဘာလ ၁ ရက်နေ့ ၁၉၅၅ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သောအဖြစ်အပျက်ကို လူထုအုံကြွမှုဆီသို့ ဂယက်ရိုက်စေခဲ့သည်။ ထိုညနေတွင်လူလတ်ပိုင်းအရွယ်စက်ချုပ်သမားရိုစာပတ်(ခ်)သည် အလုပ်ခွင်မှမောပန်းစွာဖြင့်ပြန်လာသောကြောင့်ဘတ်(စ်)ကားပေါ်ရှိလူဖြူယောက်ျားတစ်ယောက်ကိုနေရာပေးရန်ငြင်းဆိုခဲ့သည်။ ဤအမှုဖြင့်ပင် ရိုစာပတ်(ခ်)ကိုဖမ်းဆီးချုပ်နှောင်ခဲ့သည်။

ရိုစာပတ်(ခ်)ကိုဖမ်းဆီးချုပ်နှောင်ပြီးသည့်နောက်ပိုင်း မာတင်လူသာကင်းနှင့်သူ၏ အပေါင်းအဖေါ်များသည် ဘတ်(စ်)ကားစီးရာတွင်ခွဲခြားမှုရှိခြင်းအပေါ် ဆန္ဒပြမှုများလုပ်ရန်ကူညီခဲ့သည်။ ဘတ်(စ်)ကားပေါ်တွင် ခရီးသည်များရောစီးခွင့်မရမချင်း လူဖြူများအား ဘတ်(စ်)ကားမစီးဘူးဟုငြင်းဆန်ရန် ဆုံးဖြတ်ခဲ့သည်။ ဤလှုပ်ရှားမှုကြောင့် ကင်းကိုဖမ်းဆီးလိုက်ကြပြီး သူ၏အိမ်ကိုလည်းပုံးဖောက်ပြီးမီးလောင်စေခဲ့သည်။ မောင်ဂိုမာရီဘတ်(စ်)ကားသပိတ်မှောက်ပွဲတွင် ပါဝင်ခဲ့သောအခြားလူများသည်လည်း စော်ကားမှုအမျိုးမျိုးနှင့်အဆုံးစီရင်မှုများ ခံစားရသော်လည်း သပိတ်မှောက်ပွဲမှာဆက်လက်လှုပ်ရှားဆဲပင်ဖြစ်သည်။

မောင်ဂိုမာရီတွင်ရှိသောလူမည်း ၁၇,၀၀၀ ယောက်သည် အလုပ်ကိုခြေလျင်သွား၍ဖြစ်စေ သို့မဟုတ် ကိုယ်ပိုင်ကားစီးသောလူမည်းလူမျိုးအနည်းစုမှဖြစ်စေ တစ်ခါတစ်ရံကားကြုံခေါ်သွားတတ်သည်။ ဤသို့ဖြင့် မောင်ဂိုမာရီဘတ်(စ်)ကားကုမ္ပဏီကဝင်ငွေများထိခိုက်၍တစ်ကြောင်း၊ အထက်လွှတ်တော်တရားရုံးက မောင်ဂိုမာရီဘတ်(စ်)ကားကုမ္ပဏီအားရောနှောကားစီးခြင်းကို လက်ခံရန်အတွက်ကြောင့် ၁၉၅၆ ခုနှစ်ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ဆန္ဒပြပွဲပြီးဆုံးသွားခဲ့သည်။

ဂရင်းစဘိုရို၊ မြောက်ကယ်ရိုလိုင်းနာရှိ လူမည်းကျောင်းသားအနည်းစုသည်ကင်း

၏သင်ခန်းစာများကိုဖတ်ပြီး သူတို့ကိုယ်တိုင်လှုပ်ရှားမှုများစလုပ်ရန်ဆုံးဖြတ်လိုက်ကြသည်။ ယင်းတို့နေရပ်တွင် ရှိသောကုန်တိုက်ကြီးထဲတွင် လူမည်းများကိုအစားအစာမရောင်းချပေးသော စားသောက်ဆိုင်တစ်ဆိုင်ထဲ၌ လူမည်းကျောင်းသားများသွား၍ဝင်ထိုင်ကြသည်။ ဤကဲ့သို့ဖြင့် တစ်စတစ်စဆိုင်ထဲ၌ရှိသောခုံလွတ်များအားလုံးထဲ၌ လူမည်းကျောင်းသားများဝင်ထိုင်ကြသည်။ ဤသို့လုပ်ခြင်းအားဖြင့် ယင်းတို့ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၌အရိုက်အနှက်ခံရသော်လည်း ကင်း၏သွန်သင်မှုအရယင်းတို့ဘာမှပြန်၍မလုပ်ချေ။ မကြာမီတွင် Deep South တွင်ရှိသောကျောင်းသားအားလုံး ဤကဲ့သို့လိုက်၍လုပ်ဆောင်ကြသည်။ ထို့ကြောင့်ခြောက်လအတွင်းတောင်ပိုင်းဒေသရှိ ၂၆ မြို့တွင်ရှိသောလူဖြူလူမည်းခွဲခြားဆက်ဆံသောစားသောက်ဆိုင်များ ပပျောက်သွားတော့သည်။ ဤကဲ့သို့ကျောင်းသားများနေရာယူပြီး ထိုင်ခုံများပေါ်ဝင်ထိုင်မှုကြောင့်ပြည်သူ့ဥယျာဉ်၊ ရေကူးကန်၊ ပြဇာတ်ရုံ၊ ဘုရားကျောင်း၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပင်လယ်ကမ်းခြေများ၌လည်းအောင်မြင်မှုရရှိသည်။

ကင်းသည် နိုင်ငံတစ်ဝှမ်းလှည့်လည်၍တရားဟောပွဲများကျင်းပကာ လူများကိုပြည်သူ့အခွင့်အရေးလှုပ်ရှားမှုများတွင် ပါဝင်လာရန်တိုက်တွန်းနှိုးဆော်ခဲ့သည်။ အကြမ်းမဖက်သောနည်းဖြင့် လူဖြူလူမည်းခွဲခြားသောနေရာများ၌ဝင်ထိုင်ခြင်း၊ မောင်ဂိုမာရီတွင်ပြုလုပ်ခဲ့သော စီးပွါးရေးသပိတ်မှောက်ခြင်းများပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

ကင်းကမဲပေးခြင်းမှာ အရေးကြီးကြောင်းအစဉ်အမြဲပြောကြားခဲ့သည်။ သူကအာကယ်၍အာဖရိကန်–အမေရိကန်များမဲပေးခွင့်ရရှိခဲ့လျှင် အမေရိကန်၏နိုင်ငံရေးလောကတွင်အရေးကြီးစွာဖြင့် တစ်တပ်အားပါဝင်စေမည်ဖြစ်သည်။ ယင်းတို့အနေဖြင့် လူနည်းစုများဖြစ်စေကာမူ မဲပေးခွင့်ကိုကောင်းကောင်းမွန်မွန်စီမံခန့်ခွဲနိုင်လျှင် ယင်းတို့သည် နိုင်ငံတော်သမ္မတနှင့်ပြည်နယ်အဆင့်ရွေးကောက်ပွဲများတွင် အရွေးချယ်ခံနိုင်ဖွယ်ရှိသည်။

တောင်ပိုင်းတွင် Ku Klux Klan* ကဲ့သို့သောအဖွဲ့များကလူမည်းများအားမဲမပေးရန်ဖိအားပေးမှုများပြုလုပ်ခဲ့သည်။ သာဓကအဖြစ်ဆိုရသော် ၁၉၆၀ ခုနှစ်မစ္စစပီပြည်နယ်တွင် လူဦးရေ ၄၂% မှာလူမည်းများဖြစ်သော်လည်း ၂% သာမဲပေးရန်နာမည်တင်သွင်းခဲ့ကြသည်။ ဒေသခံလူမည်းစုများအပေါ်ဥပဒေနှင့်အညီတရားစီရင်ခြင်းမပြုပဲ သေဒဏ်ပေးခြင်းများဖြင့်ကြောက်လန့်စေခဲ့သည်။ အဲမက်ထေး(လ်)ဆိုသောအသက် ၁၄ နှစ်အရွယ်ကျောင်းသားလေးတစ်ယောက်ကိုလူဖြူအမျိုးသမီးတစ်ယောက်အားလေချွန်သံပေးမိသဖြင့် တရားဥပဒေနှင့်တရားစီရင်ခြင်းမပြုဘဲသေဒဏ်ပေးခြင်းခံရသည်။ တစ်ချို့ကမူ လူမဲများကိုမဲပေးရန်နာမည်စာရင်းတင်သွင်းရန် တိုက်တွန်းမိသဖြင့် အဆုံးစီရင်ခြင်းခံကြရသည်။ ကင်းကမစ္စစပီပြည်နယ်တွင် မဲပေးရန်အတွက် နာမည်စာရင်းသွင်းရန် တိုက်တွန်းချက်များလုပ်ရာတွင် ကူညီခဲ့သော်လည်း တိုးတက်မှုအလွန်ပင်နှေးကွေးခဲ့ပါသည်။

၁၉၆၀ ခုနှစ်အမေရိကန်သမ္မတရွေးချယ်ရန်အတွက်မဲဆွယ်တရားဟောပွဲ၌ဂျွန်အက်(ဖ်)ကနေဒီ **(John F.Kennedy)** သည် ပြည်သူ့အခွင့်အရေးအက်ဥပဒေအသစ်လုပ်ရန်အတွက် ဟောကြားခဲ့သည်။ ရွေးကောက်ပွဲအပြီး လေ့လာတွေ့ရှိရသည်မှာအာဖရိကန်–အမေရိကန် ၇၀% မှာဂျွန်အက်(ဖ်)ကနေဒီအတွက်မဲထည့်ခဲ့ကြသည်။

ပြည်သူ့အခွင့်အရေးဥပဒေကြမ်းကို ၁၉၆၃ ခုနှစ်ကွန်ဂရက်တွင်တင်ပြခဲ့ပြီး ဂျွန်လ ၁၁ ရက်နေ့တွင်ရုပ်မြင်သံကြားအစီအစဉ်တွင် စကားပြောကြားခဲ့သောကနေဒီကဥပဒေကြမ်းကို အောက်ပါအတိုင်းထောက်ပြခဲ့သည်။ "အမေရိကန်ရဲ့ဘယ်ဒေသအစိတ်အပိုင်းမှာမဆို မွေးဖွါးတဲ့နီဂရိုးကလေးငယ်များဟာ နေ့တစ်နေ့တည်းနဲ့နေရာဒေသတစ်ခုအတွင်းမှာမွေးဖွါးတဲ့လူဖြူကလေးများရဲ့ ရာခိုင်နှုန်းတစ်ဝက်

---

* Ku Klux Klan ကေသုံးလုံးအသင်း – အမေရိကန်ပြည်နီဂရိုးဆန့်ကျင်ရေးအသင်း ဤအသင်းကို အမေရိကန်ကတောင်ပိုင်းတွင် တွေ့ရပြီးလူဖြူများကမျက်နှာဖုံးများနှင့်ဝတ်ရုံဖြူများဝတ်ဆင်သည်။

လောကသာတန်းမြင့်ကျောင်းအောင်မြင်ကြခြင်း၊ သုံးပုံတစ်ပုံမှာကောလိပ်ကျောင်းတက်ခွင့်ရှိခြင်း၊ သုံးပုံတစ်ပုံကအလုပ်အကိုင်နှင့်အတတ်ပညာရှိသူများဖြစ်လာခြင်း၊ နှစ်ပုံတစ်ပုံမှာအလုပ်လက်မဲ့ဖြစ်ခြင်း၊ ယင်းတို့၏သက်တမ်းမှာလူဖြူများထက်ခုနှစ်နှစ်နည်းခြင်းနှင့်လူဖြူများ၏ဝင်ငွေတစ်ဝက်သာရရှိသည်'' ဟူ၍ဖြစ်သည်။

ကနေဒီတင်သွင်းသောတရားဥပဒေကို ကွန်ဂရက်မှအသိအမှတ်ပြုရန် ကြိုးစားသွေးဆောင်ရန်အတွက် ကင်းနှင့်အခြားပြည်သူ့အခွင့်အရေးခေါင်းဆောင်တစ်ချို့ကအလုပ်အကိုင်နှင့်လွတ်လပ်ရေးရရှိရေးတို့အတွက် ဝါရှင်တန်၌ထင်ပေါ်ကျော်ကြားသောချီတက်ပွဲတစ်ခုကို ဦးဆောင်ကျင်းပခဲ့ပါသည်။ ၁၉၆၃ ခုနှစ်ဩဂုတ်လ ၂၈ ရက်နေ့၌ဝါရှင်တန်တွင် ကျင်းပသောအလုပ်အကိုင်နှင့်လွတ်လပ်ရေးအတွက်ချီတက်ပွဲ၌ အောင်မြင်မှုအကြီးအကျယ်ရရှိခဲ့သည်။ ချီတက်လာသောလူအုပ်ကြီးကိုခန့်မှန်းကြည့်မည်ဆိုလျှင် လူဦးရေ ၂၅၀၀၀၀ မှ ၄၀၀၀၀၀ ယောက်အထိရှိမည်ဖြစ်သည်။ ဤချီတက်ဟောပြောကြီးတွင် ပင်ကင်းက "I have a dream"ဆိုသည့်နောင်တွင်ထင်ပေါ်ကျော်ကြားလာသည့်မိန့်ခွန်းကို ဟောပြောခဲ့ပါသည်။

ကနေဒီ၏ပြည်သူ့အခွင့်အရေးဥပဒေကြမ်းကို ကွန်ဂရက်တွင်ဆွေးနွေးပြောဆိုနေဆဲမှာပင် ၁၉၆၃ ခုနှစ်နိုဝင်ဘာလတွင် အသုံးစီရင်ခြင်းခံရသည်။ ဤတွင်သမ္မတအသစ်ဖြစ်လာသူလင်းဒွန်ဘင်း(ခ်)ဂျွန်စန်ကဤတာဝန်ကိုဆက်လက်ထမ်းဆောင်ခဲ့သော်လည်း ဂျွန်စန်သည်ပြည်သူ့အခွင့်အရေးကဏ္ဍများ၌ နာမည်သိပ်မကောင်းခဲ့ချေ။ ဂျွန်စန်ကကွန်ကရက်တွင် အတိုင်းအတာတစ်ခုအထိဝင်ရောက်စွက်ဖက်နိုင်သည့်အာဏာကိုသုံး၍ တရားဥပဒေကိုအတည်ပြုနိုင်ခဲ့သည်။

၁၉၆၄ ခုနှစ်ပြည်သူ့အခွင့်အရေးအက်ဥပဒေ၌ အများပြည်သူနှင့်ဆိုင်သောနေရာများဖြစ်သည့်ရုပ်ရှင်ရုံ၊ စားသောက်ဆိုင်များနှင့်ဟိုတယ်များ၌ အသားအရောင်ခွဲခြားခြင်းမှာတရားဥပဒေကိုချိုးဖောက်သည်ဟု ပြဋ္ဌာန်းခဲ့သည်။ ထို့အတူအလုပ်ရှင်များကိုလည်းလူအားလုံးအပေါ်သာ တူညီမျှအလုပ်လုပ်ခွင့်ပေးရမည်ဟု လည်းပါ

ရှိသည်။ နိုင်ငံတော်ရန်ပုံငွေနှင့်အလုပ်လုပ်ဆောင်သောလုပ်ငန်းများတွင် လူတစ်ဦးတစ်ယောက်၏အသားအရေ၊ လူမျိုး သို့မဟုတ် နိုင်ငံအပေါ်အခြေခံသောခွဲခြားမှုများအပေါ် သက်သေအထောက်အထားရှိပါက ထိုရန်ပုံငွေများကို ရပ်ဆိုင်းပစ်နိုင်ပါသည်။

နောက်ပိုင်းကင်းကဖယ်ဒရယ်မဲပေးပိုင်ခွင့်အခွင့်အရေးဥပဒေထည့်သွင်းရေးအပေါ်အာရုံစူးစိုက်ခဲ့သည်။ ထိုအချိန်တွင် ပြည်နယ်တစ်ခုစီတွင် မည်သည့်ပြည်နယ်သူနယ်သားများအခွင့်အရေးပေးနိုင်သည် ဟူသောကန့်သတ်ချက်လုပ်နိုင်သည့်အခွင့်အရေးရှိသည်။ များသောအားဖြင့် တောင်ပိုင်းပြည်နယ်များတွင် အမေရိကန်လူမည်းများကို မဲပေးခွင့်မပေးချေ။ တောင်ပိုင်းဒေသရှိနိုင်ငံရေးသမားများကဆန့်ကျင်ကြသော်လည်း လွှတ်တော်အမတ်အများစုက (၃၃၃မဲ ၄၈ မဲ) ဖြင့်အနိုင်ရ၍မဲပေးပိုင်ခွင့်အက်ဥပဒေပြဋ္ဌာန်းရေးနှင့်ဆီးနိတ်လွှတ်တော်မှ (၇၇ မဲ ၁၉မဲ) ဖြင့်အနိုင်ရရှိ၍မဲဆန္ဒပေးနိုင်ခွင့်အက်ဥပဒေကိုပြဋ္ဌာန်းနိုင်ခဲ့သည်။ ဤတရားဥပဒေကနိုင်ငံတော်အစိုးရက ဒေသခံပြည်နယ်များကမဲပေးရန်အတွက်နာမည်စာရင်းတင်သွင်းမပေးသူများကို နာမည်စာရင်းများရေးမှတ်ပေးသည်။

ကင်းကဤအရေးကြီးသောတရားဥပဒေနှစ်ရပ်ကိုပြဋ္ဌာန်းနိုင်ရန် ကြိုးစားပြီးနောက်ဆင်းရဲသားများကိုကူညီရန် ကြိုးစားအားထုတ်ခဲ့ပါသည်။ ကင်းကလူမျိုးစုနှင့်စီးပွါးရေးအခွင့်အရေးများမှာနီးစပ်မှုရှိပြီး အမြဲတွန်တွဲနေသောကြောင့် ကင်းကပစ္စည်းဥစ္စာများကို လူအများအတွက်ဖြန့်ဖြူးပေးရန် လိုအပ်ကြောင်းဟောပြောခဲ့သည်။ ကင်းကအာဖရိကန်–အမေရိကန်များနှင့်ဆင်းရဲသားလူဖြူများမှရဲဘော်ရဲဖက်များဖြစ်ပြီး ယင်းတို့အတူတကွလက်တွဲလုပ်ဆောင်ပါက လူမှုအဖွဲ့အစည်းကိုပြောင်းလဲနိုင်ကြောင်းအားပေးတိုက်တွန်းခဲ့ပါသည်။ ကင်းကအာလ်ဘားမားရှိစဲလ်မာတွင်ဤသို့မိန့်ခွန်းပြောကြားခဲ့ပါသည်။ "လွန်ခဲ့တဲ့ ၁၂ နှစ်တုန်းကတို့တွေဟာပြန်လည်ပြုပြင်ရေးလှုပ်ရှားမှုတွေမှာပါဝင်ခဲ့ပြီး (ဒါပေမဲ့အခု) တို့တွေဟာခေတ်အသစ်တစ်ခုရောက်လာပြီး၊ ဒီခေတ်အသစ်ကိုတော်လှန်ရေးခေတ်လို့ခေါ်ရမယ်" မိမိ၏ကြီးထွားလာသော အခြေခံကျကျတစ်ဖက်စွန်းစိတ်ကို လှစ်ဟပြသခဲ့ပါသည်။

၁၉၆၇ ခုနှစ်ဧပြီလ ၃ ရက်နေ့တွင် မာတင်လူသာကင်းဂျေအာ(ရ်)မှ အဘယ် ကြောင့်ဗီယက်နမ်စစ်ပွဲကိုဆန့်ကျင်ရသည့်အကြောင်းများကို ဖေါ်ပြထားပါသည်။ ဤမိန့်ခွန်းကိုပြောပြီးသည့်နောက် ဩဇာလွှမ်းမိုးမှုရှိသောပုဂ္ဂိုလ်တစ်ချို့က ကင်း ကို ၁၉၆၈ ခုနှစ်သမ္မတရွေးကောက်ပွဲတွင် တတိယပါတီအဖြစ်ဝင်ရောက်ပါဝင်ရန် တိုက်တွန်းနိုးဆော်ကြသည်။ ကင်းကဤအကြံပေးချက်ကိုပယ်ချခဲ့သော်လည်းဗီ ယက်နမ်စစ်ပွဲအပေါ် ဆန့်ကျင်လှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကင်း ကဗီယက်နမ်စစ်ပွဲအပေါ် ဆန့်ကျင်သောကြောင့်မိန့်ခွန်းများစတင်ပြောခဲ့သဖြင့် အစိုးရကယင်းအပေါ်မနှစ်သက်လိုမှုများရှိခဲ့သည်ကိုတွေ့ရမည်။

မတ်လ ၂၈ ရက်နေ့ ၁၉၆၈ ခုနှစ်တွင် ကင်းကအလုပ်သမားအခွင့်အရေးအတွက် ကူညီရန်မင်းဖိ(စ်) **(Memphis)** ရှိဆန္ဒပြပွဲကို ကိုယ်တိုင်ဦးဆောင်ချီတက်ခဲ့သည်။ ချီတက်ပွဲဦးဆောင်သူများကချီတက်သူများကို အကြမ်းဖက်မှုလုပ်ငန်းများရှောင် ကျဉ်ရန်အမိန့်ပေးသော်လည်း လူငယ်တစ်စုများမှာ လမ်းညွှန်ချက်များကိုနားမ ထောင်ပဲ မြို့တော်ခန်းမသို့ချီတက်ရာလမ်းတစ်လျှောက်ရှိဆိုင်များကို ဖျက်ဆီးပစ် ခဲ့သည်။ အသက် ၁၆ နှစ်အရွယ်သာရှိသေးသောလာရီဖင်း **(Larry Payne)**ဟု သောကောင်ကလေးတစ်ယောက်ကိုပုလိပ်ကလုယက်သူအဖြစ်စွပ်စွဲပြီး ပစ်သတ် ခဲ့သည်။ သို့သော်မျက်မြင်သက်သေများက လာရီကိုပုလိပ် များပစ်သတ်ချိန်တွင် သူ၏လက်ကိုမြှောက်ထားသည်ဟုပြောကြသည်။

ကင်းကချီတက်ပွဲတွင် ထိုသို့အကြမ်းဖက်မှုလုပ်ရပ်များဖြစ်ရခြင်းမှာ အစိုးရ၏ရန်စ လှုံ့ဆော်သူများဖြစ်သည်ဟု အခိုင်အမာယုံကြည်ခဲ့သည်။ ထိုညကကင်းကသူ၏ နာမည်ကျော်ကြားဆုံးမိန့်ခွန်းဖြစ်သော "ကျွန်တော်တို့တောင်ထိပ်ပေါ်ရောက်ခဲ့ တယ်" ဟူသောမိန့်ခွန်းကို မိန့်ကြားခဲ့သည်။ သူ့မိန့်ခွန်းကို ဤသို့အဆုံးသတ်ခဲ့ သည်။ "ဒီနေ့ကစပြီး ဘာတွေဖြစ်လာမလဲဆိုတာမသိပါဘူး။ ဒါပေမဲ့အရှေ့မှာခက် ခဲတဲ့နေ့ရက်တွေရှိနေလိမ့်မယ်။ ဒါပေမဲ့ဒီအရာတွေဟာ ကျွန်တော့်အတွက်ဘာမှမ ဖြစ်လောက်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တောင်ထိပ်ကိုရောက် ခဲ့ပြီး။ တောင်ပေါ်ကလှမ်းကြည့်လိုက်တဲ့အခါ ကတိပေးထားတဲ့နယ်မြေကို တွေ့ရ

တယ်။ ဒီနယ်မြေမှာ ခင်ဗျားတို့နဲ့အတူမရောက်ကောင်းမရောက်နိုင်ဘူး။ ဒါပေမဲ့ ခင်ဗျားတို့အားလုံးကိုသိစေချင်တာက တို့တွေလူမျိုးစုတစ်ခုလုံးအနေနဲ့ဒီကတိပေးထားတဲ့မြေကို ရောက်မှာမုချဖြစ်တယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါ့ကြောင့် လဲကျွန်တော်တကယ်ပျော်ပါတယ်။”

နောက်တစ်နေ့မှာပဲကင်းက သူ့ရဲ့ဟိုတယ်လေသာဆောင်မှာ ရပ်နေတုန်းအပစ်သတ်ခံခဲ့ရတယ်။ သူသေဆုံးသွားသည့်နောက်ဆက်တွဲအဖြစ်မြို့ ၁၂၅ မြို့တွင်ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်လာပြီး လူလေးဆယ်ခြောက်ယောက်အသတ်ခံခဲ့ရသည်။ နှစ်လအကြာတွင်ဂျိမ်းအယ်(လ်)ရေး (James Earl Ray) ဆိုသည့် သူကိုလန်ဒန်မြို့တွင်ဖမ်းဆီးပြီး အမေရိကန်သို့ပို့လိုက်သည်။ ထိုသူအားကင်းကိုလုပ်ကြံမှုအတွက်ထောင်ထဲကိုးဆယ့်ကိုးနှစ်ချလိုက်သည်။

မာတင်လူသာကင်းအသတ်ခံရသည့်အပေါ် စုံစမ်းထောက်လှမ်းမှုများများစွာပြုလုပ်ခဲ့ပြီး အမေရိကန်အစိုးရနှင့်အက်ဖ်ဘီအိုင် (FBI) တို့မှ ယင်းလုပ်ကြံမှု၏နောက်ကွယ်တွင်ရှိသည်ဟု ထင်မြင်ချက်ရှိကြသည်။ အခြားစိတ်ဝင်စားစရာအချက်တစ်ခုမှ ဂျိမ်းကိုလန်ဒန်တွင်သဲလွန်စရှာ၍ဖမ်းဆီးခဲ့သူမှာ အက်ဖ်ဘီအိုင်မဟုတ်ဘဲကနေဒါပုလိပ်များဖြစ်သည်ကိုသိရှိရသည်။

၁၉၈၈ ခုနှစ်တွင် ထောင်ထဲတွင်အကျဉ်းချခံနေရသောဂျိမ်းကို ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့ရာတွင်သူက FBI အေးဂျင့်များက သူ့ကိုကင်းအားသတ်ရန်ဝန်ခံခိုင်းပြီး အကယ်၍ဝန်မခံပါက သူ၏ဖခင်နှင့်ညီအစ်ကိုတစ်ယောက်ကိုထောင်ထဲချမည်ဟုခြိမ်းခြောက်ခဲ့သည်ကိုပြောခဲ့သည်။ ဂျိမ်းကသူကို FBI ကကင်းအားသတ်ဖြတ်မှုအတွက်အကွက်ဆင်ဖမ်းခဲ့သည်ဟုဆိုသည်။

၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကွန်ဂရက်က အမေရိကန်၏ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုခေါင်းဆောင်များထဲမှ တစ်ယောက်ဖြစ်သည့်မာတင်လူသာကင်းကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီလတတိယပတ်တနင်္လာနေ့ကို မာတင်လူသာကင်းနေ့ဟုသတ်မှတ်ခဲ့သည်။

"ကျွန်တော်တို့တိုင်းပြည်မှာထောင်ကျခံရပြီးတဲ့နောက်မှာသမ္မတဖြစ်လာမှာဖြစ်တယ်။"
"In my country we go to prison first and then become President."

"ဘဝမှာဂုဏ်ယူစရာအကောင်းဆုံးဟာ တစ်ခါမှမလဲကျတာမဟုတ်ဘူး။
ဒါပေမဲ့ကိုယ်လဲကျတဲ့အခါတိုင်းပြန်ထခြင်းဖြစ်တယ်။"
"The Greatest glory in living lies not in never falling,
but in rising every time we fall."

"တစိတ်တဒေသလွတ်လပ်မှုဆိုတာမရှိဘူး။"
"There is no such thing as part freedom."

## နယ်လဆင်မင်ဒဲလား (၁၉၁၈ –     )



နယ်လဆင်မင်ဒဲလား (Nelson Mandela) သည်လူဖြူလူမည်းခွဲခြားရေးဝါဒရှိသော တောင်အာဖရိကနိုင်ငံကို လူမျိုးပေါင်းစုံရှိသော ဒီမိုကရေစီနိုင်ငံအဖြစ်ပြောင်းလဲရန်အတွက် ဦးဆောင်ခဲ့သူဖြစ်ပါသည်။ သူသည် ၂၇ နှစ်ကြာထောင်သွင်းအကျဉ်းချခံခဲ့ရပြီးနောက် သူ၏တိုင်းပြည်၌ ပထမဦးဆုံးလူမဲသမ္မတဖြစ်ခဲ့သည်။

ရိုလီလာလာမင်ဒဲလားသည် ၁၉၁၈ ခုနှစ်ဇူလိုင်လ ၁၈ ရက်နေ့တွင် လူမည်းတို့၏မွေးရပ်မြေဖြစ်သောထရန်စကီ (Transkei) တွင်မွေးဖွားခဲ့သည်။ သူ၏ဖခင်ဟင်နရီမှာ သင်ဘူနန်းမျိုးနန်းနွယ် (Thembu Royal Family) ၏အလေးစားခံရသောအကြံပေးပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ သူ၏နာမည်ဖြစ်သောရိုလီလာလာ၏အဓိပ္ပါယ်မှာ "ဒုက္ခပေးသူ" ဟုအဓိပ္ပါယ်ရသည်။ ထို့ကြောင့် သူ၏မူလတန်းကျောင်းဆရာကသူ့နာမည်ကို နယ်လဆင်ဟုပြောင်းခေါ်ခဲ့သည်။

မင်ဒဲလား၏ငယ်စဉ်ဘဝတွင် ငြိမ်းချမ်းစွာနေထိုင်ခဲ့ရပြီး များသောအားဖြင့်နွားကျောင်းခြင်းနှင့်အိမ်အလုပ်များကိုလုပ်ရသည်။ သို့သော်သူ၏ဖခင်ကွယ်လွန်

သွားပြီးသည့်နောက် သင်ဘူမျိုးနွယ်အတွက် ကိုယ်စားအုပ်ချုပ်ရေးတာဝန်ယူရသော ဩဇာလွှမ်းမိုးမှုရှိသည့်ဆွေမျိုးတစ်ယောက်နှင့်သွားနေရသည်။ သို့သော်လည်း ဖော့(တ်)ဟဲ(ရ်) (Fort Have) သာသနာပြုကောလိပ်ကျောင်းမှထွက်သွားပြီးနောက် ကျောင်းသားများ၏လူဖြူကိုလိုနီအုပ်ချုပ်ရေးအပေါ် ဆန္ဒပြခြင်းများတွင်ပါဝင်ခဲ့သည်မှစ၍ မိမိ၏ကိုယ်ပိုင်လွတ်မြောက်ရေးနှင့်အမျိုးသားလွတ်မြောက်ရေးအတွက် လှုံ့ဆော်မှုခရီးရှည်ကိုစတင်ခဲ့သည်။

မင်ဒဲလားသည် ၁၉၄၂ ခုနှစ်တွင် ဝိဝါတား(စ်)ရဲန်တက္ကသိုလ် (University of Witwatersrand) တွင်ဥပဒေဘာသာဖြင့်အောင်မြင်ခဲ့သည်။ သူသည်အာဖရိကန်အမျိုးသားကွန်ကရက်–African National Congress (ANC) ၏လုပ်ငန်းများတွင်ပါဝင်လှုပ်ရှားမှုများတိုးပွားလာခဲ့သည်။ ANC သည်လူမျိုးပေါင်းစုံမှ တောင်အာဖရိကနိုင်ငံသို့ နိုင်ငံရေးအရပြောင်းလဲမှုများရှိလာအောင် လှုပ်ရှားဆောင်ရွက်သောအဖွဲ့အစည်းဖြစ်သည်။

၁၉၄၈ ခုနှစ်တွင် အမျိုးသားပါတီကအာဏာရရှိပြီး “လူဖြူလူမည်းခွဲခြားရေးဝါဒ” ပေါ်လစီကို စတင်အကောင်အထည်ဖော်ခြင်း သို့မဟုတ် လူမျိုးရေးအပေါ်မူတည်၍သီးသန့်ခွဲခြားခြင်းများကို အတင်းအကြပ်လုပ်ဆောင်ခဲ့သည်။ ANC ကမူ ဤလူမျိုးခွဲခြားရေးဝါဒအပေါ် ဆန့်ကျင်ရေးလှုပ်ရှားမှုလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မင်ဒဲလားက ANC ၏လက်ထောက်ဥက္ကဋ္ဌတစ်ယောက်ဖြစ်ခဲ့သည်။ ၁၉၅၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် အစိုးရ၏ဖိနှိပ်ဆက်ဆံမှုများပြားလာသောကြောင့် မင်ဒဲလားနှင့်သူ၏သူငယ်ချင်းအိုလီဗာထမ်ဘို (Oliver Tam--bo) နှင့်အခြားသူတို့က ANC ကိုပို၍အခြေခံကျသော ပြောင်းလဲမှုများဘက်သို့ ဦးတည်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မင်ဒဲလားကို တိုင်းပြည်အပေါ်သစ္စာဖေါက်မှုဖြင့်စွပ်စွဲခဲ့ပြီး ထောင်ထဲတွင် ငါးနှစ်ကျပြီးနောက်တရားသေလွှတ်ပေးခဲ့သည်။

၁၉၆၀ ခုနှစ်မတ်လတွင် လူဖြူလူမည်းခွဲခြားရေးဝါဒကို ဆန့်ကျင်သောလူမည်း ၆၉ ယောက်အား ပုလိပ်များက ရှပ်ဖဲဗီးလ် (Sharpeville) တွင်သတ်ဖြတ်လိုက်

သည်။ အစိုးရက တိုင်းပြည်တွင်းအရေးပေါ် အခြေအနေထုတ်ပြန်ပြီး ANC ကိုပိတ်ဆို့ခဲ့သည်။ ဤအချက်ကိုတုံ့ပြန်သည့်အနေနှင့် ANC က အကြမ်းမဖက်ရေးပေါ်လစီကိုစွန့်ပယ်၍ မင်ဒဲလားက ANC အတွက် "Umkhonto we Zizwe" သို့မဟုတ် "The Spear of the Nation–တိုင်းပြည်၏လှတ" ဟုခေါ်သည့်လက်နက်ကိုင်တပ်ဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ထို့နောက် သူ့ကိုဗိုလ်ချုပ်မှူးကြီးအဖြစ်ခန့်အပ်ခြင်းခံရပြီးနောက် စစ်သင်တန်းတက်ခွင့်ရရန်နှင့် ANC အတွက်အထောက်အပံ့များရှာဖွေရန်အတွက် နိုင်ငံခြားတိုင်းပြည်များသို့ခရီးထွက်ခဲ့သည်။

သူ့နိုင်ငံသို့ပြန်လာသည့်အချိန်တွင်အဖမ်းခံရပြီး အကျဉ်းထောင်ထဲ ငါးနှစ်အကျဉ်းချအမိန့်ပေးခံခဲ့ရသည်။ ၁၉၆၃ ခုနှစ်တွင် မင်ဒဲလားနှင့်အခြားသော ANC ခေါင်းဆောင်များအစိုးရကို အကြမ်းနည်းဖြင့်ထုတ်ပယ်ရန် လျှို့ဝှက်အကြံအစည်များရေးဆွဲခဲ့သည်။ နောင်တစ်နှစ်မှာပင် မင်ဒဲလားကို တစ်သက်တစ်ကျွန်းကျရန်အမိန့်ပေးခဲ့သည်။ ထို့အတွက် သူကဤအမိန့်အတွက် မိမိကိုယ်ကိုခုခံကာကွယ်သောနိဂုံးချုပ်စကားမှာ အောက်ပါအတိုင်းဖြစ်သည်။

"ကျွန်တော်ရဲ့ဘဝသက်တာတစ်ခုလုံးကို အာဖရိကန်လူမျိုးတွေရဲ့လှုပ်ရှားမှုတွေထဲမှ နှစ်မြှုပ်ထားပါတယ်။ ကျွန်တော်ဟာ လူမ်းမိုးချုပ်ကိုင်တဲ့လူဖြူတွေကို တော်လှန်တိုက်ခိုက်သလို လူမည်းအုပ်စိုးသူတွေကိုလည်း တော်လှန်တိုက်ခိုက်မှာဖြစ်တယ်။ ကျွန်တော်ဟာ ဒီမိုကရေစီနဲ့လူတွေအားလုံးသဟာဇာတဖြစ်အောင် နေထိုင်ပြီး အခွင့်အရေးသာ တူညီမှုရရှိတဲ့ လွတ်လပ်တဲ့လူ့မှုအဖွဲ့အစည်းအတွေးအခေါ်ပုံစံကို လိုချင်တာဖြစ်တယ်။ ဒီအတွေးအခေါ်ကို ကျွန်တော်က ဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ချင်တာဖြစ်တယ်။ ဒါပေမဲ့လိုအပ်လာရင် ဒီအတွေးအခေါ်နဲ့လဲကိုယ့်အသက်ပေးပြီးစတေးနိုင်ပါတယ်။"

သူ့ကိုခိပ်ထောင်း (Cape Town) ကမ်းရိုးအပြင်ဘက်၌ရှိသော ရော့ဘင်ကျွန်းမှာထောင်သွင်းအကျဉ်းချပြီး နောက်ဆုံးပြည်မထဲမှာ ရှိတဲ့ဖိုးလ်စမိုးအကျဉ်းထောင်ထဲသို့ပြောင်းရွှေ့ခဲ့သည်။ သူထောင်ထဲကျနေစဉ်အတွင်း သူသည်နိုင်ငံတကာလူ

ဖြူလူမည်းခွဲခြားမှုကို ဆန့်ကျင်သည်ဟုအမှတ်အသားတခုဖြစ်လာသည်။

ထောင်ထဲတွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ကျခံပြီးနောက် မင်ဒဲလားက တစ်ချို့သော အရေးကြီးသည့်အရေးကိစ္စများတွင် ခေါင်းဆောင်ကဆုံးဖြတ်ချက်များကို ကိုယ်တိုင်ချရမည်ဟုအခိုင်အမာယုံကြည်သည့်အတွက် နည်းလမ်းအသစ်တစ်ခုကိုသုံးရန်ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ဒုက္ခခံကြိုးစားမှုများကြောင့် ကမ္ဘာပေါ်တွင်နာမည်အကြီးဆုံးအ ကျဉ်းသားကိုဦးဆောင်၍ သမ္မတရုံးတွင်တွေ့ဆုံဆွေးနွေးပွဲကို လျှို့ဝှက်စွာကျင်းပခဲ့သည်။ ထိုအခြေအတင်ဆွေးနွေးပွဲတွင် သူ့ကိုလွှတ်ပေးရန်သာမက နိုင်ငံထဲရှိလူဖြူလူမည်းခွဲခြားရေးစနစ်ကို ဒီမိုကရေစီစနစ်သို့ပြောင်းလဲရန်ကြိုးစားခဲ့သည်။ ၁၉၉၀ ခုနှစ်ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်တောင်အာဖရိကအစိုးရမှပြည်တွင်းပြည်ပဖိအားပေးမှုများကို တုံ့ပြန်ခြင်းအားဖြင့် မင်ဒဲလားကို လွှတ်ပေးလိုက်ပြီးသည့်တစ်ပြိုင်နက် ANC အပေါ် ပိတ်ဆို့မှုကိုလဲ ရုပ်စဲလိုက်သည်။ ၁၉၉၁ ခုနှစ်တွင်မင်ဒဲလားက ANC ၏ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။

၁၉၉၃ ခုနှစ်တွင် မင်ဒဲလားကို ထိုအချိန်ကတောင်အာဖရိက၏သမ္မတဖြစ်သော FW De Klerk နှင့်တွဲဖက်၍ နိုဘယ်လ်ငြိမ်းချမ်းရေးဆုကိုချီးမြှင့်ခဲ့သည်။ နောက်ဆက်တွဲနှစ်မှာပင် တောင်အာဖရိကသည် ယင်း၏ပထမဦးဆုံးလူမျိုးပေါင်းစုံရွေးကောက်ပွဲကျင်းပပြီး မင်ဒဲလားကိုတောင်အာဖရိက၏ပထမဦးဆုံးလူမည်းသမ္မတအဖြစ်ရွေးချယ်လိုက်သည်။ ၁၉၉၈ ခုနှစ် ဂရေးစာမက်ချဲ(လ်) (Graca Machel)နှင့် တတိယအကြိမ်လက်ထပ်လိုက်သည်။ သူမသည်ကွယ်လွန်သွားပြီးဖြစ်သည့်မိုဇမ်ဘစ်သမ္မတ၏ဇနီးသည်ဖြစ်သည်။ မင်ဒဲလားနှင့် ၁၉၅၈ ခုနှစ်တွင် လက်ထပ်ပြီး ၁၉၉၆ ခုနှစ်တွင်ကွာရှင်းခဲ့သည့်ဒုတိယဇနီးသည်ဖြစ်သော ဝင်နီသည် လူဖြူလူမည်းခွဲခြားမှု ဆန့်ကျင်ရေးလှုပ်ရှားသူတစ်ဦးအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် သူ၏သမ္မတသက်တမ်းမှာလည်းကုန်ဆုံးသွားခဲ့သည်။

မင်ဒဲလားသည် အထူးသဖြင့်အိပ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ်ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် အခြားလှုပ်ရှားမှု များတွင်လည်း တစ်တပ်တစ်အားဆက်လက်၍ ကူညီ

ပံ့ပိုးခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မင်ဒဲလားမှပြည်သူလူထုအရှေ့တွင် လှုပ်ရှားမှုများမှ ရပ်နားတော့မည်ဖြစ်ကြောင်းကြေငြာပြီး တဖြည်းဖြည်းလူစုရှေ့တွင် သူ့ကိုတွေ့ရမှု နည်းလာလေသည်။

ဇူလိုင်လ ၁၈ ရက် ၂၀၀၇ ခုနှစ်တွင်နယ်လဆင်မင်ဒဲလား၊ ဂရေးစာမက်ချဲ(လ်)နှင့် ဒက်စမွန်တူးတူးတို့သည် ကမ္ဘာပေါ်ရှိ သက်ကြီးရွယ်အိုများအဖွဲ့အစည်းအဝေးကို ဂျိုဟန်နီဘတ် **(Johannesburg)** တွင်ခေါ်ယူ၍ မိမိတို့၏အတတ်ပညာနှင့်လွတ်လပ်သော ခေါင်းဆောင်နိုင်မှုတို့ကိုအသုံးချ၍ ကမ္ဘာကြီး၏အခက်ခဲဆုံးပြဿနာများကို ကူညီဖြေရှင်းရန်ရည်ရွယ်ခဲ့သည်။ နယ်လဆင်၏အသက် ၈၉ နှစ်မြောက် မွေးနေ့တွင် နယ်လဆင်က သူ၏ "The Elders"–သက်ကြီးရွယ်အိုများ–ဟူသောအဖွဲ့သစ်ကို တည်ထောင်လိုက်ကြောင်းကြေငြာခဲ့သည်။

"ဒီအဖွဲ့ဟာ သူတို့ရဲ့အမြင်ကို လွတ်လပ်စွာနဲ့ရဲရင့်စွာထုတ်ဖော်ပြောမှာဖြစ်ပြီး လူစုအရှေ့မှာပဲဖြစ်စေ၊ နောက် ကွယ်မှာပဲဖြစ်စေ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေကို ပြုလုပ်မှာဖြစ်တယ်။ ကျွန်တို့တတွေလက်တွဲပြီး ကြောက်ရွံ့မှုတွေနဲ့ပြည့်စုံတဲ့နေရာတွေမှာ ရဲရင့်တဲ့စိတ်တွေရှိလာအောင်၊ ပဋိပက္ခရှိတဲ့နေရာမှာသဘောတူညီမှုတွေရှိလာအောင်နဲ့ စိတ်ဓါတ်ကျတဲ့နေရာမှမျှော်လင့်ချက်တွေရှိလာအောင် အားပေးတိုက်တွန်းပေးမှာဖြစ်ပါတယ်။" ဟူ၍ပြောကြားခဲ့သည်။

ဩဂုတ်လ ၂၉ ရက် ၂၀၀၇ ခုနှစ်တွင် နယ်လဆင်မင်ဒဲလားရုပ်တုကို လန်ဒန်မြို့ရှိပါလီမန်စကွဲတွင်စိုက်ထူခဲ့ပါသည်။

"ဟုတ်တယ်၊ တတ်နိုင်တယ် လို့ပြောနိုင်ဖို့အာဏာမရှိတဲ့လူတွေကို
'မဟုတ်ဘူး၊ မတတ်နိုင်ဘူး' လို့ပြောခွင့်မပေးပါနဲ့။"
"Never allow a person to tell you 'no' who doesn't have
the power to say yes."

"သင်သဘောမတူပဲနဲ့ သင့်ကိုဘယ်သူမှကိုယ့်ကိုကိုယ်အထင်သေးအောင်မလုပ်နိုင်ဘူး။"
"No one can make you feel inferior without your consent."

"ကမ္ဘာပေါ်မှာ မုန်းတီးခြင်းနဲ့အတင်းအကြပ်ခိုင်းစေခြင်းတို့ဟာ သီးသန့်ရှိနေပြီး
အခြားအရာတွေပေါ်မှာ သက်ရောက်မှုမရှိဘူးဆိုတာမဖြစ်နိုင်ပါဘူး။"
"Hate and force cannot be in just a part of the world without
having an effect on the rest of it."

## အဲလီနိုရုစဘဲ့ (၁၈၈၄–၁၉၆၂)



အမေရိကန်သမ္မတဖရန့်ကလင်းရုစဘဲ့၏ဇနီးနှင့် နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သော အဲလီနိုရုစဘဲ့ (Eleanor Roosevelt) သည် ပြည်သူ့အခွင့်အရေးနှင့် အမျိုးသမီးလှုပ်ရှားမှုလုပ်ငန်းများတွင် ရှေ့ဆုံးမှဦး ဆောင်ပါဝင်ခဲ့သူ တစ်ဦးဖြစ်သည်။

အဲလီနိုရုစဘဲ့သည် ၁၈၈၄ခုနှစ်အောက်တိုဘာလ ၁၁ရက်နေ့တွင် နယူးယောက်စီတီးမြို့၌ ဖွားမြင်ခဲ့သည်။ သူမ၏ဖခင် ဧလီယက်ရုစဘဲ့ (Elliott Roosevelt) သည် ယခင် (၁၉၀၁–၁၉၀၉) တွင် သမ္မတဖြစ်ခဲ့ဖူးသော သီအိုဒိုရုစဘဲ့ (Theodore Roosevelt) ၏ညီအစ်ကိုဖြစ်သည်။

အဲလီနိုအသက်ရှစ်နှစ်အရွယ်တွင် သူမ၏မိခင်မှာ ဆုံဆို့နာနှင့်သေဆုံးသွားခဲ့ပြီး သူမနှင့်အခြားအစ်ကိုနှင့်မောင်များကို မိခင်ဘက်မှအဖွားဖြစ်သော မာရီလတ်လိုဟော(လ်) (Mary Ludlow Hall) နှင့်သွားနေစေခဲ့သည်။ အဲလီနိုအသက်ဆယ်နှစ်ပြည့်သည့်အချိန်တွင် သူမ၏ဖခင်မှာ အရက်အလွန်အကျွံသောက်သည့်ရောဂါကြောင့် သေဆုံးသွားခဲ့သည်။ ဤအချိန်မှစ၍ သူမသည်လည်း မိဘမဲ့ကလေး

ဖြစ်လာခဲ့ရသည်။

၁၈၉၉ ခုနှစ်ဆောင်းဦးရာသီတွင် သူမ၏အဒေါ်တစ်ယောက်၏အားပေးမှုဖြင့် အဲလီနိုကို "Allenwood Academy" ဟုခေါ်သော မိန်းကလေးကျောင်းသို့ ပို့ဆောင်ခဲ့သည်။ ထိုကျောင်းရှိကျောင်းအုပ်ဆရာမကြီးမှာ အမျိုးသမီးငယ်လေးများအား လွတ်လပ်စွာတွေးခေါ်တတ်ရန် ပြုစုပျိုးထောင်ပေးခဲ့သည်။ အဲလီနိုက ထိုကျောင်းတွင် ပြင်သစ်ဘာသာကိုထူးချွန်စွာလေ့လာသင်ယူခဲ့ပြီး မိမိကိုယ်ကိုယုံကြည်ခြင်းများလည်း တိုးပွါးလာခဲ့သည်။

ကျောင်းပြီးသည့်အခါ အဲလီနိုကလူမှုရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် သူမ၏ဝမ်းကွဲဖြစ်သည့်ဖရန့်ကလင်းဒီရုစဘဲ့ (Franklin D. Roo--sevelt) နှင့်လက်ထပ်ခဲ့သည်။ သူမ၏ခင်ပွန်းသည်ကဲ့သို့ပင် ဒီမိုကရေစီဝါဒကိုယုံကြည်သူဖြစ်ပြီး နိုင်ငံရေးဖက်တွင် စိတ်ပါဝင်စားခဲ့သည်။ ၁၉၀၆ နှင့် ၁၉၁၆ ခုနှစ်အတွင်း ရုစဘဲ့မိသားစုမှကလေးခြောက်ယောက်ထွန်းကားခဲ့ပြီး တစ်ယောက်မှာ မူမွေးခါစတွင်သေဆုံးသွားခဲ့သည်။

၁၉၁၃ ခုနှစ်တွင် သမ္မတဝုဒရိုဝီလ်ဆင် (Woodrow Wilson) က ဖရန့်ကလင်းဒီရုစဘဲ့ကို ရေတပ်၏လက်ထောက်အတွင်းရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ရုစဘဲ့သည် ပထမကမ္ဘာစစ်အတွင်း ထိုတာဝန်ကိုဆောင်ရွက်ခဲ့သည်။ အဲလီနိုကစစ်ပွဲအတွင်း ကြက်ခြေနီအဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ပထမကမ္ဘာစစ်အပြီးတွင် "Western Front" ဒေသများ၌ လှည့်လည်ခဲ့သည်။

၁၉၂၁ ခုနှစ်နွေရာသီတွင် ဖရန့်ကလင်းဒီရုစဘဲ့မှ အကြီးအကျယ်နေမကောင်းဖြစ်ခဲ့သည်။ နောင်တွင် သူခံစားရသောရောဂါမှာ ပိုလီယိုရောဂါဖြစ်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။ သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံးနီးပါး အကြောသေသွားပြီး သူ၏ခြေထောက်များကို အသုံးပြု၍မရတော့ချေ။ သူနာမကျန်း ဖြစ်သည့်တစ်လျှောက်လုံးတွင် အဲလီနိုကသူ့ကို ပြုစုစောင့်ရှောက်ခဲ့ပြီး အားအင်အသစ်များပြန်လည်ရရှိလာပြီး နိုင်ငံရေးလောကထဲပြန်ဝင်နိုင်ရန် ကူညီပေးခဲ့သည်။

အဲလီနိုကနိုင်ငံရေးတွင် တက်ကြွစွာလှုပ်ရှားပါဝင်ပြီး အမျိုးသမီးမဲထည့်သူများ၏ အသင်း **(League of Women's Voters),** အမျိုးသားဝယ်ယူစားသုံးသူများအသင်းနှင့် အမျိုးသမီးအလုပ်သမားသမဂ္ဂအဖွဲ့ဝင်အဖြစ် အလုပ်လုပ်ခဲ့သည်။ ထို့အတူ အာဖရိကန်အမေရိကန်လူမည်းပညာတတ်များနှင့် အရောင်အသွေးရှိသူများ တိုးတက်ရေးအတွက် အမျိုးသားအစည်းအရုံး **(NAACP)** အထွေထွေအတွင်းရေးမှူးတို့နှင့်ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ဤကဲ့သို့ရင်းနှီးကျွမ်းဝင်မှုကြောင့် အဲလီနိုသည် အာဖရိကန်အမေရိကန်တို့၏ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုများ၌ စိတ်ပါဝင်စားလာခဲ့သည်။

သူမ၏ခင်ပွန်းသည်၏နိုင်ငံရေးမဲဆွယ်ပွဲများတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် သူမ၏ခင်ပွန်းသည်ဖရန့်ကလင်းဒီရုစဘဲ့မှာ နယူးယောက်မြို့တော်ဝန် (၁၉၂၉) အဖြစ် ဖြစ်စေနှင့် အမေရိကန်သမ္မတအဖြစ် (၁၉၃၂ ခုနှစ်) တွင် အရွေးချယ်ခံခဲ့ရသည်။ အမေရိကန်သမိုင်းကြောင်းတစ်လျှောက်တွင် အဲလီနိုသည်နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားသော ပထမဆုံးသမ္မတကတော်အဖြစ် တင်စားခံရသည်။ သူမ၏ခင်ပွန်းသည်အတွက် ဖြစ်ရပ်မှန်များစုဆောင်းရှာဖွေပေးရန်အတွက် ခရီးများစွာထွက်ခဲ့ရသည်။ အဲလီနိုက လိင်ဘက်ဆိုင်ရာနှင့်လူမျိုးရေးရာ တို့၌တန်းတူညီမျှမှုရှိစေရန် ဆွေးနွေးဟောပြောခဲ့သည်။

၁၉၃၅ ခုနှစ်တွင်အဲလီနိုက သမ္မတဖရန့်ကလင်းဒီရုစဘဲ့အား ဥပဒေနှင့်အညီတရားစီရင်ခြင်းမပြုဘဲ သေဒဏ်ပေးခြင်းကို ဆန့်ကျင်သည့်ဥပဒေကြမ်းကို ကွန်ဂရက်တွင်းသို့တင်သွင်းရန် တောင်းဆိုခဲ့သည်။ (ဥပဒေနှင့်အညီ တရားစီရင်ခြင်းမပြုဘဲ သေဒဏ်ပေးခြင်းမှာ လူတစ်ဦးတစ်ယောက်ကို တရားမဝင်စွာစွတ်စွဲ၍ အဆုံးစီရင်ခြင်းဖြစ်ပြီး ယခင်တွင်လူဖြူများကလူမည်းများကို ဤနည်းဖြင့်သတ်ဖြတ်လေ့ရှိသည်။) မည်သို့ဆိုစေကာမူရုစဘဲ့က ဤဥပဒေကြမ်းကို ထောက်ခံကြောင်းအများရှေ့တွင် ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ဤဥပဒေကြမ်းသည် မိမိတို့၏အကျဉ်းသားများကို ဥပဒေနှင့်အညီ တရားစီရင်ခြင်းမပြုဘဲ သတ်ဖြတ်ခွင့်ပေးသည့်ထောင်မှူးများကို အရေးယူနိုင်သည်။ ထို့ကြောင့်သူက

ဤကဲ့သို့လုပ်လျှင် တောင်ပိုင်းရှိသူ့ကိုမဲပေးသောလူဖြူများက သူ့ကိုခွင့်မလွှတ်နိုင်ပဲ နောက်မဲရွေးပွဲများတွင်သူ့ကိုမဲပေးတော့မှာမဟုတ်ဘဲ ရွေးကောက်ပွဲတွင်ရှုံးနိမ့်လိမ့်မည်ဟု ဆင်ခြေပေးခဲ့သည်။

၁၉၄၅ ခုနှစ်ဧပြီလတွင် ဖရန့်ကလင်းဒီရုစဘဲ့ကွယ်လွန်ပြီးသည့်နောက် အဲလီနိုက နိုင်ငံရေးလှုပ်ရှားမှုတွင် ဆက်၍ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အမေရိကန်သမ္မတဟင်ရီအက်(စ်)ထြူးမင်း **(Harry S.Truman)** ကအဲလီနိုရုစဘဲ့အား ကုလသမဂ္ဂအထွေထွေညီလာခံ၏ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးထုတ်ပြန်ကြေငြာချက်စာတမ်းတွင် သူမကအရေးပါစွာဝင်ရောက်ပါဝင်ခဲ့သည်။ ရုစဘဲ့က ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ ပထမဦးဆုံးဥက္ကဌအဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ်စက်တင်ဘာလ ၂၈ ရက်နေ့ညနေပိုင်းတွင် ရုစဘဲ့ကကြေငြာစာတမ်းကို ကိုယ်စားပြုပြီး ထိုကြေငြာစာတမ်းကို "The international Magna Carta of all mankind"– လူအားလုံးအတွက် အခြေခံဒီမိုကရေစီဖြစ်ပြီး ထိုစာတမ်းတွင်ပါဝင်သောအရာများကို လိုက်နာဆောင်ရွက်ရမည်–ဟုတင်စားခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကထုတ်ပြန်ကြေငြာချက်ကို ၁၉၄၈ ခုနှစ်ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လက်ခံကျင့်သုံးခဲ့သည်။ ၁၉၅၃ ခုနှစ် Dwight D. Eisenhower သမ္မတဖြစ်လာသည့်အခါ ရုစဘဲ့ကသူမ၏ ကုလသမဂ္ဂရာထူးမှ နုတ်ထွက်ခဲ့သည်။ အဲလီနိုအသက်ရှင်စဉ်တွင် မိမိ၏ကိုယ်ရေးရာဇဝင်များကိုရေးသားခဲ့ပြီး "My Story (၁၉၃၇)," "This I Remember (၁၉၄၉)" နှင့် "On My Own (၁၉၅၈)" တို့အပါအဝင် ဖြစ်သည်။ အဲလီနိုရုစဘဲ့သည် ၁၉၆၂ ခုနှစ်နိုဝင်ဘာလ ၆ ရက်နေ့တွင်ကွယ်လွန်သွားခဲ့သည်။

ငယ်စဉ်ကအဲလီနိုရုစဘဲ့သည် မိမိကိုယ်ကိုရိုးရိုးသားသားနှင့် လိုလားတောင့်တမှုရှိသောသူတစ်ဦးသာဖြစ်သော်လည်း ကြီးလာသည့်အခါ အမြင်ကျယ်လာပြီး မိမိတွေ့သည့်ချွတ်ယွင်းချက်များကို တာဝန်ယူကာ အများအတွက်သက်တောင့်သက်သာရှိမှုနှင့်မျှော်လင့်ချက်များပေးခဲ့သော သူတစ်ဦးအဖြစ် ရာစုနှစ် ၂၀ တွင် အသိအမှတ်ပြုခံရသူ ဖြစ်လာသည်။

"ကျွမ်းကျင်သူတစ်ယောက်ကမပြီးနိုင်၊ မလုပ်နိုင်ဘူးဟုပြောလျှင်
အခြားကျွမ်းကျင်သူကိုခိုင်းပါ။"

"If an expert says it can't be done, get another expert."

"ရဲရင့်ခြင်းဆိုသည်မှာ ကြောက်ရွံ့သင့်သည့်အရာကို မည်သို့ကြောက်ရွံ့ရမည်နှင့်
မကြောက်ရွံ့သင့်သည့်အရာ ကိုမည်သို့မကြောက်ရွံ့ရမည်ကို
သင်ပြသောအသိပညာဖြစ်သည်။"

"Courage is the knowledge of how to fear what ought to be feared and how not to fear what ought not to be feared."

"အီစရေးလ်နိုင်ငံမှတကယ့်လက်တွေ့ကျကျဖြစ်နိုင်ဖို့အတွက်အံ့သြ
ဖွယ်ရာတို့ကိုယုံကြည်ရမှာဖြစ်တယ်။"

"In Israel, in order to be a realist you must believe in miracles."

## ဒေးဗစ်ဘင်ကူရီယန် (၁၈၈၆–၁၉၇၄)



**ဒေး**ဗစ်ဘင်ကူရီယန် (David Ben–Gurion) သည်ဂျူးလူမျိုးများ၏ကံကြမ္မာကို တည်ဆောက်ပေးသော နိုင်ငံသစ်တစ်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများကို တည်ထောင်ပေးခဲ့သူတစ်ဦးဖြစ်သည်။

ဒေးဗစ်ဘင်ကူရီယန်သည် ပိုလန်နိုင်ငံ (ရုရှအင်ပါယာတွင်အပါအဝင်) ဖလုံ (Plon--sk) မြို့၌ ၁၈၈၆ ခုနှစ်တွင် ဖွါးမြင်သည်။ သူသည်သားစဉ်မြေးဆက် ၆ ဆက်မြောက်ဖြစ်သည်။ သူတို့၏မိသားစုမှာ ဇိုင်ယာနိစန် (Zionism) ကိုနက်နဲစွာယုံကြည်သောမိသားစုဖြစ်သည်။ သူ၏ဖခင်မှာ ရှေ့နေတစ်ဦးဖြစ်သည်သာမက ဟီဘရူး ဘာသာသင်ကြားပေးသော ဆရာတစ်ယောက်လဲဖြစ်ပြီး ခေတ်မီဇိုင်ယာနိစန်-"Hibbat Zion"(ဇိုင်ယာကိုချစ်သောသူများ)အဖွဲ့ကို တည်ထောင်ခဲ့သူလည်းဖြစ်သည်။ ဘင်ကူရီယန် သို့မဟုတ် ဟီဘရူးဘာသာမဝင်ခင်က ဒေးဗစ်ဂရင်း (David Green) ဟုခေါ်ဆိုခဲ့သောသူမှာ ခေတ်မီသော ဂျူးဘာသာဝင်တို့၏ပညာ

ရေးကိုသင်ကြားရပြီးဘာသာရေးနှင့်အတူ အခြားသောဘာသာရပ်များကို တွဲ၍ သင်ကြားခဲ့ရသည်။

ဘင်ကူရီယန်၏ခေါင်းဆောင်အရည်အချင်း၊ နိုင်ငံရေးအတွေးအခေါ်နှင့်အမြင်တို့မှာ ငယ်ငယ်ကလေးကတည်းကပင် ထင်ပေါ်ကျော်ကြားလာခဲ့သည်။ သူ၏အသက် ၁၄ နှစ်အရွယ်တွင် လူငယ်ကလေးများကိုစုစည်း၍ အီဇာ (Ezra) ဟုခေါ်သော ဟီဘရူးဘာသာစကားကိုသာပြောဆိုမည့် သူများအဖွဲ့ကို တည်ထောင်ခဲ့သည်။ အသက် ၁၇ နှစ်အရွယ်တွင် Poaleizion (ဇိုင်ယာအလုပ်သမားများ) အဖွဲ့ထဲတွင်ပါဝင်ခဲ့သည်။ ဤပါတီသည် ပထမဆုံးသောဆိုရှယ်လစ်ဇိုင်ယာနစ်နိုင်ငံရေးအဖွဲ့ အခြေခံအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤပါတီသည် ဇိုင်ယာနိစန်*၏ လူမှုရေးနှင့်နိုင်ငံရေးတည်ဆောက်ပုံများကို ဆယ်စုနှစ်ပေါင်းများစွာ အုပ်စိုးလွှမ်းမိုးခဲ့ပြီး များသောအားဖြင့် ဘင်ကူရီယန်၏အုပ်ချုပ်မှုအောက်တွင်ဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် ပါလက်စတိုင်းသို့ပြောင်းရွှေ့ခဲ့ပြီး ဂျူးစိုက်ပျိုးရေးလုပ်ငန်းများ၏ လိမ္မော်ခြံ၌အလုပ်သမားအဖြင့်ဖြစ်စေ၊ ဝိုင်သိုလှောင်သည့်နေရာများတွင်ဖြစ်စေ အလုပ်လုပ်ခဲ့သည်။ ဤစိုက်ပျိုးရေးခြံကို ဇိုင်ယာနစ်တို့က အရင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း၌ကာလီလ (Galilee) တွင်အစောင့်အဖြစ် အလုပ်လုပ်ခဲ့သည်။

ဘင်သည်လေးနှစ်လုံးလုံး သူ၏လယ်ယာမြေများ၌ အလုပ်လုပ်နေသော်လည်း အလုပ်သမားအခွင့်အရေးရေးရာများ၌ စိတ်ဝင်စားမှုရှိပြီး Poaleizion ပါတီဝင်ဟိုအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၁၀ ခုနှစ်တွင် သူ့ကိုပါတီ၏သတင်းစာထုတ်လုပ်သောဂျူရုစလင်၌ အယ်ဒီတာအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး သူရေးသားသောစာ

* ဇိုင်ယာနစ်ဝါဒီသည် ဂျူးလူမျိုးများ၏ ယခင်ပါလက်စတိုင်းတွင် ဂျူးနိုင်ငံပြန်လည်ထူထောင်ရေးနှင့်ခေတ်မှီသောအီစ္စရေးလ်နိုင်ငံထောက်ပံ့ရေးတွင် ဆက်လက်ပါဝင်ရန် လုပ်ဆောင်သည့်ဂျူးလူမျိုးများ၏နိုင်ငံရေးလှုပ်ရှားမှုဖြစ်သည်။

များတွင်“ဒေးဗစ်ဘင်ကူရီယန်”ဆိုသည့်ကလောင်နာမည်တပ်ခဲ့သည်။ (ဟီဘရူး ဘာသာဖြင့်“ခြင်္သေ့ပေါက်စ”ဟု အဓိပ္ပါယ်ရသည်။)

၁၉၁၂ ခုနှစ်တွင် တူရကီနိုင်ငံသို့သွား၍ အီစတန်ဘူး(လ်)တက္ကသိုလ်၌ ဥပဒေ ပညာကိုသင်ယူပြီး သတင်း ထောက်အဖြစ် အလုပ်လုပ်ခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ဒေးဗစ်ဘင်ကူရီယန်ကို အော်တိုမန်၏လက်အောက်တွင် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းကြောင့် ပါလက်စတိုင်းမှပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ရသည်။

ပြည်နှင်ဒဏ်ပေးခြင်းခံရပြီးနောက် နယူးယောက်မြို့တွင် အခြေချနေထိုင်ခဲ့ပြီး ဖေါ လာမန်ဝိ(စ်) **(Paula Munweis)** နှင့်တွေ့ဆုံခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် မင်္ဂလာဆောင်ခဲ့ သည်။ သူတို့တွင်သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ သူသည် ၁၉၁၈ ခုနှစ်တွင်ဗြိတိသျှတပ်မတော်၏ တပ်ရင်း ၃၈ ရှိဂျူးလူမျိုးအဖွဲ့ဝင်များ၏တပ်ရင်း တွင် တာဝန်ထမ်းဆောင်ရသည်။ ပထမကမ္ဘာစစ်ပြီးသည့်နောက် ပါလက်စတိုင်း နိုင်ငံကို အော်တိုမန်အင်ပါယာရှိ ဗြိတိသျှအင်ပါယာက သိမ်းပိုက်နိုင်ပြီးနောက်သူ နှင့်သူ့မိသားစုများက ပါလက်စတိုင်းနိုင်ငံသို့ပြန်လာခဲ့သည်။

၁၉၂၁ ခုနှစ်တွင် ဒေးဗစ်ဘင်ကူရီယန်သည် **(Jewish Labour Party)** ဂျူးလူမျိုး များ၏လေဘာပါတီတွင် အထွေထွေအတွင်းရေးမှူးနှင့် ၁၉၃၀ ခုနှစ်တွင် ဆိုရှယ် လစ်မက်ပိုင်ပါတီ **(Socialist Mapai Party)** ၏ခေါင်းဆောင်ဖြစ်ခဲ့သည်။ ငါးနှစ် နောက်ပိုင်းတွင် ဂျူးလူမျိုးများအေဂျင်စီ **(Jewish Agency)** တွင် သဘာပတိဖြစ် လာခဲ့သည်။

ဗြိတိသျှတို့မှပါလက်စတိုင်းနိုင်ငံသိမ်းပိုက်ခြင်းကို ရုပ်သိမ်းပြီးနောက် ၁၉၄၈ ခုနှစ်မေ လ ၁၄ ရက်နေ့တွင်ဂျူးလူမျိုးတို့၏ တိုင်းပြည်ဖြစ်သောအီစရေး(လ်)နိုင်ငံပေါ်ထွန်း ခဲ့သည်။ ထိုအချိန်တွင် ဒေးဗစ်ဘင်ကူရီယန်ကအီစရေး(လ်)နိုင်ငံ၏ ပထမဦးဆုံး သောဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူ၏ဝန်ကြီးချုပ်သက်တမ်းနှစ်ခုစလုံး (၁၉၄၈ –၁၉၅၃ ခုနှစ်နှင့် ၁၉၅၅–၁၉၆၃ ခုနှစ်) တို့တွင် စက်မှုဆိုင်ရာနှင့်စိုက်ပျိုးရေးပြန်

လည်ပြုပြင်ရေးလှုံ့ဆော်မှုများကြောင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုများရှိလာခဲ့သည်။ ထို့အတူ ဥရောပမှဒုက္ခသည်အများအပြား အီစရေး(လ်)နိုင်ငံသို့ အခြေချရန် အားပေးအားမြှောက်ခဲ့သောပေါ်လစီအတွက် ကြားဝင်စေ့စပ်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။

ဒေးဗစ်ဘင်ကူရီယန်သည် ၁၉၆၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ သို့သော် နောက်နှစ်နှစ်အကြာတွင် နိုင်ငံရေးလောကထဲသို့ Mapai Party ခေါင်းဆောင်၏ အတိုက်အခံအဖြစ် ပြန်လည်ဝင်ရောက်ခဲ့သည်။ ဘင်သည် ၁၉၇၄ ခုနှစ်တွင်ကွယ်လွန်ခဲ့သည်။

"အမျိုးသမီးတွေမှာ သူမိခင်တစ်ယောက်ဖြစ်ချင်သလား၊ ဒါမှမဟုတ်သူကလေးဘယ်နှစ်ယောက်လိုချင်သလဲဆိုတာကိုရွေးချယ်နိုင်ဖို့ အခြေခံလွတ်လပ်ခွင့်တွေရှိရမယ်။"

"Woman must have her freedom, the fundamental freedom of choosing whether or not she will be a mother and how many children she will have."

## မာဂရက်စင်ဂါ (၁၈၈၄–၁၉၆၆)



**မာ**ဂရက်စင်ဂါ (Margaret Higgin Sanger) သည်သန္ဓေတားဆီးရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများမှာ အမျိုးသမီးလွတ်မြောက်ရေးလှုပ်ရှားမှုများကို အစပျိုးလှုံ့ဆော်စေသည်။ အမေရိကန်နိုင်ငံသူမာဂရက်စင်ဂါ၏ သိပ္ပံဆိုင်ရာသန္ဓေတားဆီးခြင်း၊ မိသားစုစီမံကိန်းရေးဆွဲခြင်းနှင့်လူဦးရေတိုးတက်မှုအပေါ် ထိန်းချုပ်ခြင်းတို့တွင် ရှေ့ဆောင်လမ်းပြလှုပ်ရှားမှုလုပ်ခဲ့သဖြင့် ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြားခဲ့သည်။

မာဂရက်စင်ဂါသည် ၁၈၈၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့၌ခေါနင်း(Corning)၊ နယူးယောက်မြို့တွင် ဖွားမြင်ခဲ့သည်။ သူမ၏ဖခင်မှာပျော်ပျော်နေတတ်ပြီး ဘာသာရေးတွင်အယုံအကြည်မရှိသော (Free Thinker) တစ်ယောက်ဖြစ်သည်။ သို့သော်သူမ၏မိခင်ကအလွန်ဘာသာတရားကိုင်းရှိုင်းပြီး ကလေး ၁၁ ယောက်ရှိခဲ့သည်။ သူမမကွယ်လွန်မီ ကာလတစ်လျှောက်မှာ တီဘီရောဂါကိုခံစားရပြီးတီဘီပိုးတွေဟာ သူမရဲ့အဆုပ်နဲ့အရိုးတွေကို ပြင်းထန်စွာတိုက်ခိုက်ရင်း နောက်ဆုံးတွင် သူမကဤရောဂါဖြင့်ပင် ကွယ်လွန်ခဲ့ရသည်။ မာဂရက်၏ ဖခင်နိုင်ငံရေးရှုထောင့်များဖြစ်သော အမျိုးသမီးများမဲပေးပိုင်ခွင့်၊ အခွန်အကောက်များကိုပြန်

လည်ကောင်းမွန်လာအောင်ပြုလုပ်ခြင်းတို့က သူမအပေါ်လွှမ်းမိုးမှုများရှိခဲ့သည်။ ဤကဲ့သို့အမြင်ရှုထောင့်များကြောင့် သူမ၏မိသားစုအပေါ်အိမ်နီးချင်းများက ခေါင်းမာသူများဟုထင်မြင်ကြသည်။

မာဂရက်သည် ဒေသအထက်တန်းကျောင်းတွင်အောင်မြင်ခဲ့ပြီးနောက် နယူးယောက်မြို့ဟတ်ဆင် **(Hudson)** ရှိခလာဗရက် **(Claverack)** ကောလိပ်တွင် အောင်မြင်ခဲ့သည်။ ထို့နောက်မာဂရက်က နယူးဂျာစီတွင် ဆရာမအဖြစ်တဝန်ထမ်းဆောင်ပြီးနောက်တွင် သူမ၏သေလုမျောပါးမိခင်ကိုပြန်၍ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် သူမ၏မိခင်သေဆုံးသွားခဲ့သည်။ ထိုအချိန်တွင် မာဂရက်မှာ သူ့မိခင်အတွက်စိတ်မကောင်းဖြစ်ရပြီး မိမိကိုယ်တိုင်မိခင်အပေါ် ကောင်းမွန်စွာမပြုစုခဲ့ရခြင်းနှင့် လူမှုအသိုင်းအဝန်းများ၏ ဆေးပညာအရလျစ်လျူရှုမှုများအပေါ် စိတ်မကျေနပ်ဖြစ်ပြီး အလွန်ပင်ပူဆွေးဝမ်းနည်းခဲ့ပါသည်။ များမကြာမီမာဂရက်သည် ဝှိုက်ဖလိမ်း **(White Plains)** နယူးယောက်မြို့သို့သွားပြီး သူနာပြုသင်တန်းတက်ခဲ့သည်။ ထို့နောက်သူမက နယူးယောက်မြို့သို့သွား၍ နယူးယောက်မြို့၏အောက်ပိုင်းအရှေ့ဖက်ဒေသရှိ ဆင်းရဲသားများရပ်ကွက်တွင် သွား၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၀၂ ခုနှစ်တွင် ဝီလျံစင်ဂါနှင့်လက်ထပ်ခဲ့သည်။ နောက်တစ်နှစ် မာဂရက်ကိုယ်တိုင်အဆုပ်ရောဂါရှိသော်လည်း သူတို့၏ပထမဦးဆုံးသားဦးကလေးကို မွေးဖွါးခဲ့သည်။ နောက်တွင် သားတစ်ယောက်နှင့်သမီးလေးတစ်ယောက်မွေးဖွါးခဲ့ပြီး သမီးလေးမှာကလေးဘဝ၌ပင် ကွယ်လွန်သွားရှာသည်။

ဆင်းရဲသားရပ်ကွက်၌မိခင်များသည် မာဂရက်စင်ဂါထံသို့လာ၍ ကိုယ်ဝန်မရှိရန်မည်သို့ရှောင်ရှားရမည့်သတင်းအချက်အလက်များကို အသနားခံမေးမြန်းခြင်းများ ကြုံတွေ့ရခဲ့ပါသည်။ ဤအတွေ့အကြုံများ ဖြတ်သန်းလာခဲ့ရသောကြောင့် မာဂရက်မှတဖြည်းဖြည်းလူမှုရေးပြုပြင်ပြောင်းလဲမှုလိုလားသူ ဖြစ်လာခဲ့သည်။ ထို့နောက်မာဂရက်က ဆိုရှယ်လစ်ပါတီထဲသို့ဝင်ခဲ့သည်။ ဆိုရှယ်လစ်ပါတီသည် အစိုးရမှအားလုံးကို အုပ်ချုပ်နိုင်ခွင့်ရှိပြီး ယင်းတို့မှပစ္စည်းများကို ပြန်လည်ဝေငှပေး

မည်စသည့်နိုင်ငံရေးအယူအဆရှိသည့်ပါတီဖြစ်သည်။ မာဂရက်သည်ပြုပြင်ပြောင်းလဲရေးအတွက် ချီတက်ပွဲများစတင်တက်ရောက်ပြီး သန္ဓေတားဆီးရေးနည်းလမ်းအားလုံးကို စတင်ဖတ်ရှုတော့သည်။ သူမက မိသားစုအရေအတွက်များလွန်းခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့ရသည့်အခြေခံအချက်ဖြစ်သည်ဟု ယုံကြည်သည်။ ၁၉၁၃ ခုနှစ်တွင် 'Woman Rebel' "တော်လှန်သူအမျိုးသမီး" ဟူသောသတင်းစာကို တစ်လလျှင်တစ်ကြိမ်ထုတ်ဝေခဲ့သည်။ ထိုသတင်းစာတွင် အမျိုးသမီးများကို မိမိတို့၏မိသားစုဦးရေကို ကန့်သတ်တတ်လာရန်နှင့် "သန္ဓေတားဆီးရေး(Birth Control)"ဆိုသည့်စကားလုံးကို ပထမဆုံးသုံးခဲ့သူဖြစ်သည်။ ထိုစာအုပ်ခြောက်အုပ်မြောက်ကို ပုံနှိပ်ထုတ်ဝေပြီးသည့်အချိန်တွင် မာဂရက်ကို ဖမ်းဆီးကာ ညစ်ညမ်းသည့်စာပေများကို ထုတ်ယူဖြန့်ချီသည်ဟုတရားစွဲဆိုခဲ့သည်။ သူမကလည်း ဥရောပဘက်သို့ထွက်ပြေးလွတ်မြောက်ပြီး သန္ဓေတားဆီးရေးအကြောင်းဆက်လက်လေ့လာခဲ့သည်။ ထို့အတူဆေးခန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဘက်ဆိုင်ရာသုတေသနပြုသူများနှင့်လည်းဆွေးနွေးခဲ့သည်။

စင်ဂါက ၁၉၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ပြန်လာခဲ့သည်။ ဤတွင်သူမအပေါ် တရားစွဲဆိုချက်များ သက်တမ်းကုန်ဆုံးသွားခဲ့ပြီးဖြစ်သည်။ ထိုအချိန်မှစ၍ နိုင်ငံတဝှမ်းလုံးဟောပြောရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။ နယူးယောက်မြို့တွင် သူမနှင့်အပေါင်းအပါတစ်ချို့က အမေရိကန်နိုင်ငံ၏ပထမဦးဆုံးသန္ဓေတားဆီးရေးဆေးခန်းကို ဆင်းရဲသားများရှိရာနေရာတွင်ဖွင့်လှစ်ခဲ့ပြီး သန္ဓေတားဆီးရေးနှင့်ပတ်သက်သည့်ပစ္စည်းများနှင့် သတင်းအချက်အလက်များကိုဝေငှပေးသည်။ ထို့ကြောင့် နိုင်ငံတော်ဥပဒေချိုးဖောက်မှုဖြင့်အဖမ်းခံရပြီး သူမ၏ညီအစ်မနှင့်အတူ ထောင်တစ်လအချခံရသည်။ ၁၉၁၇ ခုနှစ်တွင် အရှိန်မြင့်မားလာစေပြီး၊ ဟောပြောပွဲများနှင့် နယူးယောက်မြို့ရှိမိမိအားထောက်ခံသူများထံမှ အကူအညီရန်ပုံငွေတောင်းခံခြင်းများကို လုပ်ဆောင်ခဲ့သည်။ ထို့အတူ Birth Control Review ကိုစတင်ထုတ်ဝေဖြန့်ချီခဲ့ပြီး ယင်းမှာသူမ၏ ၂၃ နှစ်အတွင်း လှုပ်ရှားမှုအတွက် ကြွေးကြော်သံဖြစ်ခဲ့သည်။ နယူးယောက်တရားရုံး၏ သန္ဓေတားဆီးရေးလုပ်ငန်း

များအပေါ် လျှော့ချမှုများပြုလုပ်မှုကြောင့် သူမ၏တိုက်ရိုက်လှုပ်ရှားမှုများကိုရပ်ဆိုင်းပြီး သင့်တော်သောပြည်နယ်နှင့်ဖယ်ဒရယ်ဥပဒေများထဲတွင် ထည့်သွင်းနိုင်ရန်ကြိုးစားခဲ့သည်။ မာဂရက်စင်ဂါက အမြဲတမ်းနယူးယောက်အာဏာပိုင်များနှင့်ပြဿနာဖြစ်သော်ငြားလည်း သူမကဆက်လက်ပြီးလူထုများရှေ့တွင်ဟောပြောပွဲများပြုလုပ်ပြီး ဥရောပသန္ဓေတားဆီးခြင်းဆိုင်ရာသုတေသနအဖွဲ့နှင့်လည်း အဆက်အသွယ်အမြဲတမ်းရှိခဲ့သည်။ ၁၉၂၂ ခုနှစ်တွင်ဂျပန်သို့ ခရီးထွက်ခဲ့သည်။ ယင်းခရီးစဉ်မှာ အာရှခရီးစဉ်ထွက်ခြင်းများထဲမှ ပထမဆုံးအကြိမ်ဖြစ်သည်။ နောက်တစ်နှစ်အကြာတွင် မာဂရက်နှင့်သူမ၏သူငယ်ချင်းများမှ ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းအဖွဲ့ကို ဆေးဘက်ဆိုင်ရာသမိုင်းကြောင်းများနှင့် သန္ဓေတားဆီးရေးဆိုင်ရာသတင်းအချက်အလက်များအကြောင်း စုစည်းရန်အတွက် နယူးယောက်မြို့တော်၊ ချီကာဂိုနှင့်အောလီန်ရှင်းတို့၌ ဖွင့်လှစ်ခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် အမေရိကန်နိုင်ငံတဝှမ်းလုံး၌ဆေးခန်းပေါင်း ၅၅ ခုကိုဖွင့်လှစ်နိုင်ခဲ့သည်။ ထိုအချိန်တွင်စင်ဂါက သူ၏လက်ရှိယောကျ်ားနှင့်ကွာရှင်းပြီး ဂျေနိုအာအိပ်(ချ်)စလီး (J. Noah H. Slee) နှင့်လက်ထပ်ခဲ့သည်။

၁၉၂၇ ခုနှစ်တွင်မာဂရက်စင်ဂါက ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင်ကျင်းပမည့် ပထမဦးဆုံးကမ္ဘာ့လူဦးရေအစည်းအဝေး (World Population Conference) ဖြစ်မြောက်ရေးအတွက် ကူညီပြင်ဆင်ပေးပြီး ထိုအစည်းအဝေး၌စကားပြောခဲ့သဖြင့် သူမ၏အမည်မှာ ကမ္ဘာတဝှမ်းလုံးတွင်ကျော်ကြားလာခဲ့သည်။ မာဂရက်နှင့်အပေါင်းအပါများကဆက်လက်၍ ပြည်နယ်နှင့်ဖယ်ဒရယ်ဥပဒေများထဲရှိ သန္ဓေတားဆီးရေးဆိုင်ရာကိစ္စနှင့်ပြည်သူသက်သာချောင်ချိရေးဆိုင်ရာ အစီအစဉ်များ၌ သန္ဓေတားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဝေရန်အတွက် ကြိုးစားပြီးပြောဆိုဆွေးနွေးခဲ့သည်။ ၁၉၄၀ ခုနှစ်တွင် အမေရိကန်သန္ဓေတားဆီးရေးလှုပ်ရှားမှုအဖွဲ့မှ ဆေးခန်းများဖွင့်လှစ်ပြီး ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၏လက်ခံမှုကို ရယူ၍ နောက်ဆုံးတဖြည်းဖြည်းလူထု၏လက်ခံမှုကိုရရှိလာသည်။

အမေရိကန်အများစုအတွက် မာဂရက်စင်ဂါမှာ သန္ဓေတားဆီးရေးလှုပ်ရှားမှုဟု

သိမှတ်ထားကြသည်။ ၁၉၃၉–၄၅ ခုနှစ်ဒုတိယကမ္ဘာစစ်အတွင်း ဥရောပတပ်များနှင့်အမေရိကန်မှဂျာမနီ၊ အီတလီ၊ ဂျပန်တို့နှင့်ပဋိပက္ခဖြစ်နေသည့်အချိန်တွင် သူမ၏နာမည်ကျော်ကြားမှုမှာ တဖြည်းဖြည်းကြီးထွားလာခဲ့သည်။ စင်ဂါမှအမေရိကန်က စစ်ပွဲများတွင်ပါဝင်ခြင်းအပေါ် အတိုက်အခံဖြစ်ခဲ့သည်။ (စင်ဂါကစစ်ပွဲများသည် နိုင်ငံလူဦးရေများအဆမတန်တိုးပွားလာရေးရလဒ်ဖြစ်သည်ဟု ခိုင်မာစွာယုံကြည်သည်။) ၁၉၄၆ ခုနှစ်တွင် နိုင်ငံတကာမိဘစီမံကိန်းဖယ်ဒရေးရှင်း (International Planned Parenthood Federation) ကိုကူညီထူထောင်ခဲ့သည်။ ဤလုပ်ရှားမှုသည် သူမအတွက်အကြီးဆုံးနှင့်နောက်ဆုံးလုပ်ရှားမှုဖြစ်ခဲ့သည်။ သူမ၏နောက်ဆုံးအသက်တာအနှစ်နှစ်ဆယ်အတွင်း သူမ၏နှလုံးအားနည်းပင်ပန်းမောပန်းသော်လည်း ဆက်လက်ပြီးခရီးထွက်တရားဟောပြောပွဲများနှင့်တုံ့ပြန်ကြေငြာချက်များ ပြုလုပ်ခဲ့သည်။ သူမသည် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် တတ်ဆန် (Tucson) အရီဇိုးနား (Arizona) တွင်ကွယ်လွန်သွားခဲ့သည်။

"ကျွန်တော်ကပျင်းတယ်။ ဒါပေမဲ့ပျင်းတဲ့လူတွေကဘီးတွေ၊ စက်ဘီးတွေတီထွင်တာ မဟုတ်လား။ ဘာဖြစ်လို့လဲဆိုတော့သူတို့ကလမ်းမလျှောက်ချင်လို့ ဒါမှမဟုတ် ပစ္စည်းတွေမသယ်ချင်လို့ပေါ့။"

"I'm lazy. But it's the lazy people who invented the wheel and the bicycle because they didn't like walking or carrying things"

"စိတ်ပျက်မှု၊ ခါးသီးမှုတွေနဲ့အကူအညီမဲ့မှုတွေနဲ့လွှမ်းမိုးမှုတွေနဲ့ကြုံတွေ့ရနေမယ် ဆိုရင်ဘာကိုမှတည်ထောင်နိုင်မှာမဟုတ်ဘူး။"

"It is hardly possible to build anything if frustration, bitterness and a mood of helplessness prevail"

"ကျွန်တော့်အမြင်နဲ့ပြောရရင်အကောင်းဘက်ကပြောင်းလဲမှုတွေရှိလာအောင်အတွက်အခြေခံကျတဲ့အချက်ကတော့လူသားတွေအပေါ်ဝန်ဆောင်မှုပေးခြင်းဖြစ်တယ်လို့ထင်ပါတယ်။"

"The Thing that lies at the foundation of positive change, the way I see it, is service to a fellow human being"

## လက်(ခ်)ဝယ်(လ်)စာ (၁၉၄၃– )



**လက်**(ခ်)ဝယ်(လ်)စာ **(Lech Walesa)** သည် ပိုလန်နိုင်ငံသားဖြစ်ပြီး ယင်းသည်နိုင်ငံရေးသမားနှင့် ယခင်ကအလုပ်သမားသမဂ္ဂနှင့် လူ့အခွင့်အရေးအတွက်လှုပ်ရှားသူတစ်ဦးဖြစ်ခဲ့သည်။ ယင်းသည် **Solid--arity (Solidarnosc)** ဟူသောဆိုဗီယက်နိုင်ငံ၏ ပထမဦးဆုံးလွတ်လပ်သော အလုပ်သမားသမဂ္ဂဖြစ်ခဲ့သည်။ လက်(ခ်)သည် ၁၉၈၃ ခုနှစ်တွင် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုရရှိပြီး ၁၉၉၀မှ ၁၉၉၅ ခုနှစ်အထိ ပိုလန်နိုင်ငံ၏ သမ္မတအဖြစ်တာဝန်ထမ်း ဆောင်ခဲ့သည်။

လက်(ခ်)သည် ဆင်းရဲသားလယ်သမားတစ်ဦး၏သားဖြစ်ပြီး ၁၉၄၃ ခုနှစ်စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပိုလန်နိုင်ငံရှိပိုပိုဝိုတွင်ဖွားမြင်ခဲ့သည်။ အသက်မွေးဝမ်းကြောင်းကျောင်းတစ်ခု၌အောင်မြင်ပြီးနောက် ကားဝပ်ရှော့တစ်ခု၌ ၁၉၆၁ မှ

၁၉၆၅ ခုနှစ်အထိအလုပ်လုပ်ခဲ့သည်။ သူကစစ်တပ်ထဲတွင် ၂ နှစ်ကြာအမှုထမ်းခဲ့ပြီး တပ်ကြပ်ရာထူးအထိရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် (Gdansk) သင်္ဘောကျင်းတွင် လျှပ်စစ်အလုပ်သမားအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဒနုတာကိုလော့ (Danuta Golos) နှင့်လက်ထပ်ပြီး ကလေးရှစ်ယောက်ထွန်းကားခဲ့သည်။

လက်(ခ်)သည် အလုပ်သမားသမဂ္ဂတွင် တက်ကြွစွာလှုပ်ရှားပါဝင်ပြီး ၁၉၇၀ ခုနှစ်စက်မှုအရေးအခင်းတွင် သင်္ဘောကျင်းလုပ်သားများ ဆန္ဒပြပွဲကော်မတီ၏သဘာပတိအဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။ အစိုးရကအစား အသောက်ဈေးနှုန်းများမြှင့်တင်ပြီးသည့်နောက် ဘောလ်တစ်ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် Gdansk ရှိအလုပ်သမားအကြားတွင်ထင်ရှားသောခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ Gdansk နှင့်ကြီးမားသောလီနင်သင်္ဘောကျင်းများသည် အစိုးရကိုဆန့်ကျင်ဆန္ဒပြရာတွင် ဦးတည်ချက်အဖြစ်အသုံးချခြင်းခံရသည်။ လက်(ခ်)ဝယ်(လ်)စာက ပြန်လည်ပြုပြင်ပြောင်းလဲရေးကိုထောက်ခံသော်လည်း ထိုပြုပြင်ပြောင်းလဲရေးလုပ်ရန်အတွက် အသုံးပြုသောနည်းစနစ်များအပေါ် ထိန်းချုပ်ခြင်းများပြုလုပ်ရမည်ဟု တိုက်တွန်းပြောဆိုသည်။ မှတ်သားစရာကောင်းသော အဖြစ်အပျက်တစ်ခု၌ ဆန္ဒပြနေသောလူအုပ် ၂၀,၀၀၀ ကျော်ကိုအနီးရှိ အကျဉ်းထောင်ကိုမတိုက်ခိုက်ရန် လူအုပ်ကြီးကိုဆွဲဆောင်ပြောဆိုနိုင်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဝယ်(လ်)စာ၏အလုပ်သမားသမဂ္ဂလှုပ်ရှားမှုကြောင့် အလုပ်ထုတ်ပယ်ခြင်းကို ခံရသည်။ ထို့ကြောင့်နှစ်အနည်းငယ်အတွင်း ယာယီအလုပ်များကိုလုပ်ကိုင်ခဲ့ရသည်။ သူကဆက်လက်၍ ကွန်မြူနစ်မဟုတ်သောအလုပ်သမားသမဂ္ဂကို တည်ထောင်ရာတွင်ပါဝင်ခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် သူ၏သူငယ်ချင်းများနှင့်အတူ Solidarnosc (Solidarity) ကိုထူထောင်ခဲ့သည်။ အဖွဲ့အစည်းထူထောင်ပြီးမကြာမီတွင် အဖွဲ့ဝင် ၁၀ သန်းကျော်ရှိလာခဲ့ပြီးဝယ်လ်စာမှာ ယင်း၏ပြိုင်ဘက်ကင်းသောခေါင်းဆောင်ဖြစ်ခဲ့သည်။

၁၉၈၀ ခုနှစ်ဩဂုတ်လတွင်သူက Gdansk သင်္ဘောကျင်းဆန္ဒပြပွဲကို ဦးဆောင်ခဲ့ပြီး ထိုဆန္ဒပွဲကြီးက နိုင်ငံတဝှမ်းရှိဆန္ဒပြပွဲများကိုဖြစ်ပေါ်လာစေပြီး သူ့ကိုခေါင်းဆောင်အဖြစ်အများကမှတ်ယူကြသည်။ အဓိကတောင်းဆိုချက်များမှာ အလုပ်သမားများ၏ အခွင့်အရေးဖြစ်သည်။ အစိုးရအာဏာပိုင်များက ဝယ်လ်စာအားအညှံ့ခံအရှုံးပေးရန်နှင့်စေ့စပ်သဘောတူညီမှုရရှိရန် တိုက်တွန်းနိုးဆော်ခဲ့သည်။ ၁၉၈၀ ခုနှစ်ဩဂုတ်လ ၃၁ ရက်နေ့တွင် Gdansk စာချုပ်၌ လက်မှတ်ရေးထိုးရန်နှင့်ထိုစာချုပ်တွင် အလုပ်သမားများအတွက် ဆန္ဒပြခွင့်အခွင့်အရေးနှင့်မိမိတို့၏လွတ်လပ်သောအဖွဲ့များဖွဲ့စည်းခွင့်ပေးခဲ့သည်။

သူ၏လှုပ်ရှားမှုကို ကက်သလစ်ဘုရားကျောင်းများက ထောက်ခံအားပေးခဲ့ပြီး ၁၉၈၁ ခုနှစ်ဇန်နဝါရီလတွင် ဝယ်(လ်)စာကို ပုပ်ရဟန်းမင်းကြီးဂျွန်ပေါ(လ်)ကဗက်တီကန်တွင် သူ့ကိုလိုက်လှဲစွာကြိုဆိုခဲ့သည်။ ဝယ်(လ်)စာသည်လည်းကက်သလစ်ဘာသာသည် သူ့အတွက်အင်အားများနှင့် စိတ်ဓါတ်တက်ကြွမှုများဖြစ်လာစေသည်ဟု ဆိုခဲ့သည်။ ၁၉၈၀–၁၉၈၁ ခုနှစ်အတွင်းဝယ်(လ်)စာသည် အီတလီ၊ ဂျပန်၊ ဆွီဒင်၊ ပြင်သစ်နှင့်ဆွစ်ဇလန်နိုင်ငံများသို့ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း၏ဧည့်သည်အဖြစ် ရောက်ရှိခဲ့သည်။ ၁၉၈၁ ခုနှစ်စက်တင်ဘာလတွင် Gdansk ၌ကျင်းပသောပထမဦးဆုံးအမျိုးသား Solidarity ကွန်ဂရက်တွင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

တိုင်းပြည်တွင်ရရှိသော တခဏတာလွတ်လပ်မှုများမှာ ၁၉၈၁ ခုနှစ်ဒီဇင်ဘာလတွင် ကုန်ဆုံးသွားခဲ့သည်။ ထိုအချိန်တွင်ဗိုလ်ချုပ်ကြီးဂျရုစီလကီး (General Jaruzelski) မှဆိုဗီယက်တပ်များ ဝင်ရောက်တိုက်ခိုက်မှုကြောက်ရွံ့သောကြောင့် စစ်ဥပဒေကိုချမှတ်ခဲ့ပြီး Solidarity ကိုလည်း ရပ်ဆိုင်းခဲ့သည်။ ထို့အတူ ခေါင်းဆောင်များကိုလည်းဖမ်းဆီးပြီး ဝယ်(လ်)စာကိုလည်းကျေးလက်တောရွာရှိ အိမ်တစ်အိမ်တွင် အကျယ်ချုပ်ချထားခြင်းကိုခံရလေသည်။

၁၉၈၂ ခုနှစ်နိုဝင်ဘာလတွင် ဝယ်(လ်)စာကိုလွှတ်ပေးပြီး Gdansk သင်္ဘောကျင်း

တွင်အလုပ်လုပ်ခွင့်ပေးသည်။ ၁၉၈၃ ခုနှစ်တွင် စစ်ဥပဒေကိုရုပ်သိမ်းခဲ့သော်လည်း လူတစ်ဦးစီ၏လွတ်လပ်မှုအပေါ် တင်းကြပ်မှုများရှိနေသေးသည်။ ထိုနှစ်ကုန်ပိုင်းတွင်ဝယ်(လ်)စာကပိုလန်နိုင်ငံ၏အကြမ်းမဖက်တော်လှန်ရေးအတွက်နိုဘယ်(လ်) ငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်းခံရသည်။

ပိုလန်တွင်ရှိ ပြန်လည်ပြုပြင်ပြောင်းလဲရေးလုပ်သူများ အကူအညီရရှိခြင်းမှာ ကိုဘာချော့(ပ်)ကဆိုဗီယက်ပြည်ထောင်စုတွင် အာဏာရရှိခဲ့သောကြောင့်ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ကိုဘာချော့(ပ်)က အရှေ့ဥရောပရှိနိုင်ငံများ၏ အိမ်တွင်းရေးနိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုလုပ်တော့မည်မဟုတ်ကြောင်း အတိအလင်းကြေငြာခဲ့သည်။ ဤတွင် Wojciech Jaruzelski ကဝယ်(လ်)စာနှင့်အတူအလုပ်သမားသမဂ္ဂလှုပ်ရှားမှုများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိအားပေးခြင်းခံရသည်။ ရလဒ်အဖြင့်ပါလီမန်ရွေးကောက်ပွဲရရှိခဲ့ပြီး၊ ကွန်မြူနစ်မဟုတ်သောအစိုးရက အာဏာရရှိခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်တွင် Solidarnosc ကတရားဝင်အဖွဲ့အစည်းဖြစ်လာသည်။

၁၉၉၀ ခုနှစ်ဒီဇင်ဘာလတွင်ဝယ်(လ်)စာက ပိုလန်သမ္မတနိုင်ငံတွင် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ သမ္မတအနေဖြင့်အောင်မြင်မှုမရရှိပဲ သူ့ကိုဝေဖန်သူများက တိုင်းပြည်ကိုအာဏာရှင်စံနစ်အုပ်ချုပ်ရေးပုံစံဖြစ်လာအောင် အုပ်ချုပ်သည် ဟုဝေဖန်ကြသည်။ သူ၏အပြုအမူမှာ ပုံမှန်မဟုတ်ပဲ စစ်တပ်နှင့်လုံခြုံရေးများနှင့်ရင်းနှီးစွာအဆက်အသွယ်ရှိသည့်အပေါ် ဝေဖန်ခြင်းခံရသည်။ ၁၉၉၅ ခုနှစ်နိုဝင်ဘာလမဲရွေးပွဲတွင် ဝယ်(လ်)စာကို ယခင်ကွန်မြူနစ်ဖြစ်သော အလက်ဇန္ဒားကွာနီယူစကီး (Aleksander Kwasniewski) မှအနိုင်ရရှိခဲ့သည်။

"ကြောက်ခြင်းထက်ကြောက်စရာကောင်းတာဘာမှမရှိဘူး။"
"There is nothing to fear but fear itself."

"ငါ့မှာရှိတဲ့ရန်သူတွေကိုကြည့်ပြီးငါ့ကိုဆုံးဖြတ်ပါ။"
"I ask you to judge me by the enemies I have made."

"ရှေ့ဆက်သွားဖို့လမ်းအများကြီးရှိတယ်။
ဒါပေမဲ့ကိုယ့်နေရာမှာရပ်တည်ဖို့နည်းလမ်းတစ်ခုထဲပဲရှိတယ်။"
"There are many ways of going forward, but only one way of standing still."

## ဖရန့်ကလင်းဒီလာနိုရူစဘဲ့ (၁၈၈၂–၁၉၄၅)



ဖရန့်ကလင်းဒီလာနိုရူစဘဲ့ (Franklin Delano Roos--evelt) သည်အမေရိကန်၏ ၃၂ ယောက်မြောက်သမ္မတဖြစ်ပြီး ၁၉၃၃ ကနေ ၁၉၄၅ အထိအုပ်ချုပ်ခဲ့သည်။ သူသည်သက်တမ်း ၄ နှစ်တိုင်အရွေးခံခဲ့သော ပထမဦးဆုံးသမ္မတဖြစ်ပြီး တိုင်းပြည်ကို ဒုတိယကမ္ဘာစစ်နှင့် စီးပွါးရေးကပ်ဆိုက်သည့်ကြားမှာပင် ရှေ့ဆောင်အုပ်ချုပ်ခဲ့သည်။

ဖရန့်ကလင်းဒီလာနိုရူစဘဲ့သည် သီအိုဒိုရူစဘဲ့နှင့်ဆွေမျိုးသားချင်းတော်စပ်ပြီး ၁၈၈၂ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဟိုက်(ဒ်)ပတ်၊ နယူးယောက်တွင်ဖွားမြင်ခဲ့သည်။ ရူစဘဲ့မိသားစုမှာ ချမ်းသာသောမိသားစုဖြစ်သည့်အတွက် အိမ်တွင်ဆရာခေါ်ပြီးစာသင်ခဲ့သည်။ အသက် ၁၄ နှစ်ရောက်သည့်အခါမှသာ ဂေါ်တန်ကျောင်း (Gorton School) တွင် ကျောင်းဆက်တက်ခဲ့သည်။ ဖရန့်ကလင်းသည် စာတော်သောကျောင်းသားတစ်ယောက်ဖြစ်ပြီး ဟားဗတ်တက္ကသိုလ်နှင့်ကိုလံဘီယာဥပဒေကျောင်းတွင်တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၇၀ ခုနှစ်တွင်နယူးယောက်မြို့တရားရုံး၌အလုပ်ဝင်ခဲ့သည်။

၁၉၀၅ တွင်ဖရန့်ကလင်းက သူ၏ဝမ်းကွဲနှမအဲလီနိုရူစဘဲ့နှင့်လက်ထပ်ခဲ့သည်။

သူမ၏ဖခင်လေီယက်ရစဘဲ့ (Elliott Roosevelt) မှာ ၁၉၀၁–၁၉၀၉ ခုနှစ်၌ အမေရိကန်သမ္မတဖြစ်ခဲ့သော သီအိုဒိုရစဘဲ့နှင့်ညီအစ်ကိုတော်သည်။ သူမ၏ခင်ပွန်းကဲ့သို့ပင်အဲလီနိုသည် ဒီမိုကရက်တစ်ယောက်ဖြစ်ပြီး နိုင်ငံရေးတွင်တကယ့်စိတ်ဝင်စားခဲ့သူဖြစ်သည်။

၁၉၁၀ ခုနှစ်တွင်ရစဘဲ့သည် နယူးယောက်ဆီးနိတ်အမတ်အဖြစ် ရွေးချယ်ခံရပြီးနောက် နယူးယောက်နိုင်ငံရေးလောကတွင်ထင်ရှားကျော်ကြားလာခဲ့သည်။ ရစဘဲ့၏အရည်အချင်းများကို အမေရိကန်သမ္မတဝူးဒရိုဝီလ်ဆင် (Woodrow Wil--son) ကတွေ့ရှိပြီး ၁၉၁၃ ခုနှစ်တွင်ယင်းကိုရေတပ်၏လက်ထောက်အတွင်းရေးမှူးအဖြစ်ခန့်ထားခဲ့သည်။ ရစဘဲ့ကထိုရာထူးကို ခြောက်နှစ်တာကြာအောင်ထမ်းဆောင်ခဲ့သည်။

ဝူးဒရိုဝီလ်ဆင်နှင့်အခြားဒီမိုကရက်တစ်ခေါင်းဆောင်များက ခက်ခဲသောအချိန်ကာလအတွင်း၌ ရစဘဲ့၏အားသွန်ခွန်စိုက်ဆောင်ရွက်မှုတို့ကိုကြည့်၍ သဘောတကျဖြစ်ခဲ့သည်။ ၁၉၁၇ ခုနှစ်၌အမေရိကန်ပြည်ထောင်စုမှ ပထမကမ္ဘာစစ်အတွင်းသို့ဝင်ရောက်သည့်အချိန်၌ ရစဘဲ့မှတိုင်းပြည်အတွင်း ရေတပ်ဆိုင်ရာပစ္စည်းများထုတ်လုပ်သောစက်ရုံများနှင့်သင်္ဘောကျင်းများကို ဆောက်လုပ်နိုင်ခဲ့သည်။ စစ်အတွင်းသူက မြောက်ပင်လယ်တွင်ရှိသောစစ်ပွဲအတွက် နည်းဗျူဟာများရေးဆွဲရာတွင်ကူညီခဲ့ပြီး ထိုစီမံကိန်းကပင်ဂျာမန်တို့၏ U-boat နည်းဗျူဟာကိုအင်အားလျော့နည်းစေခဲ့သည်။

၁၉၂၁ ခုနှစ်နွေရာသီတွင် ရစဘဲ့အလွန်ပင်နာမကျန်းဖြစ်ခဲ့သည်။ နောက်ဆုံးတဖြည်းဖြည်းတွင်ပင် ပိုလီယိုရောဂါခံစားရသည်ဟု စမ်းသပ်တွေ့ရှိသည်။ ထိုအချိန်တွင်သူသည်တစ်ကိုယ်လုံးလေဖြတ်ခံရနီးပါးဖြစ်ပြီး နောင်တွင်သူ့ခြေထောက်ကိုမည်သည့်အခါမျှ ကောင်းကောင်းမွန်မွန်အသုံးပြုနိုင်ခြင်းမရှိတော့ချေ။ သူ့ကိုကောင်းကောင်းမွန်မွန်သိရှိသော ဆီးနိတ်အမတ်ဖရန့်စစ်ဖယ်ကင်း (Frances Perkins) ကရစဘဲ့၏ရောဂါများက သူ၏အမူအကျင့်ကိုပြောင်းလဲစေပြီး ပို၍ကောင်းလာသောလူတစ်ယောက်ဖြစ်စေခဲ့သည်ဟုဆိုသည်။ ဖရန့်စစ်ဖယ်ကင်း

က "ရုစဘဲ့ဟာ နေမကောင်းတဲ့အချိန်တွင်းမှ ဝိဥာဉ်ရေးရာပိုင်းဆိုင်ရာပြောင်းလဲမှု တို့ကိုရရှိခဲ့တယ်။ ကျွန်တော်သတိထားမိတာက သူနှစ်ပေါင်းများစွာနာမကျန်းဖြစ်တဲ့အချိန်ကစပြီး နောက်ပိုင်းမှာ ဟိုတုန်းကသူ့မှာတစ်ခါတလေရှိတတ်တဲ့ အနည်းငယ်အပေါ် စီးဆက်ဆံတဲ့အကျင့်က ပျောက်သွားတယ်။ သူ့မှာနွေးထွေးတဲ့စိတ်နှလုံးနဲ့ နှိမ့်ချတတ်တဲ့စိတ်ထားရှိလာပြီး နက်နဲသောအတွေးအခေါ်တွေရှိလာတယ်။ သူကိုယ်တိုင်ဒုက္ခဆင်းရဲမှုတွေကို နားလည်လာတယ်" ဟုမှတ်ချက်ချခဲ့သည်။ ရုစဘဲ့က လက်တွန်းလှည်းထဲတွင် ထိုင်နေရသော်လည်း ၁၉၂၈ ခုနှစ်တွင် နိုင်ငံရေးလောကသို့ တစ်ဖန်ပြန်လည်ဝင်ရောက်ခဲ့သည်။ နောက်တစ်နှစ်တွင်ပင် ရုစဘဲ့ကိုနယူးယောက်မြို့ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သူက မြို့ဝန်အဖြစ်တာ ဝန်ထမ်းဆောင်နေစဉ်အတွင်း အမေရိက၏စီးပွါးရေးပြဿနာကို မည်သို့ဖြေရှင်းရန် အခြေခံကျကျအမြင်ရှိသောသူများနှင့် တွေ့ရှိခဲ့သည်။ ထိုသူတို့၏လွှမ်းမိုးမှုကြောင့် ရုစဘဲ့သည် အမေရိက၏တိုးတက်မှုအရှိဆုံး နိုင်ငံရေးသမားများထဲတွင်တစ်ယောက်အပါအဝင်ဖြစ်သည်။

၁၉၂၉ ခုနှစ်အောက်တိုဘာလဖြစ်ပွားခဲ့သော "Wall Street Crash" သည်အမေရိက၏သမိုင်းကြောင်းတစ်လျှောက်တွင် အဆိုးရွားဆုံးစိတ်ခံစားစရာဖြစ်လာခဲ့သည်။ အမေရိကန်သမ္မတဟားဘတ်ဟူးဗယ် **(Herbert Hoover)** က တောင်သူလယ်သမားများအတွက် နိုင်ငံကယ်ဆယ်ရေးအထောက်အပံ့ပေးရာတွင် နှေးကွေးခြင်းနှင့်မြို့ပေါ်ရှိအလုပ်လက်မဲ့များကို အကူအညီပေးရန်ငြင်းဆိုခြင်းများပြုလုပ်ခဲ့သည်။ ဟူးဗယ်က ဖယ်ဒရယ်အလုပ်လက်မဲ့အလုပ်သမားများကို ဖြစ်ပေါ်လာစေမည့်အဆိုတင်သွင်းထားသည့်ဥပဒေကို ဗီတိုအာဏာဖြင့်ပယ် ချလိုက်ပြီး ပြည်သူ့အလုပ်သမားစီမံကိန်းတည်ထောင်ရေးကိုဆန့်ကျင်ခဲ့သည်။

နယူးယောက်မြို့တော်ဝန်တစ်ယောက်အနေနှင့် ရုစဘဲ့သည် အလုပ်လက်မဲ့များအား ကူညီနိုင်ရန်အားသွန်ခွန်စိုက်ကြိုးစားခဲ့သည်။ ထို့အတူ နယူးယောက်ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးကော်မတီကိုတည်ထောင်ပြီး အလုပ်လက်မဲ့များနှင့်အသက်အရွယ်ကြီးသူများကို စတင်ကူညီနိုင်ခဲ့သည်။

ရုစဘဲ့ကနယူးယောက်မြို့ဝန်အဖြစ် အောင်မြင်စွာတာဝန်ထမ်းဆောင်ခဲ့သဖြင့် ၁၉၃၂ ခုနှစ်ဒီမိုကရက်တစ်သမ္မတရွေးပွဲ၌ ရွေးချယ်စရာခေါင်းဆောင်အဖြစ် သိသာထင်ရှားစွာပေါ်လွင်လာသည်။ ရုစဘဲ့မှစီးပွါးရေးပြဿနာအပေါ် မည်သို့ဖြေရှင်းရမည့်အပေါ် သိသာထင်ရှားစွာမဖော်ပြနိုင်သော်လည်း သူ၏ရီပတ်ဘလစ်ကန်ရန်သူကိုအလွယ်တကူအောင်နိုင်ခဲ့သည်။

ရုစဘဲ့သမ္မတဖြစ်ဖြစ်ချင်းမှာပင် တိုင်းပြည်တွင်ဖြစ်ပွါးနေသော ဘဏ်လုပ်ငန်းအရှုပ်အထွေးပြဿနာနှင့်ကြုံတွေ့ရလေသည်။ စီးပွါးရေးပြဿနာများ စတင်လာသည့်အချိန်မှစ၍ တိုင်းပြည်ရှိဘဏ်ငါးပုံတစ်ပုံကို ပိတ်ချပစ်လိုက်သည်။ နောက်ဆက်တွဲအနေဖြင့် လူများ၏ဘဝအသက်တာအတွက် စုထားသောငွေ ၁၅% ပျောက်ဆုံးခဲ့ရလေသည်။ ၁၉၃၃ ခုနှစ်နှစ်ဦးပိုင်းတွင် အမေရိကန်တို့ကယင်းတို့၏ဘဏ်လုပ်ငန်းအပေါ်ယုံကြည်မှုနည်းလာပြီး မိမိတို့၏ငွေများကိုထုတ်ယူပြီးသည့်နောက်အိမ်တွင်ပြန်ထားကြလေသည်။ ရုစဘဲ့သမ္မတဖြစ်ပြီးနောက်တစ်ရက်တွင်ပင် ဘဏ်အားလုံးကို ပိတ်ခိုင်းလေသည်။ ထို့နောက်ကွန်ဂရက်အစည်းအဝေးခေါ်၍ နောင်ငွေကြေးပြဿနာပေါ်လာလျှင် ငွေစုသူများမိမိတို့၏ငွေကြေးများကို မဆုံးရှုံးစေရန်အာမခံပေးသည့် တရားဥပဒေကိုတင်သွင်းရန်တောင်းဆိုလေသည်။

၁၉၃၃ ခုနှစ်မတ်လ ၉ ရက်နေ့တွင် ရုစဘဲ့ကအထူးကွန်ဂရက်တစ်ခုကို ခေါ်ယူခဲ့သည်။ သူကအဖွဲ့ဝင်များကို အလုပ်လက်မဲ့ပြဿနာကိုဖြေရှင်းရန် နည်းလမ်းတစ်ခုမှာ "အစိုးရကိုယ်တိုင်အလုပ်ခေါ်ယူခန့်ထားရန်" ဖြစ်သည်ဟုပြောသည်။ နောက်သုံးလအတွင်း ရုစဘဲ့ကအလုပ်လက်မဲ့ပြဿနာဖြေရှင်းရန် အရေးကြီးသည့် ဥပဒေမူကြမ်းများတင်သွင်းပြီး ကွန်ကရက်မှအတည်ပြုပေးခဲ့သည်။ အထူးကွန်ကရက်အစည်းအဝေးကိုရက်တရာဟုခေါ်ဆိုပြီး ရုစဘဲ့၏လိုအပ်ချက်များကိုထုတ်ဖော်ခဲ့သည်။

အစိုးရက အလုပ်သမားများစွာကို အလုပ်ခန့်ခေါ်ယူခဲ့သည်။ ရုစဘဲ့ကအလုပ်လက်မဲ့ပြဿနာကိုနည်းပါးလာအောင် ကြိုးစား၍ဖြေရှင်းနေစဉ် တချိန်တည်းမှာပင်အလုပ်မလုပ်နိုင်သောသူများအတွက် အခက်အခဲကိုလျှော့ နည်းလာအောင်

ကြိုးစားသည်။ ရုစဘဲ့ကအကူအညီတကယ်လိုအပ်သူများကို အစိုးရ ထောက်ပံ့ကြေးငွေပေးရန်အတွက် ဖယ်ဒရယ်အရေးပေါ်ကယ်ဆယ်ရေးအုပ်ချုပ်မှုအဖွဲ့ (Federal Emergency Relief Administration) ကိုတည်ထောင်ခဲ့သည်။ ၁၉၃၅ ခုနှစ်ဩဂုတ်လတွင် လူမှုလုံခြုံမှုအက်ဥပဒေကို အတည်ပြုခဲ့သည်။ ဤအက်ဥပဒေသည် အသက်အရွယ်ကြီးပင်စင်နှင့်ဖယ်ဒရယ်နှင့်ပြည်နယ်တို့၏အလုပ်လက်မဲ့အပေါ် ကယ်ဆယ်ရေးအထောက်အပံ့ပေးခြင်းတို့ဖြစ်သည်။

NAACP ကဖရန့်ကလင်းရုစဘဲ့ကို ၁၉၃၂ ခုနှစ်တွင် ရွေးချယ်လိုက်ခြင်းအားဖြင့် ဥပဒေနှင့်တရားစီရင်ခြင်းမရှိဘဲ သေဒဏ်ပေးခြင်းကိုပြီးဆုံးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ အာဖရိကန်အမေရိကန်သားများကို ဥပဒေနှင့်အညီတရားစီရင်ခြင်းမရှိဘဲ ရပ်စဲရေးလှုပ်ရှားသူအာဖရိကန်အမေရိကန်သားနှစ်ယောက်က ရုစဘဲ့အနိုင်ရရှိအောင်ကူညီပေးခဲ့သည်။ သူ၏ဇနီးအဲလီနိုရုစဘဲ့သည် တရားဥပဒေနှင့်အညီစီရင်ခြင်းမရှိပဲသေဒဏ်ပေးခြင်းဆန့်ကျင်ရေးလုပ်ငန်းများကို အချိန်ကြာမြင့်စွာလုပ်ကိုင်ခဲ့သည်။ များမကြာမီတွင် တရားဥပဒေနှင့်အညီ စီရင်ခြင်းမရှိပဲသေဒဏ်ပေးခြင်းကို ဆန့်ကျင်သည့်ဥပဒေမူကြမ်းကိုရေးဆွဲခဲ့သည်။ ဤဥပဒေထဲတွင် တရားဥပဒေဘောင်ပေါ်တွင် အလုပ်လုပ်သောတာဝန်ရှိပုဂ္ဂိုလ်များက တရားမဝင်သေဒဏ်ပေးခြင်းကိုဖြစ်ပေါ်သောအချိန်တွင် မိမိတာဝန်ဝတ္တရားအတိုင်းမလုပ်သောသူများကိုတရားဥပဒေအရစီရင်ခြင်းပြုလုပ်ရန်ပါဝင်သည်။ ၁၉၃၅ ခုနှစ်တွင်ရုစဘဲ့အားဤဥပဒေကြမ်းကို ထောက်ခံရန်စည်းရုံးခြင်းခံရသည်။ မည်သို့ဆိုစေကာမူရုစဘဲ့က ထိုဥပဒေမူကြမ်းအတွက်သူကကူညီလျှင် တောင်ပိုင်းရှိလူဖြူလူမဲဆန္ဒပေးသူများက သူ့ကိုခွင့်မလွှတ် မဲပေးတော့မည်မဟုတ်ကြောင့်ဖြစ်သည်။

လွန်ခဲ့သော ၁၉၃၆ ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ရုစဘဲ့ကနိုင်ငံတော်၏ငွေကြေးစာရင်းကို ကတိပေးထားသည့်အတိုင်းမထားနိုင်၍ အနှောင့်အယှက်ပေးခြင်းခံရသည်။ တချို့ကလည်း ရုစဘဲ့ကိုကွန်မြူနစ်အဖြင့် စွပ်စွဲပြောဆိုခဲ့သည်။ သို့သော်လည်းစီမံကိန်းအသစ် (New Deal) ကတကယ်လူကြိုက်များ၍ ရီပတ်ဘလစ်ကန်အမတ်ကို လွယ်ကူစွာအနိုင်ရရှိခဲ့သည်။

ရုစဘဲ့က တတိယအကြိမ်အရွေးခံမည်ဟုကြေငြာခဲ့ပြီးနောက် အများက သူ့ကို အာဏာများလွန်းသည်ဟုစွတ်စွဲမှုများ များသထက်များလာသည်။ ထို့ကြောင့် ရုစဘဲ့က အမေရိကန်သမ္မတသက်တမ်းနှစ်ခုကိုသာယူရမည်ဟု ရေးသားခဲ့သော ဥပဒေကိုပထမဦးဆုံးချိုးဖောက်၍ တတိယအကြိမ်အရွေးချယ်ခံခဲ့ပြီး ၁၉၄၀ ခုနှစ်တွင်အနိုင်ရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်၏ ကြားနေဝါဒမှတဆင့်မဟာမိတ်များကို မျက်နှာသာပေးခဲ့ပြီး နောက်ဆုံး ဂျပန်တို့က ပုလဲဆိပ်ကမ်းကိုဝင်တိုက်ခဲ့ပြီးသည့်နောက် အမေရိကတို့ကစစ်ပွဲထဲကိုဝင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် စတုတ္ထအကြိမ်သမ္မတအဖြစ်ရွေးချယ်ခြင်းခံခဲ့ရသည်။ ဖရန့်ကလင်းဒီလာနိုရုစဘဲ့သည် ၁၉၄၅ ခုနှစ်မေလ ၅ ရက်နေ့၌ ဂျာမနီတို့လက်နက်ချခြင်းမတိုင်မီသုံးပတ်တွင် ကွယ်လွန်သွားခဲ့သည်။

သူကွယ်လွန်သွားပြီးနောက် ရုစဘဲ့၏ဇနီးသည်အဲလီနိုရုစဘဲ့နှင့်သူ၏သားနှစ်ယောက်ဖြစ်သော ဂျိမ်း(စ်)ရုစဘဲ့နှင့် ဖရန့်ကလင်းရုစဘဲ့ဂျေအာရ်တို့မှာ နိုင်ငံရေးလောကတွင်ဆက်လက်လှုပ်ရှားခဲ့သည်။

"လွတ်လပ်ခြင်းဆိုတာတကယ့်ကိုအဖိုးတန်တယ်။ အဖိုးတန်လွန်း
လို့ခွဲတမ်းနဲ့ပေးရမှာဖြစ်တယ်။"
"It is true that liberty is precious – so precious that
it must be rationed"

"သေနတ်တစ်လက်ရှိတဲ့သူဟာ သေနတ်တစ်လက်မှမရှိတဲ့
လူအယောက် ၁၀၀ ကိုထိန်းချုပ်နိုင်တယ်။"
"One man with a gun can control 100 without one."

"လိမ်ညာမှုတွေကိုခဏခဏသုံးမယ်ဆိုရင်နောက်မှာအမှန်တရားဖြစ်လာနိုင်တယ်။"
"A lie told often enough becomes the truth."

## ဗလယ်တီမာလီနင် (၁၈၇၀–၁၉၂၄)



ဗလယ်တီမာလီနင် (Vladimir Lenin) သည်နိုင်ငံရေးခေါင်းဆောင်တစ်ဦးနှင့် ၂၀ ရာစု၏တော်လှန်ရေးအတွေးအခေါ်ရှိသောသူဖြစ်ပြီး ရုရှားနိုင်ငံနှင့်သာမက တကမ္ဘာလုံးအပေါ် နက်နဲသောထိရောက်မှုများရှိခဲ့သည်။ လီနင်သည် ၁၉၁၇ ခုနှစ်တွင်ဘော်ရှီဗစ် (Bolshe--vik) ကရုရှနိုင်ငံ၏အာဏာသိမ်းခဲ့စဉ်က စီစဉ်ညွှန်ကြားခဲ့သူတစ်ဦးဖြစ်သည်။ ထို့အတူ လီနင်သည် ဆိုဗီယက်နိုင်ငံကို တည်ထောင်သူနှင့်ပထမဦးဆုံးသော ခေါင်းဆောင်လည်းဖြစ်သည်။ သူ၏မားစစ် (Marxist) သီအိုရီအပေါ်ကိုးကားချက်များကို(လီနင်ဝါဒ(Leninism)ဟုအများကသိရှိပါသည်။

လီနင်သည် ၁၈၇၀ ခုနှစ်ဧပြီလ ၁၀ ရက်နေ့တွင် စစ်ဘြစ် (Simbrisk) မြို့ရုရှားနိုင်ငံ၌ဖွားမြင်ခဲ့သည်။ သူ၏ဖခင်မှာ ကျောင်းစစ်ဆေးရေးဖြစ်ပြီး ကွန်ဆာဗေးတစ်အမြင်ရှိသူတစ်ဦးဖြစ်သည်။ ထို့အတူသူသည် ရုရှားအောသဒေါ့ဘုရားကျောင်း (Orth--odox Church) ၏ဘာသာရေးကိုင်းရှိုင်းသော အသင်းသားတစ်ဦးဖြစ်သည်။ သူ၏မိခင်မှာ မြေပိုင်ရှင်ဆရာဝန်ကြီးတစ်ဦး၏ သမီးဖြစ်သည်။ လီနင်၏မိသားစုမှာ

ကပြားအမျိုးဖြစ်ပြီး သူ၏မျိုးဆက်များမှာ ရုရှကားလ်မစ် **(Kalmyk)**၊ ဂျူး၊ ဂျာမန်နှင့်စွီဒင်လူမျိုးနှင့်အခြားလူမျိုးများလည်း ပါဝင်ကောင်းပါဝင်နိုင်သည်။ အစ်ကိုအလက်ဇန္ဒား **(Alexander)** ၏တော်လှန်မှုနိုင်ငံရေးအမြင်က လီနင်အပေါ် နက်ရှိုင်းစွာသက်ရောက်မှုရှိပြီး အလက်ဇန္ဒားကပင် လီနင်အားခါးလ်မတ်(စ်) **(Karl Marx)** အတွေးအခေါ်နှင့်မိတ်ဆက်ပေးခဲ့သည်။

လီနင်သည် ကျောင်းတွင်အလွန်ထက်မြက်သော ကျောင်းသားဖြစ်သည်။ ဤအချက်ကြောင့်လည်း သူငယ်ချင်းများနှင့် ကင်းကွာရသည်။ လီနင်သည် သူ့ဆရာ၊ ဆရာမများ၏ ကွန်ဆာဗေးတစ်အမြင်အပေါ် အထင်သေးစက်ဆုပ်သော်လည်း ကျောင်းစာတွင်မူတော်ပါသည်။ သူသည်စာဖတ်ဝါသနာပါပြီးဂိုးအဲ့(သ်)**(Goethe)** နှင့် Turgenev တို့၏အရေးအသားက သူ့ဘဝတစ်သက်လုံးအပေါ် ထိရောက်မှုများရှိခဲ့သည်။

လီနင်ငယ်စဉ်က ဒုက္ခဆင်းရဲမှုကြီးကြီး ၂ ခုကိုကျော်ဖြတ်ခဲ့ရပြီး ယင်းတို့ကြောင့်သူတော်တော်စိတ်ထိခိုက်ခဲ့ရသည်။ ၁၈၈၆ ခုနှစ်တွင်လီနင်၏ဖခင်မှာ **(Cerebral Hemorrhage)** ရောဂါနှင့်သေဆုံးသွားပြီး သူ့အသက် ၁၇ နှစ်ပြည့်သော ၁၈၈၇ ခုနှစ်မေလတွင် သူ၏အစ်ကိုကြီးအလက်ဇန္ဒားမှာ ဇာဘုရင်အလက်ဇန္ဒားသုံးယောက်တစ်ယောက်၏ အသက်အန္တရာယ်ကိုအန္တရာယ်ပြုစေမည့် အကြမ်းဖက်သမားပုံးခွဲမှုတွင်ပါဝင်သဖြင့် အဖမ်းခံရပြီး ကြိုးဆွဲချခံခဲ့ရသည်။ အလက်ဇန္ဒားကို ဖမ်းမိသည့်အချိန်တွင် သူ၏အစ်မကြီးအန်နာက ပါရှိနေသဖြင့်အန်နာကို ကာဇန် **(Kazan)** မှကီလိုမီတာ ၄၀ ကျော်ရှိသည့်ကျေးရွာဆီသို့ နယ်နှင်ဒဏ်ပေးခံရသည်။ ဤသို့ဖြင့်လီနင်သည် သေဆုံးသွားသောတော်လှန်ရေးသမားတစ်ယောက်၏ ညီတစ်ယောက်ဖြစ်သည့်အတွက် သူ့အတွက်တံခါးများစွာပိတ်ဆို့ခဲ့သည်။ ထိုအချိန်မှစ၍ လီနင်က ဘာသာရေးယုံကြည်မှုနှင့် နိုင်ငံရေးစနစ်တို့ကိုစွန့်ခွာလိုက်သည်။

နောက်ဆုံးတွင် ကာဇန်တက္ကသိုလ်မှ လီနင်ကိုလက်ခံပြီး ဥပဒေပညာသင်ကြား

ခွင့်ပေးခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်ပင် လီနင်က နိုင်ငံရေးလှုပ်ရှားမှုတွင်ပါဝင်ခဲ့သည်။ ကျောင်းတက်ပြီး သုံးလအတွင်းမှာပင် သူ့ကိုဆန္ဒပြပွဲများတွင်ပါဝင်မှုဖြင့် ဒေသရဲစခန်းသို့ အဖမ်းခံခြင်းခံခဲ့ရသည်။ ရဲအာဏာရှိတစ်ယောက်ကသူ့ကို "လူငယ်ရယ်—တော်လှန်ရေးလုပ်ပြီး ဒီနံရံတွေကာထားတဲ့နေရာမှာ လာနေရတာဘာလို့ တော်လှန်ရေးလုပ်ချင်ရတာလဲ။" လီနင်က ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ဖြင့် "ဒီနံရံကဒယိမ်းဒယိုင်နဲ့၊ နဲနဲလေးတွန်းလိုက်ယင်ပြိုသွားမှာ" ဟု၍ပြောခဲ့သည်။ ရလဒ်အနေဖြင့် သူ့ကို တက္ကသိုလ်မှမောင်းထုတ်လိုက်ပြီး ပညာရေးလောကတွင် ဝိုင်းပယ်ခြင်းခံရလေသည်။ ကျောင်း၌ထုတ်ပယ်လိုက်ခြင်းခံရပြီးနောက် စိန့်ပီတာဘတ်သို့သွားပြီးအပြင်ကျောင်းတက်ခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် ဥပဒေစာမေးပွဲအောင်မြင်ပြီး ကျောင်းသားဦးရေ ၁၂၄ ယောက်ရှိသည့်အနက်သူကပထမဆုရရှိခဲ့သည်။ လီနင်က စမ်မရာတွင်ဥပဒေဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။

၁၈၉၃ ခုနှစ်တွင် စိန့်ပီတာဘတ်သို့ပြောင်းရွှေ့ပြီး ဥပဒေအလုပ်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှာပင် မားစစ် **(Marxist)** မြေအောက်တော်လှန်ရေးလုပ်ငန်းများအစပျိုးပေးခဲ့သည်။ သူ၏အဖွဲ့ကို အဖွဲ့ငယ်ခြောက်ဖွဲ့အဖြစ် ခွဲထုတ်လိုက်သည်။ ဆိုလိုသည်မှာ စက်ရုံအလုပ်များ၏အခြေအနေများကို ရှာဖွေစုံစမ်းခြင်း၊ စာရင်းဇယားများကောက်ယူခြင်းနှင့် လက်ကမ်းစာတမ်းများရေးထားခြင်း စသည်တို့ကိုလုပ်ကြသည်။ ဤအဖွဲ့ကလေးများခွဲ၍ အလုပ်လုပ်သည့်အချိန်မှာတွင်ပင် သူ၏ဇနီးသည်နာဒက်ဒါခရုပ်စကာယာ **(Nadezhda Krupskaya)** နှင့်တွေ့ရှိပြီး ၁၈၉၈ ခုနှစ်တွင်သူတို့နှစ်ယောက်လက်ထပ်ခဲ့ကြသည်။

၁၈၉၅ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသို့ထွက်သွားပြီး သူနှင့်အတွေးအခေါ်တူညီသည်ဆိုရှယ်ဒီမိုကရက်တို့နှင့်တွေ့ရန်သွားခဲ့ပြီး ဂျော်ဂျီဖလက်ခနော့ **(Georgi Pl- -ekhanov)** နှင့်တွေ့ဆုံစကားပြောခဲ့ကြသည်။ သူတို့သည် ရုရှားပြည်အတွင်းပြောင်းလဲရေးလုပ်ရာတွင် မည်သို့မည်ပုံလုပ်မည်ဖြင့် ငြင်းခုံဆွေးနွေးကြသည်။ ဖလက်ခနော့က အလယ်အလတ်တန်းအဆင့် လစ်ဘရယ်လူတန်းစားများကို

ထည့်သွင်းလိုပြီး လီနင်ကမူ ဆင်းရဲသားအလုပ်သမားလူတန်းစားများကိုသာ ထည့်သွင်းလိုသည်။ ဤသို့အငြင်းအခုံဖြစ်မှုတို့ကြောင့် နောက်ဆုံးတဖြည်းဖြည်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် မင်ရှီဗစ် (Mensheviks) နှင့်ဘော်ရှီဗစ် (Bolsh--eviks) ဟူ၍အဖွဲ့နှစ်ဖွဲ့ကွဲသွားသည်။

လီနင်ရုရှားသို့ပြန်လာသည့်အခါ သူနှင့်အတူ တရားမဝင်လက်ကမ်းစာရွက်များ ယူလာပြီး တော်လှန်ရေးသတင်းစာတစ်စောင်စတင်ထုတ်ဝေရန် ဆောင်ရွက်ခဲ့သည်။ ထိုသတင်းစာထုတ်ဝေသောညမှာပင် သူနှင့်အခြားခေါင်းဆောင်များအဖမ်းဆီးခံရသည်။ ထောင်ထဲတွင်စုစုပေါင်း ၁၅ လအချုပ်ခံရသည်။ ထို့နောက်သူ့ကို ဆိုက်ဘေးရီးယားသို့ ပြည်နှင်ဒဏ်ပေးလိုက်ပြီး ထိုနေရာ၌ပင် သူနှင့်ခရုပ်စကာယာတို့လက်ထပ်ခဲ့သည်။ ပြည်နှင်ဒဏ်ပေးခံခဲ့ရသောအချိန်ပြီးဆုံးသွားပြီးနောက် သူတို့သည် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်သွားပြီး နောက်ဆုံးတွင်အစ္စခါရာ (Iskra) ဆိုသည့်သတင်းစာကိုထုတ်ဝေနိုင်ခဲ့သည်။ အစ္စခါရာ၏အဓိပ္ပါယ်မှာ အင်္ဂလိပ်လို (Spark–မီးပွါးဖြစ်သည်။ ဤအမည်ကို ကဗျာတစ်ပုဒ်ထဲရှိစာပိုဒ်မှ ရရှိခဲ့သည်။ ထိုကဗျာစာ ပိုဒ်မှာ "The spark will kindle a flame–မီးပွါးတွေဟာ မီးတောက်တွေဖြစ်လာအောင်နှိုးဆွပေးတဲ့အရာဖြစ်တယ်" ဟူ၍ပင်။ ဆွစ်ဇာလန်တွင်နေစဉ်အတွင်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို အာဏာရှိလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ သူအနေဖြင့် ခေါင်းမာပြီး စေ့စပ်ကြေအေးတတ်တဲ့ အမြင်မရှိခြင်းကြောင့်ပါတီကိုကွဲသွားစေသည့်အဓိကအချက်တစ်ခုဖြစ်သည်။

၁၉၀၅ ခုနှစ်တွင် ဖြစ်ပွါးခဲ့သော စိန့်ပီတာဘတ်အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် လီနင်ကို အကြမ်း ဖက်လုပ်ငန်းများစတင်လုပ်ဆောင်ရန် တိုက်တွန်းပေးသကဲ့သို့ဖြစ်သည်။ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှာ Father Georgi Gapon ဦးဆောင်သော ငြိမ်းချမ်းစွာဆန္ဒပြနေသောအဖွဲ့ကို Cossacks တို့မှ ပစ်ခတ်ခြင်းမှ စတင်ခဲ့ပါသည်။ ဤဖြစ်ရပ်ကြောင့် ရုရှားတွင်ဆန္ဒပြပွဲများစွာဖြစ်ပေါ်လာခဲ့သည်။ လီနင်သည် ရုရှသို့နှစ်နှစ်ကြာပြန်လာနေခဲ့သော်လည်း သူကတိပြုထားခဲ့သော ဆန္ဒပြပွဲ၊ သို့မဟုတ် လူထုတော်လှန်ရေးပွဲကြီးဖြစ်မလာခဲ့ချေ။ အဘယ့်ကြောင့်ဆို

သော် ဇာတို့ကလူထုကြီးကို အခွင့်အရေးတစ်ချို့ပေးပြီး ကျေနပ်နှစ်သိမ့်စေခဲ့သည်။ ၁၉၀၆ ခုနှစ်တွင်လီနင်ကို ရုရှားဆိုရှယ်ဒီမိုကရက်တစ်အလုပ်သမားပါတီ (Russian Social Democratic Labor Party [RSDLP]) ၏အမှုဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသော်လည်း အရွေးခံရသည့်မှစ၍ ၁၉၁၇ ခုနှစ်အထိ များသောအားဖြင့် ဥရောပတစ်ခွင်၌ ပြည်နှင်ဒါဏ်ပေးခြင်းခံရသည်။ သူသည် ခက်ခဲခါးသီးသောဘဝကို ဖြတ်သန်းရသော်လည်း နိုင်ငံရေးစာပေတို့ကို ဆက်လက်ရေးသားနိုင်ခဲ့သည်။

ပထမကမ္ဘာစစ်စတင်ဖြစ်ပေါ်သည့်အချိန်တွင် လီနင်က ဩစတြီးယားမှာပင်ရှိနေသေးသည်။ ၁၉၁၄ ခုနှစ်ဩဂုတ်လတွင် ရုရှထောက်လှမ်းရေးအဖြစ် အဖမ်းခံရပြီး ထောင်ထဲတွင်အကျဉ်းချခံရသည်။ သို့သော် ထောင်ထဲတွင်ခဏကြာသာအဖမ်းခံရပြီး ဆွစ်ဇာလန်သို့ပြောင်းသွားရန် အခွင့်ပေးလိုက်သည်။ ဘာနီ(Berne) ၌ ကျင်းပသော အစည်းအဝေးတစ်ခုထဲ၌ မိမိ၏စစ်ပွဲနှင့်ပတ်သက်သောအမြင်များကိုဖေါ်ပြခွင့်ရခဲ့သည်။ သူကပဋိပက္ခကို နယ်ချဲ့ ဝါဒဟုခေါ်ဆိုပြီး စစ်ကိုထောက်ခံသောဆိုရှယ်လစ်များအား ဆင်းရဲသားအလုပ်သမားလူတန်းစားများကို ဖေါက်ပြန်သောသူများဟုစွပ်စွဲခဲ့သည်။

ဥရောပရှိဆိုရှယ်လစ်များ စစ်ပွဲကိုထောက်ခံကြသည်ကို လီနင်အနေနှင့်ထိတ်လန့်အံ့သြခဲ့သည်။ ထိုအချိန်မှစ၍ လီနင်က အားသွန်ခွန်စိုက် “နယ်ချဲ့စစ်ပွဲများကိုပြည်သူ့စစ်ပွဲ” များအဖြစ်သို့ပြောင်းလဲရန် လှုံ့ဆော်ဝါဒဖြန့်မှုများပြုလုပ်ခဲ့သည်။ လီနင်က မဟာမိတ်တပ်သားများက ယင်းတို့၏ရိုင်ဖယ်များကို စစ်ဗိုလ်ကြီးများဆီပြန်လှည့်ပြီး ဆိုရှယ်လစ်တော်လှန်ရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ဝါဒဖြန့်ချိရေးလုပ်ငန်းများလုပ်ဆောင်ခဲ့သည်။

၁၉၁၅ ခုနှစ်စက်တင်ဘာလတွင် နီကိုလပ်(စ်) II က ရှေ့တန်းတွင်တိုက်ခိုက်နေသော ရုရှတပ်မတော်တွင် ဩဇာလွှမ်းမိုးမှုရှိသည်ဟုယူဆထားသည်။ ထို့ကြောင့် စစ်ဘက်ဆိုင်ရာဆုံးရှုံးမှုများဖြစ်ပေါ်လာပြီး ၁၉၁၇ ခုနှစ်တွင် သူ့အစိုးရကို ထောက်

ခံမှုများ ကျဆင်းသွားခဲ့သည်။ တိုင်းပြည်၏စစ်ရေးစစ်ရာအပေါ်တွင် ပရိယာယ်မကြွယ်ဝခြင်းနှင့်ဖြတ်စားလဒ်စားလုပ်မှုတို့ကြောင့် ရုရှားတပ်မတော်အတွက် ခေတ်မီသောစစ်ပွဲကိုတိုက်ရန် လိုအပ်သောလက်နက်ပစ္စည်းများ ထောက်ပံ့၍မရတော့ချေ။ ၁၉၁၇ ခုနှစ်တွင် စစ်သားပေါင်း ၁,၃၀၀,၀၀၀ ကျော်တိုက်ပွဲတွင်ကျဆုံးသွားပြီး ၄,၂၀၀,၀၀၀ ထိခိုက်ဒါဏ်ရာရကာ ၂,၄၁၇,၀၀၀ ယောက်အဖမ်းခံခဲ့ရသည်။

ဤစစ်ပွဲကြီးသည်လည်း ရုရှားစီးပွါးရေးအတွက် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေခဲ့သည်။ အစားအစာလျော့နည်းလာပြီး ဈေးနှုန်းလည်း အဆမတန်ကြီးမားလာသည်။ ၁၉၁၇ ခုနှစ်ဇန်နဝါရီလတွင် ဖက်တိုကရက်၌ ကုန်ဈေးနှုန်းမှာ ခြောက်ဆတိုးလာခဲ့သည်။

၁၉၁၇ ခုနှစ်တွင် ရုရှားနိုင်ငံ၌တော်လှန်ရေးနှစ်ခုစတင်ခဲ့သည်။ မတ်လတွင် စိန့်ပီတာဘတ်တွင်ရှိသော စတီးလုပ်သားများက သပိတ်မှောက်ကြသည်။ တဖြည်းဖြည်းဤဆန္ဒပြပွဲမှာ ကြီးမားလာပြီး လူထောင်ပေါင်းများစွာတို့သည် လမ်းမများပေါ်တွင်တန်းစီဆန္ဒပြနေကြသည်။ ဤတွင် ဇာဘုရင်၏ အာဏာဆုံးရှုံးခဲ့ပြီး အလက်ဇန္ဒားကီရင်စကီးဦးဆောင်သော ဒူမာအဖွဲ့က အာဏာသိမ်းယူခဲ့သည်။ လီနင်က ဂျာမန်တို့နှင့် သဘောတူညီမှုတစ်ခုပြုလုပ်ခဲ့သည်။ အကယ်၍ဂျာမန်တို့က သူ့အား ရုရှားသို့အန္တရာယ်ကင်းဘေးရှင်းစွာပို့ဆောင်ပေးနိုင်လျှင် သူကအာဏာသိမ်းယူပြီး ရုရှားတပ်ကို စစ်ပွဲအတွင်းမှရုပ်သိမ်းပေးမည်ဟူ၍ပင်။ ကီရင်စကီးကတိုင်းပြည်တွင် အခက်အခဲများကြုံတွေ့ရပြီး ရုရှားတပ်မတော်မှ အရှုံးနှင့်ရင်ဆိုင်ရသော်လည်း ရုရှားတပ်ကိုပြန်၍ရုပ်သိမ်းရန်စိတ်မကူးပေ။ အောက်တိုဘာလတွင် လီနင်က တိုင်းပြည်အာဏာကို သွေးစက်မကျလောက်အောင်ပင် သိမ်းယူနိုင်ခဲ့သည်။

ဘာလယ်တီမာလီနင်အသက် ၄၇ ခုနှစ်အရွယ်တွင်ကွန်မြူနစ်ပါတီ (Society of People's Commissars)တို့၏ခေါင်းဆောင်ဖြစ်လာပြီး တစ်ချိန်တည်းမှာပင် တိုင်းပြည်၏သမ္မတဖြစ်လာသည်။

အစိုးရအသစ်ဖြစ်သော ကွန်မြူနစ်ပါတီ၏အခက်အခဲမှာ နည်းပါးလှသည်မဟုတ်ချေ။ ဂျာမနီနှင့်ဖြစ်ပွါးနေသောစစ်ပွဲများလည်း ရုတ်တရက်ပြီးဆုံးသွားသည်။ (သူ၏ကြွေးကြော်သံမှာ 'ပေါင်မုန့်ပေးပါစစ်ပွဲမဟုတ်ပါ' ဟူ၍ဖြစ်ခဲ့သည်)။ ရုရှားတို့မှ သူတို့၏ပေါင်မုန့်ခြင်းဖြစ်သော ယူကရိန်းကို ဂျာမနီများလက်သို့ဆုံးရှုံးသွားလိုက်ရသော်လည်းများမကြာမီဂျာမနီက စစ်ပွဲတွင်ဆုံးရှုံးသွားသောအခါ သူတို့မှယူကရိန်းကို ပြန်လည်ရရှိခဲ့သည်။ လယ်ယာမြေ များကိုခွဲယူမှုဝေပြီး တချို့ကိုအများပိုင်မြေအဖြစ်ထားခဲ့သည်။ အစိုးရက စက်ရုံမိုင်းလုပ်ငန်းများနှင့်ဘဏ်များကို နိုင်ငံတော်ပိုင်သိမ်းပိုက်လိုက်သည်။ ထိုရုရှားအော်သဒေါ့ဘုရားကျောင်းကို ဖျက်သိမ်းခဲ့သည်။

လီနင်အတွက် အတိုက်အခံပါတီရှိခဲ့ပြီး ၁၉၁၈ ခုနှစ်တွင်မင်ရှီဗိတ် (အဖြူ) ဘော်လရှီဗစ် (အနီ) တို့အကြား ပြည်တွင်းစစ်များဖြစ်ခဲ့သည်၊ အဖြူများကို ဗြိတိန်နှင့်အမေရိကန်တို့က ကူညီခဲ့သော်လည်း နောက်တွင်အဖြူများ စစ်ပွဲတွင်အရေးနိမ့်ခဲ့ရသည်။

၁၉၁၉ နှင့် ၁၉၂၁ ခုနှစ်များတွင် ငတ်မွတ်ခေါင်းပါးမှုနှင့်တိုက်ဖွိုက်ရောဂါများ ရုရှားပြည်တစ်ပြည်လုံး၌ဖြစ်ပေါ်ခဲ့ပြီး လူ ၂၇ သန်းကျော်မျှကို အသက်ဆုံးရှုံးစေခဲ့သည်။ ဤပြဿနာများကိုဖြေရှင်းရန်အတွက် လီနင်က စီးပွါးရေး လုပ်ငန်းစဉ်အသစ်တခုချပေးခဲ့သည်။ ဤလုပ်ငန်းစဉ်ကို ပျက်စီးရှုပ်ထွေးနေပြီး ရုရှားပြည်ကြီး၏သေဆုံးနေပြီးဖြစ်သောစီးပွါးရေးစနစ်ကို ပြန်၍အသက်ရှင်လာစေရန် အရင်းရှင်စနစ်အတွေးအခေါ်များဖြစ်ပေါ်လာတော့သည်။ လယ်သမားများ လဟာပြင်စျေးတွင် စျေးရောင်းခွင့်ရရှိခြင်းနှင့်အလုပ်သမားငှားရမ်းနိုင်ခွင့်များရရှိလာသည်။ လယ်ယာမြေတိုးချဲ့လုပ်ကိုင်သော လယ်သမားများကို ကုလတ် (ရေးရုရှပြည်ရှိလယ်သမားကြီးများ) ဟုသိရှိကြသည်။ အလုပ်သမားအယောက် ၂၀ ထက်နည်းသောစက်ရုံများကို ပြည်သူပိုင်အဖြစ်မှနုတ်ပယ်ပြီး ယခင်အလုပ်ရှင်များလက်ထဲသို့ ပြန်ပေးခဲ့သည်။ သို့သော်လည်း သူ၏လုပ်ရပ်ရလဒ်များကို သူကောင်းကောင်းမတွေ့ရှိခံစားရတော့ပေ။ ၁၉၁၈ ခုနှစ်ဩဂုတ်လ ၃၀ ရက်နေ့တွင် ဆိုရှယ်လစ်တော်လှန်သူ

များ၏အဖွဲ့ဝင်ဖြစ်သော ဒိုရာကစ်လန်က သူ့ကိုသေနတ်နှင့်ပစ်ပြီးနောက် သူ့ကျန်းမာရေးလည်း ဆုတ်ယုတ်လာလေသည်။ သူ၏ခန္ဓာကိုယ်ထဲသို့ ကျည်ဆံနှစ်တောင့်ဝင်ခဲ့ပြီး ခွဲစိတ်ထုတ်ရန်အတွက် အန္တရာယ်ရှိလွန်းသဖြင့်မထုတ်ခဲ့ရချေ။

၁၉၂၂ ခုနှစ်မေလတွင် လီနင်လေဖြတ်ခံရပြီး နောက်တစ်နှစ်မပြည့်မီ ထပ်၍လေဖြတ်ခံရသည်။ သူအသက်မသေဆုံးမီ နောက်ဆုံးနှစ်နှစ်အတွင်း တိုင်းပြည်၏လွန်ကဲ့စွာဖြစ်ပေါ်နေသော ဖြစ်ရပ်တစ်ချို့ကို ကြိုးစားပြုပြင်ခဲ့သည်။ သူ၏အမြင်မှာ အရင်းရှင်နိုင်ငံများနှင့်အတူ ယှဉ်တွဲနေထိုင်ရန် လေ့လာခြင်းတို့လိုအပ်ပြီး ထိရောက်မှုမရှိသောဗျူရိုကရေစီစနစ်ကိုလည်းရပ်စဲရန်အတွက်ဖြစ်သည်။ ထို့အတူ သူ၏နေရာကို စတာလင်ကမယူပဲ ထရော်စကီးကိုအာဏာရရှိစေလိုသည်။ သို့သော် သူမအောင်မြင်ခဲ့ပေ။ စတာလင်သည်အလွန်ပင်ဖြတ်ထိုးဉာဏ်ကောင်းပြီး လီနင်ကဲ့သို့လူအတွက်ပင်တကယ်ပင်အကင်းပါးလည်ဝဲသူဖြစ်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် လီနင်ကို လေနောက်တစ်ခါထပ်ဖြတ်၍ သူကိုယ်တစ်ခြမ်းသေသွားပြီး စကားမပြောနိုင်တော့ပေ။ ထို့နောက် သူမည်သည့်အခါမျှ ပြန်နေမကောင်းတော့ပဲ ၁၉၂၄ ခုနှစ်ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဦးနှောက်သွေးကြောပြတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

"စကားကိုချိုသာစွာပြောပြီးတုတ်ကြီးကြီးတစ်ချောင်းကိုင်ထားပါ။"
"Speak softly and carry a big stick."

"မရိုက်ပဲနဲ့ ရှောင်နိုင်ရင်လုံးဝမရိုက်ပါနှင့်၊ ဒါပေမဲ့ရိုက်ရင်ဘယ်တော့မှ ဖြည်းညင်းစွာမရိုက်ပါနှင့်။"
"Don't hit at all if it is honorably possible to avoid hitting, but never hit soft."

## သီအိုဒိုရုစဘဲ့ (၁၈၅၈–၁၉၁၉)



**သီ**အိုဒိုရုစဘဲ့ (Theodore Roosevelt) သည်အမေရိကန်ပြည်ထောင်စု၏ ၂၆ ယောက်မြောက်သမ္မတဖြစ်ပြီး သူသည်ကြံ့ခိုင်ပြီး လုပ်ငန်းတွင်အားသွန်ခွန်စိုက်အလုပ်လုပ်ဆောင်သော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံကိုနိုင်ငံခြားရေးရာကိစ္စများ၌ ပါဝင်ဆောင်ရွက်မှုများများပြားလာစေခဲ့ပါသည်။

သီအိုဒိုရုစဘဲ့သည် ၁၈၅၈ ခုနှစ်အောက်တိုဘာလ ၂၇ ရက်နေ့၌ နယူးယောက်မြို့တွင်ဖွားမြင်သည်။ သူသည်ချမ်းသာကြွယ်ဝသောစီးပွါးရေးသမားတစ်ဦး၏ စတုတ္ထသားဖြစ်ပြီးသူ၏ငယ်နာမည်မှာ "ထက်ဒီ" ဖြစ်သည်။ သူကထိုနာမည်ကို လုံးဝမကြိုက်ပေ။ သူ့တွင်ပန်းနာရင်ကြပ်ရောဂါ နှင့်အလွန်ပင်မျက်စိမှုန်သောရောဂါရှိသည်။ ထို့ကြောင့်သူ၏ဖခင်သည်သူ့အား အနိုင်မခံအရှုံးမပေးပဲ မိမိ၏ရောဂါများကိုတွန်းလှန်နိုင်ရန်ဤသို့အားပေးခဲ့ပါသည်။ "သားမှာဉာဏ်ဗလရှိပေမဲ့ ကာယဗလမရှိဘူး။ ဒါကြောင့်ကာယဗလရှိအောင် လုပ်ယူရမယ်။" သူ၏ဖခင်မှသူ့သားကိုကူညီရန်အတွက် အားကစားရုံကို သူတို့၏အိမ်တွင်ပင်တည်ထောင်ပေးခဲ့သည်။ ဤသို့နှင့်ထက်ဒီမှ တဖြည်းဖြည်းမိမိ၏ခန္ဓာကိုယ်ကျန်းမာသန်စွမ်းလာအောင် အားကစားလိုက်စားလာခဲ့ရာနောင်တွင် "ကျွဲရိုင်းတစ်ကောင်လိုကျန်းမာသန်စွမ်းလာသည်" ဟုနှိုင်းယှဉ်ရလာအောင် ကျန်းမာသန်စွမ်းလာပါသည်။ အသက်ငယ်ရွယ်စဉ်က သီအိုဒိုသည်သူ၏မိသားစုနှင့်အတူဥရောပတစ်ခွင်လုံးခ

ရီးလှည့်လည်ခဲ့ပြီး ထိုနေရာတစ်ဦပင် သူ၏ပြင်သစ်စကားနှင့်ဂျာမန်ဘာသာစကားကိုကျွမ်းကျင်စွာတတ်မြောက်ခဲ့သည်။

၁၈၇၆ ခုနှစ်အသက် ၁၈ နှစ်အရွယ်တွင် သီအိုဒိုသည်ဟားဗတ်တက္ကသိုလ်ဝင်ခွင့်ရခဲ့သည်။ သူကစားသောအားကစားများမှာလှေလှော်ခြင်း၊ လက်ဝှေ့ကစားခြင်း၊ မြင်းစီးကစားခြင်းနှင့်စခန်းချကစားခြင်းများကိုနှစ်သက်သည်။ သီအိုဒိုသည်ပညာလေ့လာသင်ယူရာတွင်စိတ်ဝင်စားမှုရှိပြီး အမှန်တကယ်ပြောရလျှင် လှုပ်ရှားတက်ကြွသောကျောင်းသားတစ်ယောက်ဖြစ်ပြီး စာသင်ကြားပို့ချရာတွင် အားတက်သရောလေ့လာသင်ယူသည်။ တစ်ခါတုန်းကဆိုလျှင် သူ့ကိုစာသင်ကြားပို့ချသောပရောဖက်ဆာကသီအိုဒိုကို "ဒီမှာကြည့်သီအိုဒို၊ ငါကဒီအတန်းထဲမှာဆရာဖြစ်နေတာလဲသတိရအုံးနော်" ဟူ၏။

၁၈၇၈ ခုနှစ်တွင်သီအိုဒိုက နာမည်ကျော်ကြားသောဘော့စတန်မိသားစု၏သမီးဖြစ်သူ အဲလစ်ဟာသာဝေးလီနှင့်တွေ့ဆုံခဲ့သည်။ ယင်းတို့နှစ်ဦးချစ်သူရည်းစားအဖြစ်အချိန်ကြာမြင့်စွာနေထိုင်ခဲ့ပြီး ၁၈၈၀ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် အဲလစ်နှင့်သီအိုဒိုတို့လက်ထပ်ထိမ်းမြားခဲ့သည်။ ဤအချိန်တွင်မှာပင် သူ၏ဖခင်မှာ အစာအိမ်ကင်ဆာဖြင့် ၁၈၇၈ ခုနှစ်ဖေဖေဖါ်ဝါရီလ ၉ ရက်နေ့တွင်ကွယ်လွန်ခဲ့သည်။ သူ၏ဖခင်သေဆုံးသွားပြီးနောက် အသက်နှစ်ဆယ့်တစ်နှစ်အရွယ်ရှိသီအိုဒိုသည် ယင်း၏မိသားစုအတွက် အိမ်ထောင်ဦးစီးဖြစ်လာခဲ့ရသည်။

ထို့နောက်သီအိုဒိုက ကိုလံဘီယာရှိဥပဒေကျောင်းကိုဆက်တက်ပြီး ၁၈၈၁ ခုနှစ်တွင်ကျောင်းမှထွက်ပြီးနယူးယောက်ခရိုင်ပြည်သူ့လွှတ်တော်တွင် နေရာရအောင်ကြိုးစားခဲ့သည်။ သူ့ကိုရီပတ်ဘလစ်ကန် (Republican) တွင်အရွေးချယ်ခံရပြီးရီပတ်ဘလစ်ကန်ကိုဦးစီးဦးဆောင်ရန်အတွက် နှစ်ကြိမ်တိုင်တိုင် အရွေးခံခဲ့ရသည်။

သီအိုဒို၏ကံကောင်းသထက်ကောင်းလာပြီး သူ့ဘဝတွင် လျင်မြန်စွာတိုးတက်မှုများရှိလာသည်ကိုတွေ့ရမည်။ သို့သော်လည်း ၁၈၈၄ ခုနှစ်တွင်သူ၏ဘဝမှာတစ်

စစီပြိုကွဲသွားရသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်သူ၏သမီးလေးအဲလစ်ရစ ဘဲ့လီးကိုဖွားမြင်ပြီးနောက် သူ၏ဇနီးသည်တွင် ကျောက်ကပ်ရောဂါရှိကြောင်း တွေ့ရှိရသည်။ ထိုရောဂါဖြင့်ပင်ဖေဖော်ဝါရီလ ၁၄ ရက်နေ့ချစ်သူများနေ့တွင် ကွယ် လွန်သွားခဲ့ရှာသည်။ သူ၏မိခင်မှာလည်းနေမကောင်းဖြစ်ပြီး တိုက်ဖွိုက်အဖျား ရောဂါကိုရကာ ၁၈၈၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ညနေပိုင်းတွင် ကွယ်လွန် သွားခဲ့ရရှာသည်။

ဤသို့ဖြင့် ၁၈၈၄ ခုနှစ်တွင် ရုစဘဲ့ကအနောက်ဘက်ဆီသို့ခရီးနှင်၍ ဒါကိုတာ (Dakota) ၌တိရိစ္ဆာန်မွေးမြူရေးအလုပ်လုပ်ကြည့်ရန် ကြိုးစားသည်။ သူ့အနေနဲ့ ဒါကိုတာ၏လူသူကင်းမဲ့မှုက သူ၏ရင်ထဲမှ ခံစားနေရသောကြေကွဲဝမ်းနည်းမှုတို့ ဖြေသိမ့်နိုင်လိမ့်မည်ဟုယုံကြည်သည်။ အနောက်ဘက်ရှိ လူဆိုးလူပေများကသူ့ ကို “လေးလုံး” နှင့် “ခြေထောက်ပျော့” စသည့်မလေးမစားမခံချိမခံသာဖြစ် အောင်ပြောဆိုခြင်းများကိုဖြတ်သန်း၍ တဖြည်းဖြည်းသူ့ကိုဆန့်ကျင်လာသည့် သူများကို အခြေအနေအလိုက်ပေါ်မူတည်၍ ဖြတ်ထိုးဉာဏ်သုံးသော်တန်ပြန် များဖြင့်ဖြစ်စေ သံမဏိကဲ့သို့မာကျောသောစတီးလက်သီးများဖြင့်ဖြစ်စေ တဖြည်း ဖြည်းအနိုင်ယူလာခဲ့သည်။ သို့သော်သူ၏အမျက်ဒေါသကိုတော့သူ၏ငါးများ လှေကိုခိုးသွားသည့်သူခိုးများမှအပ မည်သူမျှသိမည်မဟုတ်ပေ။ သူခိုးများကသူ ၏ငါးဖမ်းလှေကိုခိုးပြီးသည့်အခါ သီအိုဒိုသည် ကြမ်းတမ်းလှသည့်ဒါကိုတာမြေ မျက်နှာပြင်ကိုမမှုဘဲ သူခိုးများ၏နောက်ကိုနှစ်ပတ်ကြာလိုက်ပြီးတဲ့နောက်ပိုင်း နောက်ဆုံးသူခိုးများကိုဖမ်းမိခဲ့၏။ ထို့ကြောင့် အရှေ့အရပ်က “ခြေထောက်ပျော့ တဲ့မြို့ကြီးသားဟာသူခိုးတွေကို ဖမ်းနိုင်ခဲ့တယ်” လို့နာမည်တွင်ခဲ့သည်။ ဤကာ လတစ်လျှောက်တွင် သီအိုဒိုကစာများစတင်ရေးသားပြီး စာရေးဆရာဖြစ်လာ သည်။ သူရေးသားသောစာအုပ်ထဲတွင် ၁၈၈၉–၁၈၉၆ ခုနှစ်တွင်ထုတ်ဝေသော “America’s Westward Expansion” လေးအုပ်တွဲကိုပါထုတ်ဝေခဲ့သည်။

၁၈၈၉ ခုနှစ်တွင် ရီပတ်ဘလစ်ကန်သမ္မတဟာရီဆင်ကယင်းကို အမေရိကန်ပြည် သူ့ဝန်ဆောင်မှုကော်မရှင်အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်ထားလိုက်သည်။ ၁၈၉၅ ခုနှစ်

တွင်ရုစဘဲ့ကနယူးယောက်မြို့နယ်ပုလိပ်ဘုဒ်အဖွဲ့ဝင်ဖြစ်လာသည်။ နောက်တစ်နှစ်တွင် ရီပတ်ဘလစ်ကန်သမ္မတမက်(ခ်)ကင်းလေ (Mckinley) ကသူ့ကိုရေတပ်၏ အထွေထွေလက်ထောက်အတွင်းရေးမှူးအဖြစ်ခန့်အပ်ခဲ့သည်။ ရုစဘဲ့က အမေရိကန်၏ရေတပ်စွမ်းအားကိုတိုးချဲ့မြှင့်တင်ခဲ့သဖြင့် အမေရိကန်သည်လည်း ကမ္ဘာ့စစ်ပွဲများတွင် ပို၍ပါဝင်လာသည်ကိုတွေ့ရမည်။ စပိန်နှင့်အမေရိကန်စစ်ပွဲများအတွင်း ရုစဘဲ့ကခြေလျင်တပ်ရင်းတွင် ဒုဗိုလ်ကြီးအဖြစ်တက်ကြွစွာတာဝန်ထမ်းဆောင်ခဲ့သည်။

၁၈၉၈ ခုနှစ်တွင် ရုစဘဲ့မှာနယူးယောက်မြို့ဝန်အဖြစ်အရွေးခံရပြီး ၁၉၀၀ ခုနှစ်တွင် သမ္မတမက်ကင်းလေး၏အောက်တွင် ဒုတိယသမ္မတအရွေးခံရလေသည်။ ၁၉၀၁ ခုနှစ်တွင် မက်ကင်းလေးကလုပ်ကြံသတ်ဖြတ်ခြင်းခံရပြီး သူ့နေရာကိုရုစဘဲ့ဆက်ခံရရှိသည်။ ထိုသက်တမ်းပြည့်ပြီးနောက်မှ ရုစဘဲ့ကမိမိတွင်အခွင့်ရေးရှိသည့်အတိုင်းသမ္မတအဖြစ် ၁၉၀၄ ခုနှစ်တွင်အရွေးချယ်ခံခဲ့ရသည်။ သူသမ္မတသက်တမ်းတစ်လျှောက်လုံးတွင် ကြီးမားသောကော်ပိုရေးရှင်းများ၏အာဏာများကို ကန့်သတ်ရန်အတွက် လက်ဝါးကြီးအုပ်ချုပ်ရေးလုပ်ငန်းများ ကျင့်သုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်အစပျိုးလုပ်ဆောင်ခဲ့သည်။ ထို့ထက်မက အမေရိကန်၏ ပထမဦးဆုံးအမျိုးသားဥယျာဉ်ကို ဖလော်ရီဒါပြည်နယ်၌ ၁၉၀၃ ခုနှစ်နှင့် ၁၉၀၆ ခုနှစ်တွင် ပထမဦးဆုံးအမျိုးသားကျောက်တိုင်ကို ယွန်းမင်း (Wyom--ing) တွင်တည်ဆောက်ခဲ့သည်။

နိုင်ငံခြားရေးရာတွင်လည်း ရုစဘဲ့ကအမေရိကန်သည် "ချိုသာစွာစကားပြောပြီး တုတ်ကြီးကြီးတစ်ချောင်းကိုင်သည်" ဟုကြေငြာခဲ့သည်။ သူ့ယုံကြည်ချက်မှာအကယ်၍အခြားသောနိုင်ငံများက အမေရိကန်သည် မိမိ၏အကျိုးများကို စစ်ရေးခြိမ်းခြောက်မှုများဖြင့်အကာအကွယ်ပေးကြောင်းသိလျှင် အမေရိကန်၏လုံခြုံရေးမှာ ပိုပြီးတိုးမြှင့်လာလိမ့်မည်ဟူ၍ပင်။ မွန်ရိုးစာချုပ်ကြောင့် ကာရေးဘီးယန်းပင်လယ်ထဲ၌ နိုင်ငံခြားရေတပ်များရှိလာခြင်းမှ ကာကွယ်ပြီး လက်တင်အမေရိကန်ကို အမေရိကန်ပြည်ထောင်စုတစ်ခုကသာ ကြားဝင်စွက်ဖက်နိုင်သည်။

ရုစဘဲ့သည် ပနားမားတူးမြောင်းတည်ထောင်ရေးကို အားပေးတိုက်တွန်းခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် Russo–Japanese စစ်ပွဲကို ပြီးဆုံးအောင်ပြုလုပ်ခဲ့သည့်အတွက် နိုဘယ်(လ်)ဆုကိုချီးမြှင့်ခြင်းခံခဲ့ရသည်။

ရုစဘဲ့ကသမ္မတရာထူးမှ ၁၉၀၈ ခုနှစ်တွင်အငြိမ်းစားယူခဲ့သည်။ ၁၉၁၂ သမ္မတရွေးကောက်ပွဲတွင် သူ့၏နေရာကိုဆက်ခံရရှိခဲ့သောဝီလျံထပ်(ဖ်)၏ပေါ်လစီကိုမကြိုက်သဖြင့် သူနှင့်ပြိုင်၍မဲရွေးခဲ့သည်။ ထို့ကြောင့် ရီပတ်ဘလစ်ကန်၏မဲကိုနှစ်ဖွဲ့ခွဲသလိုဖြစ်ပြီးနောက် ဒီမိုကရက်တစ်အမတ် ဝုး(ဒ်)ရိုဝီလ်ဆင်ကသမ္မတဖြစ်လာခဲ့သည်။

ရုစဘဲ့သည် ၁၉၁၉ ခုနှစ်ဇန်နဝါရီလ ၆ ရက်နေ့အသက်ခြောက်ဆယ်အရွယ်တွင်သေဆုံးသွားခဲ့သော်လည်း သူ၏အမွေအနှစ်များကျန်ရစ်ခဲ့သည်။ သီအိုဒိုသည် အမေရိကန်၏ သမ္မတကောင်းတစ်ယောက်ဖြစ်သည်သာမက သစ္စာရှိသောခင်ပွန်းသည်စံပြဖခင်နှင့်နိုင်ငံတော်အတွက်အကျိုးပြုသည်သာမက ကမ္ဘာတစ်ခုလုံးအကျိုးအတွက်အကျိုးပြုလုပ်ဆောင်ခဲ့သော ပြည်သူ့သားကောင်းတစ်ယောက်ဖြစ်ခဲ့သည်။ သူသည်စာရေးဆရာကောင်း တစ်ယောက်ဖြစ်ပြီး လူ့အခွင့်အရေးလှုပ်ရှားမှုများ၌ မနားမနေပါဝင်ဆောင်ရွက်သည်သာမက ခေါင်းဆောင်မှုအရည်အချင်းနှင့်ပြည့်စုံသည့်နိုင်ငံရေးသမားတစ်ယောက်ဖြစ်သည်။ မိမိ၏အနီးအနားတစ်ဝိုက်ရှိကမ္ဘာကြီးကို ပုံစံသွင်းသည်သာမက မည်သည့်အလုပ်ကိုမဆိုလုပ်ရာတွင်လွတ်လပ်မှု၊ တရားဥပဒေအောက်တွင်တရားမျှတမှုနှင့်စိတ်ချမ်းသာမှုအပေါ်တွင်မူတည်သည်။

သူ၏နာမည် “ထက်ဒီ” ကိုအစွဲပြု၍ ဝက်ဝံရုပ်ကလေးများကို ထက်ဒီရုပ်ဟုခေါ်သည်။

“အမျိုးသမီးတစ်ယောက်က အိမ်ဦးစီးထိန်းချုပ်ရမှာ ဖြစ်ပေါ်လာတဲ့အခက်အခဲတွေ
အကြောင်းကိုနားလည်ပါက တိုင်းပြည်ကိုအုပ်ချုပ်ရမှာ ပေါ်ပေါက်လာတဲ့
ပြဿနာတွေအကြောင်းကိုနားလည်လာဖို့နီးစပ်လာပြီး။”

"Any Woman who understands the problems of running a home will be nearer to understanding the problems of running a country."

“အာဏာရှိတယ်ဆိုတာ မိန်းမတစ်ယောက်နဲ့တူတယ်။ တကယ်လို့သင်ဘာဖြစ်တယ်
ဆိုတာကိုပြောပြရရင် သင်မိန်းမဖြစ်မှာမဟုတ်ဘူး။”

"Being powerful is like being a lady. If you have to tell people you are, you aren't."

“တကယ်လို့ကျွန်မလိုချင်တဲ့အရာကိုရမည်ဆိုလျှင်ကျွန်မအလွန့်
အလွန်စိတ်ရှည်နိုင်ပါသည်။”

"I am extraordinarily patient, provided I get my own way in the end."

## မါဂရက်သက်ချာ (၁၉၂၅–        )



မာဂရက်သက်ချာ (Margaret Thatcher) သည်ယူနိုက်တက်ကင်းဒမ်း၏ပထမဦးဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်ပြီး ၁၉၇၉ ခုနှစ်မှ ၁၉၉၀ အထိအုပ်ချုပ်ခဲ့သည်။ သက်ချာကဗြိတိန်၏စီးပွါးရေးဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်မည်ဟုကတိပေးပြီး သူမက ဤရည်မှန်းချက်သို့ ရောက်ရှိအောင် အစိုးရပိုင်စက်ရုံများကို ရောင်းချခြင်းနှင့် ပုဂ္ဂလိကပိုင်အဖြစ်သို့ပြောင်းလဲခြင်းများလုပ်ကိုင်ခဲ့သည်။

မာဂရက်ရောဘတ်သည် ကုန်စုံဆိုင်ရောင်းသူ၏သမီးဖြစ်ပြီး ၁၉၂၅ ခုနှစ်အောက်တိုဘာလ ၁၃ ရက်တွင် ကြမ်သမ် (Granham)၊ လင်ကွန်းရှိုင်းယား (Lincolns--hire) တွင်ဖွားမြင်ခဲ့သည်။ အောက်စဖို့ဒ်တက္ကသိုလ်တွင်အောင်မြင်ခဲ့ပြီးသည့် နောက် မာဂရက်သည် သုတေသနပြုဓါတုပညာရှင်တစ်ဦးဖြစ်လာသည်။ ထို့နောက်သူမက ဥပဒေပညာကိုဆက်လက်သင်ကြား၍ ဝတ်လုံတော်ရရှေ့နေတစ်

ဦးဖြစ်လာသည်။

၁၉၅၁ ခုနှစ်ဒီဇင်ဘာလ ၁၃ ရက်နေ့တွင်ဒဲနစ်သက်ချာ (Denis Thatcher) ဆိုသော အောင်မြင်သောစီးပွါးရေးသမားတစ်ယောက်နှင့်လက်ထပ်ခဲ့သည်။ မာဂရက်သက်ချာသည် ကွန်ဆာဗေးတစ်ပါတီဝင်တစ်ဦးဖြစ်ပြီး ၁၉၅၉ ခုနှစ်အောက်တိုဘာလတွင် (Finchely) ကိုကိုယ်စားပြုရန် ရွေးချယ်ခြင်းခံရသည်။ နောင်နှစ်နှစ်အကြားတွင်ဟာရိုမက်မီလန် (Harold Macmillan) အစိုးရ၏ပင်စင်နှင့်နိုင်ငံအာမခံကြေး၌နတွင် တွဲဖက်ပါလီမန်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီရှုံးနိမ့်ခဲ့ပြီး ဟာရိုဝီလစင် (Harold Wilson) ကဝန်ကြီးချုပ်အသစ်ဖြစ်လာခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ဖြစ်လာသူအက်ဒဝပ်ဟက်(သ်) (Edward Health) ကသူမကို အတိုက်အခံအစိုးရ၏ပင်စင်နှင့်နိုင်ငံအာမခံကြေး၌နတွင် ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်အဖြစ်ခန့်ထားခဲ့သည်။ ထို့နောက်သူမက အတိုက်အခံပါတီဘက်မှအိမ်ယာ၌န (အောက်တိုဘာ ၁၉၆၅)၊ ဘဏ္ဍာရေး (ဧပြီလ ၁၉၆၆)၊ လောင်စာနှင့်စွမ်းအင် (အောက်တိုဘာ ၁၉၆၇)၊ သယ်ယူပို့ဆောင်ရေး (နိုဝင်ဘာ ၁၉၆၈) နှင့်ပညာရေး (အောက်တိုဘာ ၁၉၆၉) တို့၌အသီးသီးတာဝန်ယူခဲ့ရသည်။

၁၉၇၀ ခုနှစ်အထွေထွေရွေးကောက်ပွဲများ၌ ကွန်ဆာဗေးတစ်ပါတီအနိုင်ရသည့်အချိန်တွင် သက်ချာကပညာရေးနှင့်သိပ္ပံရေးရာတို့၌ အတွင်းရေးမှူးဖြစ်လာသည်။ ၁၉၇၀ ခုနှစ်အောက်တိုဘာလတွင်အသက် ၇ နှစ်ကျော်ကလေးများအတွက် ကျောင်းများ၌နို့ အလကားတိုက်ကျွေးမှုကို ရပ်ဆိုင်းပစ်ခြင်းနှင့်ကျောင်းတွင်အစားအစာဖိုးများ မြှင့်တင်ပေးခြင်းများလုပ်သည့်အတွက် အငြင်းပွါးမှုများဖြစ်ပေါ်စေခဲ့သည်။

ထိုအချိန်တွင် ဝန်ကြီးချုပ်အက်ဒဝပ်ဟက်(သ်)သည် ကုန်ဈေးနှုန်းပေါ်လစီနှင့်ဝင်ငွေပေါ်လစီများချမှတ်ရန် ကြိုးစားခဲ့သည့်အတွက် အလုပ်သမားသမဂ္ဂနှင့်ပဋိပက္ခ

ဖြစ်ပေါ်စေခဲ့သည်။ သူကတရားမဝင်ဆန္ဒပြမှုများအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန်ကြိုးစားမှုများကြောင့် အလုပ်သမားအလုပ်ရှင်ပဋိပက္ခကိုဖြစ်ပေါ်စေခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် သတ္တုတွင်းအလုပ်သမားများ၏ "အုပ်ချုပ်မှုအတွက်အလုပ်လုပ်ခြင်း" **(Work-to-rule)** ဆန္ဒပြခြင်းများကြောင့် လျှပ်စစ်ဓါတ်အားဖြတ်တောက်ခြင်းများမကြာခဏဖြစ်ပေါ်ပြီး တစ်ပါတ်သုံးရက်အလုပ်လုပ်ခြင်းများ ဖြစ်ပေါ်လာသည်။ ၁၉၇၄ တွင်ဟက်(သ်)က "မည်သူအုပ်ချုပ်သည်" ဆိုသည့်ကိစ္စအပေါ် အထွေထွေရွေးကောက်ပွဲကိုခေါ်ယူကျင်းပခဲ့သည်။ ဤတွင်အက်ဒဝပ်ဟက်(သ်)က အနိုင်မရတော့ဘဲ ဟာရို(လ်)ဝီလ်ဆင်နှင့်လေဘာပါတီမှာ အာဏာပြန်လည်ရရှိလာသည်။

၁၉၇၅ ခုနှစ်ဇန်နဝါရီလတွင် သက်ချာကအက်ဒဝပ်ဟက်(သ်)ကို ကွန်ဆာဗေးတစ်ပါတီ၏ခေါင်းဆောင်အဖြစ် ယှဉ်ပြိုင်အရွေးခံရန်စိန်ခေါ်ခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက်သက်ချာကဟက်(သ်)ကိုမဲ ၁၃၀ မဲနှင့် ၁၁၉ မဲဖြင့်အနိုင်ရရှိခဲ့သည်။ ထို့နောက် ဤအရေးကြီးသော အမျိုးသမီးနိုင်ငံရေးပါတီခေါင်းဆောင်ဖြစ်လာသည်။ ဟက်(သ်)က ရှုံးနိမ့်ခြင်းကိုလက်မခံနိုင်ပဲ သက်ချာ၏ကက်ဘိနက်တွင်အလုပ်ဆက်လုပ်ရန်ငြင်းဆန်ခဲ့သည်။

၁၉၇၆ ခုနှစ်မတ်လ ၁၆ ရက်နေ့တွင်ဂျိမ်းခေါလဂန် **(James Collaghan)** ကဟာရိုလ်ဝီလ်ဆင်၏ဝန်ကြီးချုပ်ရာထူးကို ဆက်ခံရယူခဲ့သည်။ တစ်ဖြည်းဖြည်းသက်ချာက လက်ယာဝါဒီဝါဒကိုပို၍လက်ခံကျင့်သုံးကာ ဈေးကွက်စီးပွါးရေးစနစ်သို့ပို၍အာရုံစိုက်လာသည်။ ၁၉၇၈ ခုနှစ်ဇန်နဝါရီလတွင် သူမကလူများကနိုင်ငံခြားတိုင်းပြည်မှရွှေ့ပြောင်းနေထိုင်လာသူများ၏ "လွှမ်းမိုးမှု" ခံရမှာကိုစိုးရိမ်သည့်အကြောင်းမိန့်ခွန်းပြောကြားခဲ့သဖြင့် ပြစ်တင်ရှုံ့ချခြင်းခံခဲ့ရသည်။

၁၉၇၈ ခုနှစ်တွင်နိုင်ငံအကြီးအကဲ "**Chancellor of the Exchequer**" ဖြစ်သူဒဲနစ်ဟဲလေ **(Denis Healey)** ကငွေကြေးများအပေါ် တင်းကြပ်စွာထိန်းချုပ်ခြင်းများပြုလုပ်ခဲ့သည်။ ငွေကြေးထိန်းချုပ်ရာတွင် ပြည်သူတို့၏ပညာရေးနှင့်ကျန်းမာရေးအ

တွက် ရန်ပုံငွေများကိုပါဖြတ်တောက်ခဲ့သည်။ ဝေဖန်သုံးသပ်သူများက ဤသို့ပြု လုပ်ခြင်းများကြောင့် ငွေကြေးထုတ်လုပ်မှုကိုအခြေခံသောစနစ် (Monetarism) ကိုဖြစ်ပေါ်လာစေသည်။ ၁၉၇၈ ခုနှစ်တွင် ပြည်သူတို့အတွက်အသုံးစရိတ်များ ဖြတ်တောက်လိုက်သည့်အတွက် မကျေနပ်မှုများဖြစ်ပေါ်လာပြီး ဆန္ဒပြပွဲများပေါ် ပေါက်လာခဲ့သည်။ ထို့ကြောင့် ၁၉၇၉ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် လေ ဘာပါတီအရေးနိမ့်ခဲ့သည်။

ဤတွင်မာဂရက်သက်ချာက ဗြိတိန်နိုင်ငံ၏ ပထမဦးဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ် လာသည်။ ၁၉၇၉ ခုနှစ်နိုဝင်ဘာလတွင် သက်ချာက ဥရောပစီးပွါးရေးအသိုင်းအ ဝိုင်း (European Economic Community–EEC) ၏ထိပ်သီးအစည်းအဝေးတက် ရောက်ခဲ့ပြီး EEC ထဲသို့ ဗြိတိန်ထည့်သွင်းရသောငွေပမာဏအတွက် ညှိနှိုင်းဆွေး နွေးမှုများပြုလုပ်ခဲ့သည်။

သက်ချာအစိုးရသည် ဒဲနစ်ဟဲလေအစပျိုးခဲ့သော ငွေကြေးထိန်းချုပ်မှု (moneta--rist) ပေါ်လစီကိုဆက်လက်ကျင့်သုံးခဲ့သည်။ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ခုနှစ်များတွင် ငွေသိပ်သည်းမှုနှုန်းလျော့နည်းသွားသော်လည်း အလုပ်လက်မဲ့နှုန်းမှာ နှစ်ဆတိုး ပွါးလာသည်။ ၁၉၈၁ ခုနှစ်တွင် Exchequer ၏အကြီးအကဲဖြစ်သူ ဆာဂျက်ဖရီဟို ဝီ (Sir. Geoffrey Howe) ကပြည်သူအတွက် အသုံးစရိတ်များဖြတ်တောက်ခဲ့ သည်။ ဤကာလတစ်လျှောက်တွင် ပြည်သူ့ဆန္ဒကောက်ယူချက်များ၌ ဗြိတိန်၏ သမိုင်းကြောင်းတစ်လျှောက်တွင် မာဂရက်သက်ချာသည် ပြည်သူအကြိုက်အ နည်းဆုံးဝန်ကြီးဖြစ်ခဲ့သည်။

သက်ချာအစိုးရက ပုဂ္ဂလိကပိုင်သို့ပြောင်းလဲခြင်းစီမံကိန်းဖြင့် ရန်ပုံငွေရှာဖွေခဲ့ သည်။ ဤတွင်ဗြိတိသျှကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၊ ဗြိတိသျှလေယာဉ်ခရီး သွားလာရေးလုပ်ငန်း၊ ရိုလ်ရွိုက်(စ်)နှင့်ဗြိတိသျှစတီးလုပ်ငန်း စသည့်နိုင်ငံပိုင်လုပ် ငန်းများကို ပုဂ္ဂလိကလက်သို့ ပြန်ပေးခြင်းအပါအဝင်ဖြစ်သည်။

၁၉၈၂ ခုနှစ်ဧပြီလ ၂ ရက်နေ့တွင်အာဂျင်တီးနားကဖော့ကလန် (Falkland) ကျွန်း

စုများကိုကျူးကျော်သိမ်းပိုက်ခဲ့သည်။ နောက်တစ်ရက်မှာပင် ကမ္ဘာ့ကုလသမဂ္ဂ သန္နိဋ္ဌာန် ၅၀၂ ကိုထုတ်ပြန်ချမှတ်ခဲ့ပြီး အာဂျင်တီးနားကို ဖော့ကလန်ကျွန်းစုများမှ ထွက်ခွာသွားရန်တောင်းဆိုခဲ့သည်။ ဧပြီလ ၅ ရက်နေ့တွင်ဗြိတိသျှတို့၏ရေတပ် သည် ဖော့(စ်)မောင့် (Portsmouth) မှထွက်ခွာရန် ဖော့ကလန်ကျွန်းစုဘက်ဆီသို့ ဦးတည်ခဲ့သည်။ ဗြိတိန်ကဖော့ကလန်ကျွန်းစုပတ်ပတ်လည်မိုင် ၂၀၀ ကိုသီးသန့်ဇုံ အဖြစ်ကြေငြာခဲ့ပြီး ၁၉၈၂ ခုနှစ်မေလ ၂ ရက်နေ့တွင် အာဂျင်တီးနားစစ်သင်္ဘော ဂျင်နရယ်(လ်)ဘယ်လ်ကရာနိုကိုနစ်မြုပ်ပစ်ခဲ့သည်။ နောက်နှစ်ရက်အကြာတွင်ဗြိ တိန်သင်္ဘောရှဖီးလ်(ဒ်)မှာဒုံးပျံဖြင့်အပစ်ခံရသည်။

မေလ ၂၁ ရက်နေ့တွင်ဗြိတိသျှတပ်များ ဖော့ကလန်ကျွန်းစုစန်ကာလော့တွင် ဆိုက်ရောက်လာသည်။ တိုက်ပွဲများဆက်လက်ဖြစ်ပွါးပြီး နောက်ဆုံးတွင်ဖော့စ တန်လေ (Post Stanley) ကအဖမ်းဆီးခံရပြီး အာဂျင်တီးနားတပ်များက ၁၉၈၂ ခုနှစ်ဂျွန်လ ၁၄ ရက်နေ့တွင် လက်နက်ချအရှုံးခံခဲ့သည်။ စစ်ပွဲများအောင်နိုင်သော ကြောင့် မာဂရက်သက်ချာ၏ နာမည်ကျော်ကြားလာသောကြောင့် ၁၉၈၃ ခုနှစ် တွင်ကျင်းပခဲ့သောအထွေထွေရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ်ပါတီက မဲအများ ဆုံး ၁၄၄ မဲဖြင့်အနိုင်ရခဲ့သည်။

သက်ချာက ဝန်ကြီးချုပ်ရော်နယ်ရီဂင်နှင့် ရင်းနှီးစွာပေါင်းသင်းဆက်ဆံမှုရှိခဲ့ သည်။ ထို့နောက်သူတို့နှစ်ဦးနှစ်ဖက်စလုံးက ဆိုဗီယက်ယူနီယံအပေါ် တင်းမာစွာ ဆက်ဆံရန်သဘောတူခဲ့သည်။ သက်ချာကိုအများက ခေါင်းမာသောအမျိုးသမီး ဟုဝင်စားခေါ်ဝေါ်ကြသည်။ သို့သော် ၁၉၈၃ ခုနှစ်နိုဝင်ဘာလတွင်ဗြိတိသျှတို့နှင့် ကြို၍ဆွေးနွေးမှုမရှိပဲ ဗြိတိသျှလက်အောက်ခံကရင်နဒါ (Grenada) ကိုအမေရိက တို့က ကျူးကျော်သိမ်းပိုက်ခဲ့သည့်အတွက် သက်ချာဒေါသထွက်ခဲ့ရသည်။

သက်ချာအစိုးရက မိမိတို့၏ပေါ်လစီဖြစ်သော အလုပ်သမားသမဂ္ဂ၏အာဏာ လျှော့ချခြင်းကိုဆက်လက်ကျင့်သုံးခဲ့သည်။ အများအပေါ်စာနာသောဆန္ဒပြပွဲ များနှင့် ဆိုင်ပိတ်ခြင်းများပြုလုပ်ခြင်းကို တားမြစ်သည်။ သမဂ္ဂခေါင်းဆောင်များက

သပိတ်မှောက်ပွဲတွင် ပြုလုပ်မည့်လှုပ်ရှားမှုများအပေါ် မိမိတို့၏အဖွဲ့ဝင်များကိုမဲထည့်ခိုင်းရမည်ဖြစ်ပြီး သမဂ္ဂမှုဏ်အဖွဲ့ဝင်များအားလုံး၏လှုပ်ရှားမှုအပေါ် တာဝန်ယူရမည်ဖြစ်သည်။ အစိုးရက အလုပ်ရှင်နှင့်အလုပ်သမားပဋိပက္ခဖြစ်မှုအပေါ်ဂရုမစိုက်ပဲတင်းမာစွာဆက်ဆံခဲ့ပြီး ၁၉၈၄ ခုနှစ်တွင်ဖြစ်ပွါးခဲ့သော မိုင်းတူးလုပ်သားများ၏စတင်ခဲ့သောသပိတ်မှောက်မှုမှာ ၁၂ လကြာပြီး မည်သည့်အောင်မြင်မှုမှမရခဲ့ချေ။

၁၉၈၅ ခုနှစ်မတ်လ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော Konstantin Chernenko ၏အသုဘ၌ ခေါင်းဆောင်သစ်မီခေး(လ်)ကိုဘာချော့(ဗ်)(Mikhail Gorbachev) နှင့်တွေ့ဆုံခဲ့သည်။ ကိုဘာချော့(ဗ်)မှ Perestroika ပေါ်လစီဖြစ်သော ပြန်လည်ထူထောင်ရေးပေါ်လစီသစ်ကို ကြေငြာလိုက်သည့်အခါ သက်ချာ၏ဆိုဗီယက်ပြည်ထောင်စုအပေါ် အမြင်ပြောင်းလဲသွားသည်။ ဆိုဗီယက်၏စီးပွါးရေးပိုမိုထိရောက်မှုရှိလာစေရန်ရည်ရွယ်ချက်ဖြင့် စီးပွါးရေး၊ နိုင်ငံရေး၌လိုက်လျောမျှတမှုရှိလာခြင်းနှင့်ယဉ်ကျေးမှုပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။ ကိုဘာချော့(ဗ်)ကဆိုဗီယက်ပြည်ထောင်စုအတွင်း ဈေးကွက်စီးပွါးရေးစနစ်များစတင်ကျင့်သုံးပြီး စက်မှုလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်းများ၌ ကိုယ်ပိုင်လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် အားပေးခဲ့သည်။

၁၉၈၆ ခုနှစ်နိုဝင်ဘာလတွင် ကျင်းပခဲ့သောအစည်းအဝေးပွဲတစ်ခု၌ သက်ချာကဥရောပငွေလဲလှယ်နှုန်းယန္တရား (European Exchange Rate Mechanism) ထဲသို့ ဝင်မည့်အကြံပေးမှုကို ပယ်ချခဲ့သည်။ မည်သို့ဆိုစေကာမူ ထိုလအတွင်းတွင်သက်ချာက လူဇင်ဘတ်ဥရောပကောင်စီ(Luxembourg European Council) အစည်းအဝေးပွဲအတွင်း၌ပင် Single European Act ထဲ၌လက်မှတ်ထိုးရန်သဘောတူခဲ့သည်။

၁၉၈၆ ခုနှစ်ဧပြီလတွင် သက်ချာက အမေရိကန်ဗုံးကြဲလေယာဉ်များကို ဗြိတိန်နိုင်ငံတွင်ရပ်နားခွင့်ပေးပြီး လစ်ဗျားနိုင်ငံကို ဗုံးကြဲရန်အခွင့်ပေးခဲ့သည့်အတွက် ဝေဖန်

ခြင်းများစွာရရှိခဲ့သည်။ ထိုအချိန်တွင် လစ်ဗျားနိုင်ငံကို အခြေခံသော အကြမ်းဖက်သမားတို့ကအအမေရိကန်ကို အခါပေါင်းများစွာတိုက်ခိုက်ခဲ့သည်။

၁၉၈၇ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် အများမဲဆန္ဒနှင့်အမတ်ပေါင်း ၁၀၂ ရရှိခဲ့ပြီး တတိယအကြိမ်အာဏာပြန်လည်ရရှိလာသည်။ ထိုနှစ်မှပင် သက်ချာကို နှစ် ၁၀၀ အတွင်းသက်တမ်းအရှည်ဆုံးဝန်ကြီးချုပ်အဖြစ် အသတ်မှတ်ခံခဲ့ရသည်။ လူခွန်ကောက်ခြင်းကို စကော့တလန်၌ ၁၉၈၉ ခုနှစ်ဧပြီလတွင် စတင်ကြေငြာပြီး (နောင်တစ်နှစ်အကြာတွင်ဗြိတိန်နိုင်ငံတစ်နိုင်လုံးသို့) ကောက်ခံသည့်အတွက်သူမ၏နာမည်ကိုဆိုးရွားပျက်စီးစေခဲ့သည်။ အခွန်အသစ်ကို လူအများစုကမကြိုက်ပဲ နောက်ဆုံးတွင် ပြည်သူဆန္ဒပြပွဲများဖြစ်ပေါ်စေခဲ့သည်။

၁၉၉၀ ခုနှစ်နိုဝင်ဘာလတွင်ကွန်ဆာဗေးတစ်ပါတီ၏ခေါင်းဆောင်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမအကြိမ်တွင်အနိုင်ရခဲ့သော်လည်း ဒုတိယအကြိမ်တွင်မူ ရှုံးနိမ့်ခဲ့သည်။ ၁၉၉၀ ခုနှစ်နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မာဂရက်သက်ချာက ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ခဲ့ပြီးယင်း၏နေရာတွင်ဂျွန်မေဂျာက အစားထိုးနေရာယူခဲ့သည်။

၁၉၉၂ ခုနှစ်မတ်လတွင် သက်ချာက အောက်လွှတ်တော်မှနုတ်ထွက်ခဲ့သည်။ မကြာခင်မှာပဲအထက်လွှတ်တော်၌ "Baroness Thatcher of Kesteven" အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

“မျက်လုံးတစ်လုံးအတွက် မျက်လုံးကိုပေးဆပ်ရရင်တော့ ကမ္ဘာတစ်ဝှမ်းလုံးပါ မျက်စိကန်းကုန်တော့မှာပေါ့။”

"An eye for eye only ends up making the whole world blind."

“ပထမတော့သူတို့ကသင့်ကိုဥပေက္ခာပြုကြတယ်၊ ပြီးတော့သူတို့ကသင့်ကိုလှောင်ပြောင်ရယ်မောကြလိမ့်ကြမယ်၊ ပြီးတော့သင့်ကိုတိုက်ခိုက်ကြတယ်၊ နောက်တော့ သင်အနိုင်ရသွားတာဘဲ။”

"First they ignore you, then they laugh at you, then they fight you, then you win."

“ကမ္ဘာပေါ်မှာ ကိုယ်မြင်ချင်တဲ့ပြောင်းလဲမှုအတိုင်း ကိုယ့်ကိုယ်ကိုပြောင်းလဲရမယ်။”

"We must become the change we want to see in the world."

## မဟတ္တမဂန္ဒီ (၁၈၆၉–၁၉၄၈)



ဘာသာရေး၊ နိုင်ငံရေးခေါင်းဆောင်နှင့်လောကုတ္တနှင့်လူသားတို့အကျိုးဆောင်ရှက်သူ ၁၈၆၉–၁၉၄၈ မဟတ္တမဂန္ဒီ (Mahatama Gandhi) သည် ၁၈၆၉ ခုနှစ်အောက်တိုဘာလ ၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံပိုဘန်ဒါ၌ မွေးဖွားခဲ့ပါသည်။ သူသည် ၂၀ ရာစုတွင်အထင်ရှားဆုံးသော လောကုတ္တရာနှင့်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ ဂန္ဒီသည်အိန္ဒိယလူမျိုးများအား အကြမ်းမဖက်ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဗြိတိသျှအုပ်ချုပ်မှုလက်အောက်မှ လွတ်လပ်နိုင်ရန် ပြုလုပ်ခဲ့ပြီး အိန္ဒိယတိုင်းသူပြည်သားများ မှသူ့ကိုလေးစားအပ်သော ဖခင်ကြီးတစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။

အိန္ဒိယလူမျိုးများမှ သူ့အား မဟတ္တမဂန္ဒီဟုခေါ်ဆိုကြပြီး “မြင့်မြတ်သောသူ”ဟု အဓိပ္ပါယ်ရသည်။ ဂန္ဒီသည် အပြောင်းအလဲကို မလိုလားသော၊ ထုံးတမ်းဓလေ့ကို မစွန့်ပယ်လိုသောမိသားစုမှ ဆင်းသက်လာပြီး အသက် ၁၃ နှစ်အရွယ်တွင်

ကတ်စတဘာဆိုသောအသက် ၁၂ နှစ်အရွယ်မိန်းကလေးနှင့် မိဘများ၏စီစဉ်မှုဖြင့်အိမ်ထောင်ပြုခဲ့သည်။ ဂန္ဒီတွင် သားရတနာလေးဦးမွေးဖွားခဲ့ပါသည်။ သားဟာရီလာနှင့်မာနီလာကို အန္ဒိယတွင်မွေးဖွားခဲ့ပြီး၊ သားဒေးဗ်ဒါနှင့်ရမ်ဒါကို တောင်အာဖရိကတိုက်တွင် မွေးဖွားခဲ့ပါသည်။ ဂန္ဒီသည် လူအများအားလုံးအား ချစ်ခင်ကြင်နာမှုထားသော်လည်း မိမိ၏သားမယားအပေါ်တွင် စည်းကမ်းတကျကြပ်ကြပ်မတ်မတ်ရှိခဲ့သည်။

ဂန္ဒီသည်လန်ဒန်တွင် ဥပဒေဘာသာရပ်အား သွားရောက်လေ့လာသင်ယူခဲ့ပြီး ၁၈၉၁ ခုနှစ်တွင် အန္ဒိယသို့လက်တွေ့အသုံးချရန် ပြန်လည်ရောက်ရှိလာသည်။ သူပြန်ရောက်ပြီးလအနည်းငယ်အတွင်း မိခင်ကွယ်လွန်သွားခဲ့ပါသည်။ ထိုအချိန်တွင် ဂန္ဒီအသက် ၂၁ နှစ်ပင်ရှိသေးသည်။ အန္ဒိယတွင် မိမိ၏တရားဥပဒေအတတ်ပညာကို လက်တွေ့အသုံးချရာတွင် အောင်မြင်မှုမရှိခဲ့သောကြောင့် ၁၈၉၃ ခုနှစ်တွင် နာတာလ်တောင်အာဖရိကသို့ ရှေ့နေအသင်းတစ်ခု၌ အလုပ်လုပ်ရန်ပြောင်းရွှေ့သွားပါသည်။

ထိုအချိန်တွင် တောင်အာဖရိကသည် ဗြိတိသျှတို့၏အုပ်ချုပ်မှုလက်အောက်တွင်ရှိနေသေးသည်။ ဗြိတိသျှလူမျိုးများထံ မိမိ၏တန်းတူအခွင့်အရေးကို တင်ပြတောင်းဆိုသည့်အခါ မတရားဖိနှိပ်မှုကိုခံရပြီး အခြားသောအန္ဒိယလူမျိုးများလည်း ဤသို့ပင်ခံစားနေရကြောင်းသူသိရှိမြင်တွေ့လာသည်။ သူနှင့်အခြားသောအန္ဒိယလူမျိုးများသည် မျက်နှာဖြူများနှင့်အထူးတန်းရထားတွဲများတွင် စီးခွင့်မပြုခြင်း၊ တည်းခိုခန်းတော်တော်များများတွင် သူတို့အား လက်မခံခြင်းတို့အပြင် ရိုက်နှက်ခြင်း၊ မတရားသဖြင့်ပြုမူဆက်ဆံခြင်းများကိုခံရသည်။ သူသည်ဒေသခံအိန္ဒိယလူမျိုးများအပေါ် မတရားပြုမူဆက်ဆံခြင်းများကို ခုခံရန်ဥပဒေနည်းလမ်းကိုအသုံးပြုခဲ့သည်။ ဟိန္ဒူအယူဝါဒလွှမ်းမိုးမှု၊ Jainism နှင့်ခရစ်ယာန်ဘာသာသာသနာတို့လွှမ်းမိုးမှု၊ စာရေးဆရာကြီးများဖြစ်သော Tolstoy နှင့် Thoreau တို့၏လွှမ်းမိုးမှုစသည်တို့ကြောင့် ဂန္ဒီသည် Satyagraha (အမှန်တရားကိုချစ်ခင်မှု)၊ အမှားများကို အကြမ်းမဖက်သောနည်းလမ်းများဖြင့် ဖြေရှင်းခြင်းလမ်းစဉ်ကို ရေး

သွားခဲ့သည်။ နိုင်ငံရေးဆိုင်ရာမတရားမှုများကို ခုခံတိုက်ခိုက်သည့် သူ၏အကြမ်းမဖက်လမ်းစဉ်များတွင် သပိတ်မှောက်ခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ လက်ကမ်းစာစောင် များရေးသားခြင်းနှင့်မပြင်းထန်သောခုခံမှုများပင် ဖြစ်ပါသည်။ တောင်အာဖရိကတွင် နေထိုင်လာသည့်အနှစ် နှစ်ဆယ်အတွင်းတွင်ဂန္ဒီသည် အကြိမ်ပေါင်းများစွာ ထောင်ချခြင်းခံရသည်။ ၁၉၁၄ ခုနှစ်တွင် တောင်အာဖရိကတိုက်အစိုးရမှ ဂန္ဒီ၏တောင်းဆိုချက်များကို များစွာလက်ခံလာသည်။

တောင်အာဖရိကတိုက်တွင် အောင်မြင်မှုရရှိပြီးနောက် ၁၉၁၄ ခုနှစ်၌ ဂန္ဒီသည် အိန္ဒိယနိုင်ငံသို့ပြန်လာခဲ့သည်။ သူ၏ယာယီလုပ်ငန်းမှတဆင့် လူ့သိက္ခာအားအသိပြုရန် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းအား အနှစ်နှစ်ဆယ်ကျော်အထိ ပြုလုပ်လာခဲ့ရသည်။ ဂန္ဒီအသက် ၄၅ နှစ်အရွယ်တွင် ဗြိတိသျှအုပ်ချုပ်မှုလက်အောက်မှ အန္ဒိယလူမျိုးများလွတ်လပ်ရေးရရှိရေးအတွက် နိုင်ငံရေးလောကထဲသို့ဝင်ရောက်လာခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ဗြိတိန်အစိုးရကို မနှစ်သက်သောဆန္ဒပြပွဲများ ပိုမိုကြီးထွားလာခဲ့သည်။ ဗြိတိန်တို့မှ ပုန်ကန်ရန်လှုံ့ဆော်သောသူများအား အကျယ်ချုပ်ချရန်ဖြစ်သော ရိုလက်အက်ဥပဒေ (**Rowlatt Acts**) ကိုထုတ်သုံးသည့်အချိန်တွင် ဂန္ဒီမှလည်း သန်းပေါင်းများစွာသောနောက်လိုက်သားများအား ဆွဲဆောင်စေသည့် "**Satyagraha**" လမ်းစဉ်သစ်ကို ချက်ချင်းထုတ်ပြန်ကြေငြာစေသည်။

၁၉၁၉ ခုနှစ် ဧပြီလတွင် "**Rowlatt Acts**" ဆန္ဒပြပွဲခြင်းကို ဗြိတိန် "**Amritsar**"ဗြိတိသျှစစ်သားများ၏ အကြမ်းဖက်နှိမ်နင်းမှုဖြစ်သော "**Amritsar**" အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအား ဖြစ်စေခဲ့ပါသည်။ ဗြိတိန်အစိုးရသည် အိန္ဒိယမှလည်း မိမိတို့၏ကြေးနန်းကြိုးများကို ဖြတ်တောက်ပြီး အနီးရှိရထားလမ်းများကိုလည်း ဖြတ်တောက်လိုက်ကြောင်း သတင်းရရှိသည့်အခါ ဗြိတိသျှအစိုးရသည် နိုင်ငံတော်အရေးပေါ်အခြေအနေ (**State of Emergency**) အားကြေငြာလိုက်ပြီး မည်သည့်အစည်းအဝေးများမပြုလုပ်ရကြောင်း ကြေငြာလိုက်ပါသည်။ ဗြိတိသျှအစိုးရမှ မည်သည့်အစည်းအဝေးပွဲကိုမှ မပြုလုပ်ရန် ပိတ်ပင်ထားသော်လည်း ဒေသခံပါတီညီ

လာခံအစည်းအဝေးမှာဖြစ်မြောက်ခဲ့သည်။ ထို့ကြောင့်ညနေ ၅ နာရီ ၁၅ မိနစ်အချိန်တွင် ဗြိတိသျှ–အိန္ဒိယစစ်တပ်မှ စစ်သားများအစည်းအဝေးပွဲကို ဝန်းရံလိုက်ပါသည်။ တပ်ရင်းမှူးရယ်ဂျီနယ်ဒိုင်ယာ (Brigadier Reginald Dyer) ၏အမိန့်အရ စစ်သားများသည် လက်နက်မဲ့စုစည်းဆန္ဒပြနေသောယောကျ်ား၊ မိန်းမများနှင့်ကလေးသူငယ်များအားပစ်ခတ်ခဲ့သည်။ ၎င်းပစ်ခတ်မှုသည် အချိန် ၁၀ မိနစ်မျှကြာမြင့်၍ သေနတ်ကျည်ဆံပေါင်း ၁,၆၅၀ မျှပစ်ခတ်ပြီး စစ်သားတစ်ဦးလျှင် ပျမ်းမျှအားဖြင့် ကျည်ဆံ ၃၃ လုံးမျှပစ်ခတ်ခဲ့သည်ဟု တွက်ဆရပါသည်။ ထိုအဖြစ်အပျက်တွင် လူဦးရေပေါင်း ၃၇၉ ဦးသေဆုံးကြောင်း ဗြိတိန်အရာရှိ Raj မှဖော်ပြပါသည်။ သို့သော် အခြားသောသတင်းအချက်အလက်များတွင်မူ လူဦးရေပေါင်း ၁,၀၀၀ အထက်သေဆုံးပြီး၊ ၂,၀၀၀ ဦးရေအထိဒဏ်ရာရရှိသည်ဟု ဖော်ပြထားပါသည်။ ခွဲစိတ်ကုဆရာဝန် ဒေါက်တာစမစ်မှ လူဦးရေ ၁၈၀၀ ခန့်သေဆုံးသို့မဟုတ်ဒါဏ်ရာရရှိခဲ့သည် ဟုဖော်ပြထားပါသည်။ ၎င်း Amritsar အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ဗြိတိသျှအားထောက်ခံခဲ့ဖူးသော သန်းပေါင်းမြောက်များစွာသောလူများက အိန္ဒိယကို ထောက်ခံအားပေးလာသည့်အဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ၁၉၂၀ ခုနှစ်တွင် ဂန္ဒီသည် အိန္ဒိယ၏နိုင်ငံရေးတွင်ကြီးစိုးလွှမ်းမိုးသောပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်။ သူက အိန္ဒိယအမျိုးသားညီလာခံကို ပြုပြင်ပြောင်းလဲလိုက်ပြီးမိမိ၏ငြိမ်းချမ်းသော လုပ်ငန်းစီမံကိန်းဖြစ်သော မည်သည့်ဗြိတိသျှအဖွဲ့အစည်းများနှင့်မပူးပေါင်းဘဲ ဗြိတိသျှအစိုးရ၏ထုတ်ကုန်ပစ္စည်းများ၊ လုပ်ငန်းများကိုသပိတ်မှောက်ခြင်းတို့ပြုလုပ်ခဲ့သောကြောင့် ထောင်ပေါင်းများစွာသောလူများဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရပါသည်။

၁၉၂၂ ခုနှစ်တွင် ဂန္ဒီကိုယ်တိုင်ထောင်ဒဏ် ၆ နှစ်ကျရန်စီရင်ခြင်းခံခဲ့ရသည်။ သို့သော် ၂ နှစ်နောက်ပိုင်းထောင်မှ လွတ်မြောက်လာပြီး နိုင်ငံရေးလောကမှနုတ်ထွက်သွား၍ ဆိုးရွားနေသောဟိန္ဒူ–မူစလင်၏ဆက်ဆံရေးတင်းမာမှုပြန်လည်ကောင်းမွန်လာစေရေးတွင် အာရုံစိုက်ဆောင်ရွက်နေခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် ဆားအခွန်ကောက်ခံကြေးအပေါ် ဆန္ဒပြသည့်အနေဖြင့် စည်းရုံးရေးတရပ်ကိုပြုလုပ်ခဲ့ပြီး ထောင်ပေါင်းများစွာသောလူများဖြင့် ဆားရှိရာပင်လယ်သို့ချီတက်ပြီး

မိမိတို့ကိုယ်တိုင်ပင်လယ်ရေကနေ ဆားထုတ်လုပ်နိုင်သည့်သင်္ကေတတခုအနေ ဖြင့်ပြသခဲ့ပါသည်။

ဗြိတိသျှမှ ချမှတ်ထားသည့်ဥပဒေအရ အိန္ဒိယပြည်သူပြည်သားတို့သည် အခွန်ခံစားသောက်ကုန်ဖြစ်သည့် ဆားထုတ်လုပ်ရေးလုပ်ငန်းကို မထုတ်လုပ်ရန် တားမြစ်ထားသည်။ လိုင်စင်ခွင့်ပြုချက်ရှိသော ဆားထုတ်လုပ်ရေးစက်ရုံများတွင်သာ ဝယ်ယူစားသုံးခွင့်ရှိသည်။ ၎င်းခွင့်ပြုချက်ရထားသော ဆားထုတ်လုပ်ရေးစက်ရုံများအားလုံးမှာ ဗြိတိသျှတို့ပိုင်ဆိုင်ထားပါသည်။ ပင်လယ်သို့ချီတက်ပွဲကို ဂန္ဒီမှ ၂၄ ရက်ကြာဦးဆောင်စီစဥ်ခဲ့ပြီး ပင်လယ်ရေမှဆားများကိုထုတ်လုပ်ခဲ့သည်။ ဤချီ တက်ပွဲတွင် ထောင်ပေါင်းများစွာသော လူထုအင်အားပါဝင်ခဲ့ပါသည်။ ဧပြီလ ၅ ရက်နေ့တွင် လူထုများနှင့်အတူ ပင်လယ်သို့ဂန္ဒီရောက်ရှိသွားပြီးနံနက် ၈ နာရီ ၃၀ မိနစ်အချိန်တွင် သဘာဝဆားအလုံးအခဲကို ဂန္ဒီမှစတင်ကောက်ယူခဲ့သည်။ ဤတွင် ဂန္ဒီသည် ဗြိတသျှတို့၏ဆားမထုတ်ရဥပဒေကို ချိုးဖောက်လေပြီဖြစ်သည်။ ဤသို့ပြုလုပ်ပြီးနောက်ပိုင်း အခြားသောပါလာသည့်လူစုသည်လည်း ဆားများကိုစတင်ကောက်ယူခဲ့ပါသည်။ ဤသို့ပြုလုပ်သည့် တစ်ပါတ်အတွင်းတွင် ဗြိတိသျှဥပဒေကိုချိုးဖေါက်မှုဖြင့် ထောင်များတွင်လူများပြည့်သွားပြီး ဂန္ဒီကိုယ်တိုင်မှလည်း ထောင်ထဲသို့ ထည့်သွင်းခြင်းခံခဲ့ရပါသည်။

၁၉၃၁ ခုနှစ်တွင် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ၏ တစ်ဦးတည်းသောကိုယ်စားလှယ်အဖြစ် လန်ဒန်တွင် ကျင်းပသည့်စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ သို့သော် ၁၉၃၄ ခုနှစ်တွင် ပါတီမှနုတ်ထွက်သွားပြီး အကြမ်းမဖက်သောနည်းလမ်းကိုအသုံးပြုကာ နိုင်ငံရေးလုပ်ရှားမှုတွင်ပါဝင်ခဲ့သည်။ ဂျာဝါဟာလာနေရူး **(Jawaharlal Nehru)** မှသူ့ခေါင်းဆောင်နေရာကို ဆက်ခံရရှိခဲ့သည်။

ဂန္ဒီက အိန္ဒိယပြည်စီးပွားရေးအား မိမိတို့၏ရပ်ရွာဝေလ့စီးပွားရေးလမ်းစဥ်အတိုင်း ပြုကျင့်ရန်လိုလားသော်လည်း ဝန်ကြီးချုပ်ဂျာဝါဟာလာနေရူးမှ သဘောမတူညီသောကြောင့် အိန္ဒိယတွင်ခေတ်မီစက်ရုံများ၊ ရထားလမ်းများနှင့်ခေတ်မီပို့ဆောင်

ဆက်သွယ်ရေးလမ်းများကို စတင်တည်ဆောက်လေသည်။

၁၉၄၅ ခုနှစ်တွင် ဗြိတိန်အစိုးရက ၁၉၄၇ လော့ဒ်မောင့်ဘတ်တန်အစီအစဉ်နှင့်ဘာသာရေးယုံကြည်မှုအပေါ်မူတည်ပြီး ကိုယ်ပိုင်အချုပ်အခြာအာဏာရှိ လွတ်လပ်သော နိုင်ငံရေးအသွင်ကူးပြောင်းသွားမည့် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံထူထောင်ရေးပတ်သက်၍သော်လည်းကောင်း ဗြိတိသျှအစိုးရမှ စေ့စပ်ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ ၁၈၅၇ ခုနှစ်ကတည်းက ဗြိတိသျှတို့၏ကိုလိုနီနိုင်ငံဖြစ်ခဲ့သော အန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်ဩဂုတ်လ ၁၅ ရက်တွင်လွတ်လပ်သောနိုင်ငံဖြစ်လာသည်။ ဟိန္ဒူနှင့်မူစလင်တို့အကြား အထိကရုဏ်းသည် ဆိုးရွားစွာဆက်လက်ဖြစ်ပေါ်နေသည်။ ဂန္ဒီ က အိန္ဒိယနိုင်ငံစည်းလုံးညီညွတ်ရေးအတွက် ဟိန္ဒူနှင့်မူစလင်တို့ငြိမ်းချမ်းစွာနေထိုင်ရန် စည်းရုံးပြောဆိုခဲ့သည်။ ဤသို့နှင့် ၁၉၄၈ ခုနှစ်တွင်အိန္ဒိယ (ဟိန္ဒူအများစုဖြစ်သည်) နှင့်ပါကစ္စတန်အဖြစ်နှစ်နိုင်ငံဖြစ်လာသည်။ အရှေ့ပိုင်းနှင့်အနောက်ပိုင်းမှာ (မူစလင်အများစုဖြစ်သည်)၊ အရှေ့ပါကီစတန်သည် ယခုဘင်္ဂလားဒေ့ရှ်ဖြစ်လာသည်။ ဂန္ဒီသည် အိန္ဒိယနိုင်ငံနှစ်ပိုင်းကွဲသွားသည်ကိုဆန့်ကျင်ပြီး၊ ဤဘာသာရေးအုပ်စုနှစ်ခုအကြား ဖြစ်ပေါ်သောအကြမ်းဖက်မှုများအတွက် အလွန်ဝမ်းနည်းပေသည်။ ၁၉၄၈ ခုနှစ်ဇန်နဝါရီလ ၁၃ ရက်တွင်အသက် ၇၈ နှစ်ရှိပြီဖြစ်သောဂန္ဒီသည် သွေးယိုသံရဲဆန္ဒပြပွဲများရပ်တန့်သွားစေသည့်ရည်ရွယ်ချက်ဖြင့် အစာတော်ခံဥပုသ်စောင့်နေခဲ့သည်။ ၅ ရက်ပြည့်သည့်နောက်ပိုင်း ဆန့်ကျင်သူခေါင်းဆောင်များမှ ခိုက်ရန်ဖြစ်မှုများကိုရပ်တန့်ရန်သဘောတူညီခဲ့သဖြင့် ဂန္ဒီသည်အစာတော်ခံဥပုသ်စောင့်ခြင်းကိုရပ်တန့်စေခဲ့ပါသည်။ ဂန္ဒီ၏အစာတော်ခံဥပုသ်စောင့်မှုတွင် အကြမ်းဖက်မှုဖြစ်ပေါ်နေသည့် ဟိန္ဒူနှင့်မူစလင်နှစ်ဖက်စလုံးရပ်တန့်စေပြီး ၄င်းနှစ်ဖွဲ့စလုံးအား အရှက်ရစေခဲ့ပါသည်။ သို့သော်လည်း ယနေ့ထိတိုင်ပင် သူတို့၏ဘာသာရေးဆိုင်ရာအထိကရုဏ်းမှာ ယနေ့အထိဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။

၁၉၄၈ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်၊ သူသည်ဥပုသ်စောင့်ခြင်းမှရပ်ဆိုင်းပြီး ၁၂ ရက်နောက်ပိုင်းတွင် ဒေလီ၌ဟိန္ဒူဘာသာရေးစွဲသူတစ်ဦး၏ လုပ်ကြံသတ်ဖြစ်မှုကိုခံရ

လေသည်။ ဂန္ဒီ၏ဩဇာအာဏာသည် သားစဉ်မြေးဆက် အဆက်ဆက်အပေါ် ဆက်လက်အုပ်စိုးနေဆဲဖြစ်ပြီး အမေရိကန်လူမျိုးမာတင်လူသာကင်းသည်လည်း အမေရိကန်နိုင်ငံ၏ လူမှုရေးပြောင်းလဲရေးအတွက် ဂန္ဒီ၏အကြမ်းမဖက်သော ဆန္ဒပြမှုနည်းလမ်းကိုအသုံးပြုခဲ့သည်။

ဂန္ဒီ၏အသုဘ၌ ချီးကျူးဂုဏ်ပြုသည့်စကားပေါင်းများစွာအထဲမှ ထင်ရှားသောရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်ဟု Albert Einstein မှတ်ချက်ကဲ့သို့ပြောသွားပါသည်။ “Generations to come will scarce believe that such a one as this walked the earth in flesh and blood.” အဓိပ္ပါယ်ကတော့– “နောင်လာမည့် ဆွေစဉ်မျိုးဆက်များ–––အနေနဲ့ဒီလိုအသွေးအသားနဲ့ အသက်ရှင်ခဲ့ တဲ့ လူတစ်ယောက်ရှိခဲ့တယ်ဆိုတာ ယုံကြည်ကြမှာမဟုတ်ဘူး” လို့ဆိုခဲ့တယ်။

"လွပ်လပ်ရေးဆိုတာကိုယ်လုပ်ချင်တာကိုလုပ်တာမဟုတ်ဘဲနဲ့
ကိုယ်လုပ်သင့်တဲ့အရာကိုလုပ်တာဖြစ်တယ်။"
"Freedom consists not in doing what we like, but in having the right to do what we ought."

"လူမှုရေးတရားမျှတမှုကိုအကြမ်းဖက်တဲ့နည်းနဲ့ ယူလို့ရမှာမဟုတ်။အကြမ်းဖက်မှုဆိုတာ
သူလိုချင်တဲ့အရာကို သတ်လိုက်တာဖြစ်တယ်။"
"Social justice cannot be attained by violence. Violence kills what it intends to create."

"အနာဂတ်ဟာဒီနေ့မှာစတယ်။ မနက်ဖြန်မှာစမှာမဟုတ်ဘူး။"
"The future starts today, not tomorrow."

## ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် (II) (၁၉၂၀–၂၀၀၅)



ဂျွန်ပေါ(လ်) II (Pope John Paul II) ကို ကမ္ဘာတစ်လွှားဘုရားဖူးထွက်သော ပုပ်ရဟန်းမင်းကြီးဟုလူအများကသိရှိထားပါသည်။ သူသည်ရိုမန်ကက်သလစ်ဘုရားကျောင်းသမိုင်းအတွင်းအခြားသောဘာသာရေးခေါင်းဆောင်များထက် ကမ္ဘာအနှံ့ရှိနေရာများသို့ခရီးထွက်ပြီးလူပေါင်းများစွာနှင့်စကားပြောခဲ့ဖူးသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

သူသည် ပုပ်ရဟန်းမင်း၏အုပ်ချုပ်ပုံစနစ်ကို ခေတ်မီအောင်ပြောင်းလဲနိုင်ခဲ့သည်။ ယခင်က ပုပ်ရဟန်းမင်းကြီးများသည် လူများနှင့်ဝေးကွာစွာနေပြီး ဗက်တီနန်နှင့် ဝေးသောနေရာများတွင် မသွားခဲ့ဘူးချေ။ သို့သော် ဂျွန်ပေါ(လ်)အနေနှင့် မိမိတွင် ခရီးစဉ်များဖြင့်ပြည့်နှက်နေသည်။ သူသည် ဘာသာရေးခေါင်းဆောင်တစ်ဦးအဖြစ် အီတလီအတွင်း ၁၀၂ ကြိမ်၊ အပြင်ဘက်တွင် ၁၄၄ ကြိမ် ဘုရားကျောင်းများသို့ခရီးထွက်ခဲ့ပြီး သူ၏ပုပ်ရဟန်းမင်းကြီးဖြစ်သည့်သက်တမ်း ၂၆ နှစ်အတွင်းနိုင်ငံပေါင်း ၁၃၀ နိုင်ငံသို့ခရီးထွက်ခဲ့သည်။ သူသည် အခြားပုပ်များသွားခဲ့သော ခရီးစဉ်

ကီလိုမီတာများပေါင်းလိုက်လျှင် သူတစ်ဦးတည်းသွားခဲ့သည့်ကီလိုမီတာက ပို၍များနေပါသည်။

၁၉၇၈ ခုနှစ်အောက်တိုဘာလ ၁၆ ရက်နေ့၌ ဂျွန်ပေါ(လ်)အသက် ၅၈ နှစ်သာရှိသေးသည့်အချိန်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ်အရွေးချယ်ခံခဲ့ရသည်။ ဤသို့နှင့် ဂျွန်ပေါ(လ်) II သည် နှစ်ဆယ်ရာစုအတွင်းအသက် အငယ်ဆုံးပုပ်ရဟန်းမင်းကြီးဖြစ်ပြီး ၁၅ ရာစုနှစ်နောက်ပိုင်းရှိ ပထမဆုံးသောအီတလီနိုင်ငံသားမဟုတ်သည့် ပုပ်ရဟန်းမင်းကြီးလည်းဖြစ်ခဲ့သည်။ သူ့ကို လူအများကကြည်ညိုဖွယ်ကောင်းပြီး တည်ငြိမ်ရင့်ကျက်မှုရှိပြီး သူ့ကို တွေ့ဖူးသောသူများက ပုပ်ရဟန်းမင်းကြီးကိုအသိဉာဏ်၊ အလင်းရောင်ပေးသည့်ပုဂ္ဂိုလ်ဟု မှတ်ယူပြီး သူသွားသည့်မည့်သည့်နေရာတွင်မဆို သူ့ကို ပြည်သူလူထုကကြိုက်နှစ်သက်ကြသည်။

မတ်လ ၄ ရက် ၂၀၀၄ ခုနှစ်တွင်ဂျွန်ပေါ(လ်)သည်ပီယပ်(စ်) (Pius ix) နှင့်စိန့်ပီတာတို့မှလွဲ၍သူသက်တမ်း အရှည်ဆုံးပုပ်ရဟန်းမင်းကြီးဖြစ်ခဲ့သည်။

## နာဇီခေတ်ကကျောင်းသားဘဝ

ပုပ်ရဟန်းမင်းကြီး၏ ငယ်နာမည်ရင်းမှာ ခါရိုလ်ဝို့လာ (Karol Wojtyla) ဖြစ်ပြီးမေလ ၁၈ ရက် ၁၉၂၀ ခုနှစ်၌ ဝါဒိုဝိုက်(စ်)ပိုလန်နိုင်ငံတွင်ဖွားမြင်ခဲ့သည်။ သူအသက် ရှစ်နှစ်အရွယ်တွင် မိခင်သေဆုံးသွားခဲ့သည်။ သုံးနှစ်နောက်ပိုင်း သူ၏အစ်ကိုတစ်ယောက်က နီမြန်းအဖျားရောဂါနှင့်သေဆုံးသွားသည်။ ဝို့လာ၏ဖခင်မှာ တပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး ၁၉၄၁ ခုနှစ်တွင်ကွယ်လွန်ခဲ့သည်။ သူ့အသက် ၂၀ အရွယ်တွင် သူ၏မိသားစုဝင်သုံးယောက်ကိုဆုံးရှုံးခဲ့ရသည်။

ခါရိုလ်ဝို့လာသည် သူငယ်ချင်းများနှင့်အစုလိုက်နေတတ်ပြီး စကီးစီးခြင်း၊ ခြေကျင်ခရီးထွက်ခြင်း၊ တောင်တက်ခြင်း၊ ရေကူးခြင်းနှင့်လှေလှော်ခြင်းတို့ကို ကြိုက်နှစ်သက်သည်။ ထို့အတူ စာကိုအပတ်တကုတ်ကြိုးစားသော ကျောင်းသားတစ်ဦးလည်းဖြစ်သည်။ သူသည် ဘာသာစကားတွင်အလွန်ထူးချွန်ပြီး ဘာသာစကား

၁၁ မျိုးကိုကျွမ်းကျင်စွာပြောနိုင်သည်။

နာဇီလက်အောက်ရှိ ပိုလန်နိုင်ငံတွင် ကျောင်းသားတစ်ယောက်ဖြစ်သော ခါရိုလ် အနေနှင့်ဘာသာရေးကို အလွန်လိုက်စားသောသူဖြစ်သည်။ သူသည် ရိုမန် ကက်သလစ်ဖြစ်ပြီး မယ်တော်မာရီကို တကယ်ပင်ကြည်ညိုလေးစားပြီး သူ၏ ကိုယ်ပိုင်ဆောင်ပုဒ်က လက်တင်ဘာသာဖြင့် "Totus tuus" ဖြစ်ပြီး လက်တင်ဖြင့် "အားလုံးသင့်အတွက်ဖြစ်ပြီးအဓိပ္ပါယ်မှာ 'မာရီ' " ဖြစ်သည်။

ခါရိုလ်ဝို့လာသည် ပိုလန်သမိုင်းတွင် အသက် ၃၈ နှစ်အရွယ်တွင်အသက်အငယ် ဆုံးဂိုဏ်းချုပ်ဘုန်းကြီး (ဘီးရှော့(ပ်)) ဖြစ်လာသည်။ နောက်ကိုးနှစ်တွင် အသက် အငယ်ဆုံးကက်သလစ်ဂိုဏ်းချုပ်ကြီးဖြစ်လာပြီး ဘာသာတရားမရှိသောနိုင်ငံ ကြီးအတွင်းရှိလူများကို ဘာသာရေးလမ်းညွှန်မှုများပေးခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် လူအများအံ့သြစေသည့်အချက်တစ်ခုမှာ ဂိုဏ်းအုပ်များ၏ကောလိပ်ကျောင်းမှ သူ့အား ရိုမန်ကက်သလစ်ဘုရားကျောင်းကိုဦးဆောင်ရန် ရွေးချယ်ခဲ့သည်။

## သူ၏အမြင်

တစ်ချို့က ဂျွန်ပေါ(လ်)ကိုတော်လှန်ရေးသမားဟု ထင်မြင်ကြသည်။ သူသည်လူ့ အခွင့်အရေးအပေါ်တွင် မားမားမတ်မတ်ရပ်တည်ပေးခြင်း၊ စစ်အစိုးရများကို ဝေ ဖန်ဆန့်ကျင်ခြင်း၊ ဂျူးလူမျိုးများနှင့်ပြန်လည်သင့်မြတ်ပေါင်းစည်းရေး၊ အခြားသော ဘာသာတရားယုံကြည်သူများနှင့် စကားစမြည်ပြောဆိုဆွေးနွေးပွဲလုပ်ခြင်းနှင့်တ ကမ္ဘာလုံးရှိခရစ်ယာန်ဘာသာဝင်တို့၏ ညီညွတ်ရေးအတွက်ကြိုးစားခဲ့သည်။

အများက ပုပ်ရဟန်းမင်းကြီးအနေနှင့် မိမိ၏ဇာတိရပ်မြေပိုလန်တွင် စည်းလုံးညီ ညွတ်မှုလှုပ်ရှားမှုများပြုခဲ့သည့်အတွက် ဥရောပရှိကွန်မြူနစ်စနစ်ကိုကူညီ၍ ပ ပျောက်စေသည်ဟုပြောကြသည်။ ထို့အတူ လူချမ်းသာနှင့်ဆင်းရဲ သားများအ ကြားရှိသည့် လစ်ဟာမှုတို့ကိုသိရှိခြင်း၊ အရင်းရှင်စနစ်များလွန်းခြင်းအပေါ် ဝေဖန် ခြင်းနှင့် အနောက်နိုင်ငံတို့၏ရုပ်ဝါဒတို့အပေါ် ဝေဖန်ခြင်းတို့ပြုလုပ်ခဲ့သည်။

သူ့ကို သွားပုပ်လေလွင့်ပြောသူများကသူ့ကိုတိုးတက်ပြုပြင်ပြောင်းလဲမှုကိုဆန့်ကျင်ပြီး တကယ့်ခေတ်သစ်တွင်ဖြစ်ပေါ်နေသောအရာများကို ဆန့်ကျင်ပြီး နာရီကိုနောက်ပြန်ဆွဲသူဟုထင်ကြသည်။ တစ်ချို့က သူ့ကို အစွန်းရောက်ရှေးရိုးအယူဝါဒရှိပြီး အမျိုးသမီးရဟန်းခံခြင်း၊ သန္ဓေတားဆီးခြင်းနှင့်ကိုယ်ဝန်ဖျက်ခြင်းတို့အားတားဆီးမှုအပေါ် သူ့ကိုဝေဖန်ကြသည်။ သူက လူအများ၏လူဦးရေများလွန်းခြင်းဟုဆိုသောအယူအဆကို ဒဏ္ဍာရီယံ့တမ်းစကားအဖြစ်မှတ်ယူပြီး ကွန်ဒုံးကို AIDS ရောဂါကာကွယ်ရေးအတွက်သုံးခြင်းသည် ထိုရောဂါများပြန့်ပွားရေးအတွက်အကူအညီပေးသည်ဟုဆိုသည်။

ဧပြီလ ၂၀၀၂ ခုနှစ်တွင် အမေရိကန်ကက်သလစ်ဂိုဏ်းချုပ် ၁၂ ယောက်ကို ၂ ရက်တာအတူအစည်းအဝေးခေါ်ယူပြီး အမေရိကတွင်ကက်သလစ်ရဟန်းများကကလေးငယ်များအပေါ် လိင်ဆက်ဆံရေးလုပ်ခြင်းစသည့် ကျော်မကောင်းကြားမကောင်းအရှုပ်အထွေးများအကြောင်းကို ဆွေးနွေးပြောဆိုကြသည်။ ပုပ်ရဟန်းမင်းကြီးက သူနှင့်ဝင်ရောက်တွေ့ဆုံသောဂိုဏ်းချုပ်ကြီးများကို ရဟန်းများနှင့်ဘာသာတရားက ကလေးများအပေါ်လိင်ဆက်ဆံမှုလုပ်ခြင်းသည် "ရာဇဝတ်မှု" ဟုမှတ်ယူပြီး ဘုရားသခင်မျက်စိထဲတွင် "ထိတ်လန့်ဖွယ်ကောင်းသောအပြစ်" ဟုဆိုသည်။

## လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားခြင်း

ပုပ်ရဟန်းမင်းကြီးသည် ၁၉၈၁ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံမယ်တော်မာရီ၏ဖာတီမာဘုရားကျောင်းသို့သွားစဉ်အတွင်း သူ့ကိုသေနတ်နှင့်ပစ်၍ လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားခဲ့သော်လည်း သူက ယင်းအနေနှင့်လွတ်မြောက်နိုင်ခြင်းမှာ မယ်တော်မာရီ၏ကူညီသောကြောင့်ဟုယူဆသည်။ နောင်တွင်သူ့ကိုကြိုးစား၍ သတ်မည့်တူရကီနိုင်ငံသားမာမက်အလီအဂါ (Mahmet Ali Aga) ကို ထောင်ထဲတွင်သွားတွေ့ပြီး သူ့ကိုခွင့်လွှတ်ခဲ့သည်။

ထို့အတူ ဖက်တီမာဘုရားကျောင်းသို့သွားပြီး မယ်တော်မာရီကို သူ့အားသေ

ဘေးမှကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရန်သွားသည့်အချိန်တွင် ဓါးကိုင်ထား သောရဟန်းတစ်ယောက်က သူ့ကိုဓါးနှင့်ထိုးသတ်တော့မည့်နောက် ဘာမှမလုပ် ပဲသူ့ဖာသာသူရပ်ဆိုင်းခဲ့သည်။

## လူအများ၏ "ပုပ်ရဟန်းမင်း" ၏ဘဝနောက်ဆုံးခရီး

ပုပ်ရဟန်းမင်းကြီး၏နောက်ဆုံးဘဝတွင် ရောဂါအမျိုးမျိုးကို ခံစားရသည်။ ၁၉၉၂ ခုနှစ်တွင် သူ၏အူမကြီးအတွင်း မြင်းဖုရောင်နာကိုခွဲထုတ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် သူ၏ကျောကုန်းအဆစ်လွဲခဲ့ပြီး ၁၉၉၃ ခုနှစ်တွင်ပေါင်ရိုးကျိုးခြင်းနှင့် ၁၉၉၆ ခုနှစ် တွင်အူအတက်ကို ခွဲထုတ်လိုက်ရသည်။

ထို့အတူ ဂျွန်ပေါ(လ်)သည် ပါကင်ခန်နမ်ကြောရောဂါ၊ ရိုးဆက်ရောင်နာ၊ တင်ပါး ဆုံရိုးနာကျိုခြင်းနှင့် ၁၉၉၁ ခုနှစ်တွင်လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားမှုကြောင့် နာ တာရှည်ရောဂါစသည်တို့ကိုခံစားခဲ့ရသည်။ ၁၉၉၂ ခုနှစ်တွင်အူရှိ မြင်းဖုနာကိုခွဲ ထုတ်ခဲ့ရပြီး ၁၉၉၂ ခုနှစ်တွင် မတော်တဆချော်လဲခဲ့သောကြောင့် တင်ပါးဆုံရိုး များခွဲစိတ်ခဲ့ရသည်။

ဤရောဂါများကြားထဲကပင် ပုပ်ရဟန်းမင်းကြီးသည် ကမ္ဘာအနှံ့ခရီးစဉ်ကို ဆက် လုပ်ရန်ဆုံးဖြတ်ချက်ချပြီး သမိုင်းဝင်ခရီးစဉ်အဖြစ် ကျူးဘားနိုင်ငံ၊ တောင်အာဖရိ က၊ ဆီးရီးယား၊ ယူကရိန်း၊ ဂရိနိုင်ငံသို့သွားပြီး လူသန်းပေါင်းများစွာတို့ကို တွေ့ဆုံ နှုတ်ဆက်ခဲ့ပြီး  လူငယ်လူရွယ်များကိုလည်းတွေ့ဆုံခဲ့ပါသည်။

သို့သော် ၂၀၀၅ ခုနှစ်ဖေဖော်ဝါရီလတွင် ဂျွန်ပေါ(လ်) II မှာ အသက်ရှူခြင်းအခက် အခဲတို့ကြောင့် ဆေးရုံခဏခဏတက်ခဲ့ရသည်။ ရက်သတ္တပေါင်းများစွာကြာပြီး နောက် သူ၏လေပြွန်ကိုခွဲကုပြီးနောက် အသက်ရှူပိုက်ကို သူ့လည်ချောင်းထဲသို့ ထည့်သွင်းပေးခဲ့သည်။

ဖေဖော်ဝါရီလ ၂၇ ရက် ၂၀၀၅ ခုနှစ်တွင် တနင်္ဂနွေနေ့မယ်တော်မာရီအား ဝတ်ပြု

ရန်ခေါင်းလောင်းထိုးကောင်းချီးပေးခြင်းကို ကိုယ်တိုင်မလုပ်နိုင်ဘဲ မိမိ၏လက်ထောက်ကိုလုပ်ခိုင်းခဲ့ရသည်။ ဤအကြိမ်သည် သူ၏ပုပ်ရဟန်းမင်းကြီးသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်သည်။

ခရစ်တော်ရှင်သန်ထမြောက်တော်မူသော နေ့ကောင်းချီးမင်္ဂလာပေးပွဲမှ လွဲ၍အခြားကက်သလစ်ဂိုဏ်းချုပ်တို့ကို တာဝန်ပေး၍ သူ့ကိုယ်စားတာဝန်ထမ်းဆောင်စေသည်။ ခရစ်တော်ရှင်သန်ထမြောက်တော်မူသော တနင်္ဂနွေနေ့တွင် ပုပ်ရဟန်းမင်းကြီးက မိမိ၏ဗာတီကန်ပြူတင်းပေါက်မှ မျက်နှာဖေါ်ပြလာပြီး စိန့်ပီတာစကွဲတွင်ရပ်နေသောလူထုကြီးကို ကောင်းချီးပေးခဲ့သည်။ သူစကားပြောရန်ကြိုးစားခဲ့သော်လည်း နောက်ဆုံးတိတ်ဆိတ်စွာပင် စိတ်ထဲ၌ကောင်းချီးပေးခဲ့ရသည်။

ပုပ်ရဟန်းမင်း၏ ကျန်းမာရေးတစတစဆိုးရွားလာပြီးနောက်တွင် သူက ဆေးရုံသို့ခေါ်သွားမည်ကိုမလိုတော့ပဲ ဗာတီကန်နန်းတော်တွင်သာနေရန် ဆုံးဖြတ်ခဲ့သည်။ ဧပြီလနှစ်ရက်တွင် ဂျွန်ပေါ(လ်) II ကွယ်လွန်သွားပြီး သူ၏အသက်မှာ ၈၄ နှစ်ဖြစ်သည်။

"ခံစားမှုကနေ လုံ့ဆော်မှုနဲ့အသက်ရှင်လွတ်မြောက်မှုတို့ကို ဆွဲထုတ်နိုင်ရမယ်။"
"We shall draw from the heart of suffering itself the means of inspiration and survival."

"ကိုယ်ရတဲ့စားဝတ်နေရေးအတွက်အသုံးပြုပြီး ကိုယ်ပေးတဲ့အရာနဲ့အသက်တာ တစ်ခုကို ဆောက်လုပ်နိုင်တယ်။"
"We make a living by what we get, but we make a life by what we give."

"တို့အကောင်းဆုံးလုပ်နေတယ်လို့ပြောတာ ဘာမှအသုံးမကျပါဘူး။ လိုအပ်နေတဲ့အရာကို လုပ်တဲ့အခါ အောင်မြင်မှုရှိရမယ်။"
"It is no use saying, 'we are doing our best. You have got to succeed in doing what is necessary."

## ဆာ(ရ်)ဝင်စတန်ချပ်ချေး(လ်) (၁၈၇၄–၁၉၆၅)



ဆာ (ရ်)ဝင်စတန်ချပ်ချေး(လ်) (Sir Winston Churchill) သည် မားမားမတ်မတ်ရပ်တည်၍ဖက်ဆစ်ဝါဒကို ဆန့်ကျင်သောနိုင်ငံခေါင်းဆောင်တစ်ဦးဖြစ်ပြီး တကမ္ဘာလုံးကဒီမိုကရေစီစနစ်တွင် ယုံကြည်မှုရှိလာအောင်နှင့် ဗြိတိန်နိုင်ငံကိုဒုတိယကမ္ဘာစစ်အတွင်း အောင်မြင်မှုရရှိအောင်ဦးဆောင်နိုင်ခဲ့သည်။

ဝင်စတန်လီယိုနတ်စပင်စာချပ်ချေး(လ်)သည် နိုဝင်ဘာလ ၃၀ ရက် ၁၈၇၄ ခုနှစ်တွင်ဘလယ်ဟင် (Blenhiem) နန်းတော်အောက်စဖို့ရှိုင်းယား (Oxfordshire) တွင်ဖွါးမြင်သည်။ သူ၏ဖခင် လော့(ဒ်)ရန်ဒေါ့ခ်ချပ်ချေး(လ်)မှာ ထင်ရှားကျော်ကြားသောနိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ ချပ်ချေး(လ်)သည်စင်ဟတ် (စ်) Sandhust စစ်သင်တန်းကျောင်းတွင် အောင်မြင်ပြီး စစ်မှုထမ်းခဲ့သည်။ သူသည်အနောက်မြောက်ပိုင်းအိန္ဒိယနှင့်စူဒန်နိုင်ငံရှိ စစ်မြေပြင်များ၌ တာဝန်ယူခဲ့ရသည်။ စစ်ထဲတွင် အမှုထမ်းနေစဉ်အတွင်း ချပ်ချေး(လ်)က နေ့စဉ်စစ်ကြေးနန်းစာများကိုဖတ်ပြီး"The Story of The Malakand Field Force (1898)" နှင့် "The River War" စသည့်

စာအုပ်များကိုရေးသားခဲ့သည်။

၁၈၉၉ ခုနှစ်တွင် ဗြိတိန်စစ်တပ်မှနုတ်ထွက်ခဲ့ပြီး "မောနင်းဖို့စ် Morning Post သတင်းစာတွင် စစ်ပွဲသတင်းထောက်အဖြစ် တလလုပ်ခဲ့သည်။ တောင်အာဖရိကတွင်ရှိသော ဘိုအာ (Boer) စစ်ပွဲ၌သတင်းထောက်နေစဉ်အတွင်း ဘိုအာ (Boers) များကသူ့ကိုဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချခံခဲ့ရသည်။ သို့သော်သူလွတ်မြောက်လာသည့်အချိန်တွင် ခေါင်းကြီးပိုင်းသတင်းများကို ရေးသားခဲ့သည်။ အင်္ဂလန်သို့ပြန်ရောက်သည့်အချိန်တွင် သူ၏အတွေ့အကြုံများကို ရေးသား၍ "London to Ladysmith" စာအုပ်အဖြစ် ၁၉၀၀ ခုနှစ်တွင်ထုတ်ဝေဖြန့်ချီခဲ့သည်။

၁၉၀၀ ခုနှစ်တွင်ချပ်ချေး(လ်)က အိုးဟမ်း (Oldham) ပါလီမန်တွင် ကွန်ဆာဗေးတစ်အဖွဲ့ဝင်ဖြစ်လာပြီး လူမှုရေးပြန်လည်တည်ထောင်မှုလုပ်ငန်းများကို ထောက်ခံသူဖြစ်လာသည်။ ၁၉၀၄ ခုနှစ်တွင် သူ၏ပါတီအကြီးအကဲများလိုလားသောအပြောင်းအလဲကိုနားမလည်နိုင်သောကြောင့် ချပ်ချေး(လ်)ကလစ်ဘရယ်ပါတီသို့ပြောင်းလဲရန်ငြင်းခုန်ခဲ့သည်။ ၁၉၀၅ ခုနှစ်ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီအနိုင်ရသောအခါ ချပ်ချေး(လ်)ကို ကိုလိုနီရုံး၌လက်ထောက်အတွင်းရေးမှူးအဖြစ်ခန့်အပ်ခြင်းခံရသည်။

၁၉၀၈ ခုနှစ်တွင် ကက်ဘိနက်အတွင်းသို့ကုန်သွယ်ရေးဘုတ်အဖွဲ့ဝင်၏ ဥက္ကဋ္ဌအဖြစ်ဝင်ရောက်ခဲ့ပြီး ၁၉၁၀ ခုနှစ်တွင်ပြည်ထဲရေးဝန်ကြီးဖြစ်လာသည်။ ပြည်ထဲရေးဝန်ကြီးတစ်ယောက်အဖြစ်သူလုပ်ဆောင်ခဲ့သည့်အရာများမှာ အကျဉ်းထောင်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သော အကျဉ်းထောင်အတွင်းပညာပေးဟောပြောပွဲများနှင့်အကျဉ်းသားများအတွက် ဂီတပဒေသာပွဲများကျင်းပပေးခြင်း အပါအဝင်တို့ဖြစ်သည်။ ထို့ပြင် ထောင်ထွက်အကျဉ်းသားများကို အကူအညီပေးသောအဖွဲ့များကိုထူထောင်ပေးခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ဝက်(လ်)(ရှ်) (Welsh) မိုင်းတူးလုပ်သားများဆန္ဒပြပွဲတွင် ချပ်ချေး(လ်)က စစ်တပ်သုံးခဲ့သည့်အပေါ်သူ့ကို ပြင်းထန်စွာဝေဖန်ခဲ့ကြသည်။

၁၉၁၁ ခုနှစ်အောက်တိုဘာလတွင် ချပ်ချေး(လ်)သည် ရေတပ်အကြီးအကဲ (First

Lord of the Admiralty) ဖြစ်လာခဲ့ပြီး ခေတ်မီသောရေတပ်ဖြစ်လာအောင်ကူညီပေးခဲ့သည်။ ချပ်ချေး(လ်)သည် ၁၉၁၂ ခုနှစ်တွင် ရေတပ်မတော်၏လေယာဉ်ပျံဝန်ဆောင်မှု (The Royal Naval Air Service) ကိုတည်ထောင်ပေးခဲ့သည်။ ထို့အပြင် ရရှိလာသောနည်းစနစ်သစ်များကို ကောင်းမွန်စွာအသုံးပြုနိုင်ရန်လေကြောင်းဌါန (Air Department) ကိုတည်ထောင်ခဲ့သည်။ ချပ်ချေး(လ်)က ဖွံ့ဖြိုးတိုးတက်မှုများတွင် အလွန်ပင်စိတ်လှုပ်ရှားတက်ကြွသောကြောင့် လေယာဉ်မောင်းသင်တန်းကိုတက်ရောက်ခဲ့သည်။

၁၉၁၄ ခုနှစ်ပထမကမ္ဘာစစ်ဖြစ်ပေါ်ချိန်တွင် ချပ်ချေး(လ်)က စစ်ကောင်စီတွင်ဝင်ရောက်ပါဝင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၁၉၁၅ ခုနှစ်ဒါဒန်နယ်တရားဟောယပြောပွဲ (Dardanelles Campaign) မအောင်မြင်မှုအပေါ် အပြစ်တင်ခြင်းခံရသည်။ ထို့နောက် "Chancellor of the Duchy of Lancaster" အဖြစ်နေရာပြောင်းပေးခြင်းခံရသည်။ အစိုးရ၏စစ်ရေးမူဝါဒများတွင် ပါဝင်ပါတ်သက်ရန် ဩဇာ အာဏာမရှိတော့သည့်နောက် သူစိတ်မချမ်းသာတော့ပဲ နောက်ဆုံးဗြိတိသျှတပ်မတော်ထဲတွင် ပြန်လည်အမှုထမ်းပြီး အနောက်ပိုင်းရှေ့တန်းနေရာများတွင်ရှိသော "Royal Scots Fusiliers" တပ်ရင်းကိုဦးဆောင်ခဲ့သည်။

၁၉၁၇ ခုနှစ်တွင် အစိုးရအလုပ်ထဲပြန်လည်ဝင်ရောက်ပြီး လက်နက်ခဲယမ်းမီးကျောက်ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်သည်။ ၁၉၁၉ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ သူကစစ်ရေးစစ်ရာနှင့်လေကြောင်းဆိုင်ရာဘက်တွင် တာဝန်ယူရသောအတွင်းရေးမှူးဖြစ်ခဲ့ပြီး ၁၉၂၄–၁၉၂၉ ခုနှစ်အထိ ဝန်ကြီး (Chancell of the Exchequer) အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုနှစ်များနောက်ပိုင်းဆယ်နှစ်အတွင်း သူ့အတွက် "ကံဆိုးမိုးမှောင်ကျသောနှစ်များ" ဟုဆိုရပေမည်။ အိန္ဒိယများ၏မိမိကိုယ်ပိုင်အုပ်ချုပ်ရေးအပေါ် ဆန့်ကျင်ရေးနှင့် Abdication crisis–အခွင့်အာဏာလက်လွှတ်ရေးအရေးတော်ပုံအတွင်း အက်ဒဝပ်(တ်)အားထောက်ခံအားပေးမှုတို့ကြောင့် သူ့ကိုလူအများကလက်မခံတော့သဖြင့် သူ၏နာဇီဂျာမနီများပေါ်ပေါက်လာခြင်းနှင့်ဗြိတိန်အနေနှင့် လက်နက်အသစ်အဆန်းများပြန်လည်တပ်ဆင်ရန်အကြံပေးခြင်းတို့ကို မည်သူမျှအ

ရေးမလုပ်တော့ပေ။ ၁၉၃၉ ခုနှစ်ဒုတိယကမ္ဘာစစ်ဖြစ်ပေါ်သည့်အချိန်အတွင်း ချပ်ချေးလ်သည်ရေတပ်၏အကြီးအကဲ ( First Lord of the Admiralty) ဖြစ်လာသည်။ ၁၉၄၀ ခုနှစ်မေလတွင် Neville Chamberlian ကဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ပြီးနောက် ချပ်ချေးလ်က ယင်း၏ရာထူးကိုဆက်ခံခဲ့သည်။ သူ၏နာဇီဂျာမနီများအောက်တွင် လက်မမြောက်အရှုံးမပေးခဲ့ခြင်းကြောင့် တိုင်းပြည်မှသူ့ကိုကြိုက်နှစ်သက်ကြသည်။ စစ်ပွဲအတွင်းကာလများ၌ မပင်မပန်းဘဲ သူ၏တာဝန်များကို ထမ်းဆောင်ခဲ့ပြီး အမေရိကန်သမ္မတရုစဘဲ့နှင့်ဆက်ဆံရေးများကောင်းမွန်ပြီး တစ်ခါတစ်ရံဆက်ဆံရေးခက်ခဲသော ဆိုဗီယက်ယူနီယံဖြင့်ပင်ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၄၅ ခုနှစ်စစ်ပွဲအပြီး ရွေးကောက်ပွဲများတွင် ချပ်ချေးလ်ကအာဏာကိုလက်လွှတ်ခံရသော်လည်း အတိုက်အခံပါတီ၏ခေါင်းဆောင်အဖြစ် ဆက်လက်ရပ်တည်ပြီးမိမိ၏စစ်အေးစစ်ပွဲ(Cold War) အပေါ်စိုးရိမ်မှုများနှင့်“Iron Curtain*” ဟူသောစကားအသုံးအနှုန်းကို တင်စားကျော်ကြားလာအောင်လုပ် ဆောင်ခဲ့ပြီး ဥရောပနှင့် "Trans–Atlantic" တို့စည်းလုံးညီညွတ်မှုရှိအောင်လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင်သူကဝန်ကြီးချုပ်အဖြစ်ပြန်လည်တင်မြှောက်ခြင်းခံရသည်။ ၁၉၅၅ ခုနှစ်တွင် နုတ်ထွက်ခဲ့သော်လည်း သူမသေခင်အချိန်တိုအတွင်းအထိ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝင်စတန်ချပ်ချေး(လ်)သေဆုံးသွားသည့်တိုင် သူ၏နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုတွေသာမကစာအုပ်ပေါင်းမြောက်များစွာကိုလဲရေးသားခဲ့သည်။ ထို့ကြောင့် ၁၉၅၃ ခုနှစ်တွင်နိုဘယ်(လ်)စာပေဆုကိုရရှိခဲ့သည်။

ချပ်ချေးလ်သည် ၁၉၆၅ ခုနှစ်ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး သူ့ကိုနိုင်ငံတော်ကဂုဏ်ပြုသဂြိုလ်ခဲ့သည်။

* Iron Curtain “သံကန့်လန့်ကာ” ဆိုသည့်စကားလုံးစာဝါဆောနိုင်ငံများ (ကွန်မြူနစ်နိုင်ငံ–အဓိကအားဖြင့်အမေရိကနှင့်အနောက်ဥရောပနိုင်ငံ) တို့ကို ခွဲခြားထားသည့်စည်းမျဉ်းဖြစ်ပြီး ၁၉၄၅ မှ ၁၉၉၁ ခုနှစ်စစ်အေးစစ်ပွဲကုန်ဆုံး သည့်အချိန်ကာလတွင်ဖြစ်သည်။

“ကျွန်တော်မဟုတ်ရင်ဘယ်သူဖြစ်မလဲ။ နောက်ပြီးအခုမှမဟုတ်လို့ရှိရင် ဘယ်တော့ဖြစ်မလဲ။”
"If not me, who? And if not now, when?"

“မနေ့ကသင်အများကြီးလုပ်ခဲ့ပြီးပြီလို့ထင်နေရင် ဒီနေ့သင် အများကြီးမလုပ်နိုင်တော့ဘူး။”
"If what you have done yesterday still looks big to you, you haven't done much today."

“ကျွန်တော်ဟာကွန်မြူနစ်သမားတစ်ယောက်၊ တကယ့်ကွန်မြူနစ်သမားပါ။ တခြားသူတွေအတွက်တော့စိတ်ကူးယဉ်စရာဘဲဖြစ်လိမ့်မယ်၊ ဒါပေမယ့်ကျွန်တော့်အတွက်တော့တကယ့်ရည်မှန်းချက်ပန်းတိုင်တစ်ခုပါ။”
"I am a Communist, a convinced Communist! For some that may be a fantasy. But to me it is my main goal."

## မီခေးလ်ဂေါ်ဘာချော့(ဗ်) ( ၁၉၃၁– )



မိခေးလ်ဂေါ်ဘာချော့(ဗ်) (Mikhail Gorbachev) သည် ၁၉၃၁ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (USSR) ၏ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပါသည်။ ဆိုဗီယက်နှင့်အရှေ့ပိုင်းဥရောပနိုင်ငံများ၏ကွန်မြူနစ်ဝါဒကို ဖြုတ်ချပြီး ပြုပြင်ပြောင်းလဲရေးဝါဒကိုတည်ဆောက်ရန်အကောင်အထည်ဖော်ခဲ့သည့်နောက်ဆုံးခေါင်းဆောင်တစ်ဦးလည်းဖြစ်ခဲ့ပါသည်။

ဂေါ်ဘာချော့(ဗ်)သည် ဆိုဗီယက်စနစ်ကိုပြန်လည်ရှင်သန်စေရန် ပြုလုပ်မည်ဆိုသော်လည်း ၎င်းစနစ်ကိုဖြုတ်ချခဲ့ပါသည်။ ဂေါ်ဘာချော့(ဗ်)၏ အနောက်တိုင်းနိုင်ငံများအထူးသဖြင့်အမေရိကန်ပြည်ထောင်စုနှင့်ဖြစ်ပွားနေသောတင်းမာမှုဖြေလျှော့ချင်သောပေါ်လစီသည် ၁၉၄၀ ခုနှစ်ကတည်းကကမ္ဘာကြီးကို ခွဲခြားခဲ့သောစစ်အေးပွဲကြီးပြီးဆုံးရန်အတွက် အရေးကြီးသောထည့်ဝင်မှုတစ်ခုဖြစ်ခဲ့သည်။

မီခေးလ်ဂေါ်ဘာချော့(ဗ်)သည် ဆိုဗီယက်သမ္မတနိုင်ငံ **Privolnoye** မှ ၁၉၃၁ ခုနှစ် မတ်လ ၂ ရက်နေ့တွင်မွေးဖွားခဲ့သည်။ သူသည်စိုက်ပျိုးရေးဆိုင်ရာလယ်ယာရိတ်သိမ်းရေးစက်မှုပစ္စည်းများပြင်ဆင်သူတဦး၏သားဖြစ်ပါသည်။ ဂေါ်ဘာချော့(ဗ်)၏ အဘိုးဖြစ်သူ Pantelei Yefimovich Gopkalo သည်ကွန်မြူနစ်ပါတီ**(CPSU)**၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ (အများပိုင်လယ်ယာမြေလုပ်ငန်း) Kolkhoz ရွာ၏ဥက္ကဋ္ဌတစ်ဦးဖြစ်ပါသည်။ ၁၉၃၇ ခုနှစ်တွင်သူအား NKVD* လျှို့ဝှက်ပုလိပ်တို့မှလီယွန်ထရော်စကီး Leon Trotsky ကိုထောက်ခံသည့် ပုန်ကန်သူအဖွဲ့အစည်း၏ခေါင်းဆောင်တစ်ဦးအမှုဖြင့် ဖမ်းဆီးထောင်ချခဲ့ပါသည်။ ထောင်တွင် ၂ နှစ်နီးပါးနှိပ်စက်ဖမ်းဆီးချုပ်နှောင်ခြင်းခံရခဲ့ပြီး၊ ၁၉၃၈ ခုနှစ်ဒီဇင်ဘာလတွင် ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။

၎င်းဖြစ်ပျက်ခဲ့သည့်ရာဇဝင်သမိုင်းကြောင့် ဂေါ်ဘာချော့(ဗ်)က သူ၏နိုင်ငံရေးအား အသွင်ပြောင်းလဲမှုပေးစေခဲ့သည့် အဓိကအချက်ဖြစ်သည်ဟုပြောဆိုခဲ့ပါသည်။ သူ့အဘိုးသည် ကွန်မြူနစ်သမားဆန်နေဆဲဖြစ်ပြီး မိမိ၏မြေးအား Karl Marx/ Frederick Engels နှင့် လီနင် **(Lenin)** တို့၏လုပ်ငန်းဆိုင်ရာများဖြင့် ဆက်နွယ်စေခဲ့ပါသည်။ (လီယွန်ထရော်စကီး၏လုပ်ငန်းအကြောင်းကိုမူမပြောပြခဲ့ပေ)။

ဒုတိယကမ္ဘာစစ်အတွင်းက ဂေါ်ဘာချော့ဗ်၏ရွာကိုဂျာမန်စစ်သားတို့ သိမ်းပိုက်ခြင်းခံခဲ့ရပါသည်။ နောက်ပိုင်းတွင် မိမိကိုယ်တိုင်ဤသို့ရေးသားခဲ့ပါသည်။ "စစ်ပြီးသွားသည့်အချိန်တုန်းကကျွန်တော့်အသက် ၁၄ နှစ်ဘဲရှိပါသေးတယ်။ ကျွန်တော်တို့ရဲ့မျိုးဆက်ကတော့ စစ်တွင်းမှဖြစ်ပေါ်ခဲ့တဲ့ကလေးများ မျိုးဆက်ဖြစ်ပါတယ်။ ဒီစစ်ပွဲတွေဟာ ကျွန်တော်တို့ဘဝလောင်ကျွမ်းစေခဲ့တယ်။ ကျွန်ုပ်တို့ရဲ့ယခုလက်ရှိကမ္ဘာအား တွေ့မြင်ကြုံတွေ့ရှိပုံနှင့်ပြုမူကျင့်ကြံမှုတွေကိုလည်းဖြစ်လာစေပါတယ်။"

---

*NKVD သည်ဆိုဗီယက်ယူနီယံ၏လျှို့ဝှက်ပုလိပ်တပ်ဖွဲ့ဖြစ်ပြီး စတာလင်ခေတ်တွင် နိုင်ငံရေးနှိပ်ကွပ်မှုများအတွက် တာဝန်ယူရ သည်။

ဂေါ်ဘာချော့(ဗ်)သည် မော်စကိုတက္ကသိုလ်၌ ဥပဒေဆိုင်ရာဘာသာရပ်အား တက်ရောက်သင်ကြားခြင်းမပြုခင် ကောက်ရိတ်သိမ်းမှုဆိုင်ရာတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျောင်းသားဘဝတွင်ပင် ကွန်မြူနစ်ပါတီ**(CPSU)** တွင်အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ခဲ့ပြီး **Raisa Titorenko** နှင့်လက်ထပ်ထိမ်းမြား ခဲ့ပါသည်။

ဂေါ်ဘာချော့(ဗ်)တက္ကသိုလ်ကျောင်းဆင်းပြီးနောက် ကွမ်ဆိုမိုကွန်မြူနစ်လူငယ် များအဖွဲ့ **(Komsomol Communist Youth Organizaion)** တွင် အချိန်ပြည့်ဝန် ထမ်းတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၅၅ ခုနှစ်တွင် ဂေါ်ဘာချော့(ဗ်) သည် ကွမ်ဆိုမိုနယ်နိမိတ်ဆိုင်ရာကော်မတီ၏အတွင်းရေးမှူးတစ်အဖြစ်ခန့်အပ် ခြင်းခံရပါသည်။ ဂေါ်ဘာချော့(ဗ်)သည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများစွာပြုလုပ်ခဲ့ သည့်အပေါ် ၁၉၆၀ ခုနှစ်၌စတာရိုပိုလ်တွင် ကွမ်ဆိုမို၏ထိပ်တန်းအရာရှိတစ်ဦးဖြစ် လာခဲ့သည်။ နောက်နှစ်အတွင်းတွင်ဂေါ်ဘာချော့(ဗ်)သည် မော်စကိုရှိ ၂၂ ကြိမ် မြောက်ကွန်မြူနစ်ပါတီညီလာခံသို့ ကွမ်ဆိုမို၏ကိုယ်စားလှယ်အဖြစ်စေလွှတ်ခြင်း ခံရပါသည်။

ဂေါ်ဘာချော့(ဗ်)သည် စတာရိုပိုတွင် စိုက်ပျိုးရေးဆိုင်ရာပညာကို (၁၉၆၄–၆၇ ခုနှစ်အထိ) နောက်ထပ်လေ့လာသင်ယူပြီး ၁၉၇၀ ခုနှစ်တွင် စတာရိုပိုနယ်နိမိတ် ဆိုင်ရာတွင် အတွင်းရေးမှူးတစ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရခဲ့ပါသည်။ မိမိ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်နယ်လုံခြုံရေးဆိုင်ရာကော်မတီ **(KGB)** ၏ ဥက္ကဋ္ဌဖြစ်သောယူရီအဲန်ဒရိုပိုအား သဘောကျစေခဲ့ပါသည်။ ထို့ကြောင့် အဲန်ဒရို ပိုသည် မိမိ၏အာဏာကိုအသုံးချကာ ဂေါ်ဘာချော့အားရာထူးတိုးမြှင့်လိုက်ပါ သည်။

၁၉၇၁ ခုနှစ်တွင် ဂေါ်ဘာချော့(ဗ်)သည် ကွန်မြူနစ်ပါတီ၏ဗဟိုကော်မတီအဖွဲ့ဝင် တစ်ဦးဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာအတွင်းရေးမှူးအဖြစ် တာဝန်ရှိသောကြောင့် မော်စကိုသို့ပြောင်းရွှေ့သွားပါသည်။ ၁၉၈၀ ခုနှစ်၌ ပိုလစ် ဗျူရိုတွင် အသက်အငယ်ဆုံးသောအဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး လေးနှစ်အတွင်းတွင်

Konstantin Chernenko ၏ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။

၁၉၈၅ ခုနှစ်တွင် Chernenko ကွယ်လွန်သွားခဲ့သည်။ ၎င်းနေရာအား ဗဟိုကော်မတီမှဂေါ်ဘာချော့(ဗ်)အား ကွန်မြူနစ်ပါတီ၏အထွေထွေအတွင်းရေးမှူးအဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။ ပါတီခေါင်းဆောင်တစ်ဦးအနေဖြင့် သူသည်မလိုလားသောဗဟိုကော်မတီဝင်များအား ရာထူးမှ နုတ်ထွက်စေခိုင်းလိုက်ပါသည်။ နုတ်ထွက်သွားသူများအစားတွင် သူ၏လုပ်ဆောင်ချက်အားထောက်ခံသဘောတူညီသော အသက်ငယ်ရွယ်သောပုဂ္ဂိုလ်များဖြင့် ပြန်လည်အစားစေထိုးခဲ့ပါသည်။

၁၉၈၅ ခုနှစ်တွင် လီယွန်ထရော်စကီးအရက်စွဲခြင်းနှင့်လာဘ်ပေးလာဘ်ယူခြင်းကိုဆန့်ကျင်သည့်အနေဖြင့်စည်းရုံးရေးလုပ်ခဲ့သည်။ ထို့နောက် ဆိုဗီယက်စီးပွားရေးစနစ်ကို ပိုမိုကောင်းမွန်တိုးတက်လာရန်အကျိုးပြုစေသည့် လစ်ဘရယ်စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာစနစ်များသို့ ပြုပြင်ပြောင်းလဲမှုများနှင့် Perestroika (ပြန်လည်ဖွဲ့စည်းမှု) ၏လိုအပ်ချက်များကိုလည်းပြောဆိုခဲ့ပါသည်။

ဂေါ်ဘာချော့(ဗ်)သည် ဈေးကွက်စီးပွားရေးကိုတည်ဆောက်မည့် ဆိုဗီယက်စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုများဖြစ်ပေါ်စေရန်အားပေးသည့် မူပေါ်လစီဝါဒများကိုပြဋ္ဌာန်းခဲ့ပါသည်။ သို့သော် ဆိုဗီယက်အာဏာပိုင်များက ပြုပြင်ပြောင်းလဲမှုတွင် အထောက်အကူမပြုကြောင်းနှင့်ဈေးဆိုင်များတွင်ကုန်ပစ္စည်းများလုံလောက်မှုမရှိကြောင်းဖော်ပြပါသည်။

ဂေါ်ဘာချော့(ဗ်)သည် ဆိုဗီယက်၏နိုင်ငံခြားရေးမူပေါ်လစီဝါဒပြောင်းလဲမှုကိုလည်းကြေငြာခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် ရော်နယ်ရီဂင်နှင့်တွေ့ဆုံခဲ့ပြီး (INF) အဏုမြူဖျက်သိမ်းရေးစာချုပ်ကို ချက်ချင်းလက်မှတ်ရေးထိုးလိုက်သည်။ တဆက်တည်းတွင် အရှေ့ဥရောပနိုင်ငံများ၏ပြည်တွင်းရေးရာမူဝါဒပေါ်လစီများတွင် ပါဝင် နှောင့်ယှက်မှုပြုတော့မည်မဟုတ်ကြောင်း ရှင်းလင်းစွာဖော်ပြခဲ့ပြီး အာဖဂန်နစ္စတန်မှ

ဆိုဗီယက်လက်နက်ကိုင်တပ်များကိုရုပ်သိမ်းကြောင်း ၁၉၈၉ ခုနှစ်တွင်ကြေငြာလိုက်ပါသည်။ ယင်းကြေငြာပြီးတနှစ်တွင် ဂေါ်ဘာချော့(ဗ်)မှ ငြိမ်းချမ်းရေးနိုဘယ်(လ်)ဆုကိုရရှိခဲ့သည်။

အရှေ့ဥရောပနိုင်ငံများတွင် ကွန်မြူနစ်အစိုးရများကို ဆန့်ကျင်သည့်ဆန္ဒပြပွဲများတွင် ဂေါ်ဘာချော့(ဗ်)သည်ဆိုဗီယက်၏တင့်ကားများအား စေလွှတ်မပို့ပေးခဲ့သည်ကိုသတိပြုကြည့်ပါ။ ဤသို့ပြုလုပ်ပြီး မကြာခင်သော လပိုင်းအတွင်းပိုလန်နိုင်ငံ၊ ဟန်ဂေရီ၊ ဘူဂေးရီးယား၊ ရူမေးနီးယားနှင့်အရှေ့ဂျာမနီနိုင်ငံများတွင် ကွန်မြူနစ်ဝါဒများကိုပထုတ်နိုင်ခဲ့သည်။

(ရှေးအယူဝါဒအုပ်ချုပ်မှု)ကွန်ဆာဗေးတစ်အာဏာပိုင်များ အာဏာတွင်ရှိနေသောအချိန်တွင် ဂေါ်ဘာချော့(ဗ်)မှ ဆိုဗီယက်ပြည်ထောင်စုကြီး ဒီမိုကရက်တစ်နိုင်ငံဖြစ်လာရန်ကြိုးစားမှုတို့မှာ အောင်မြင်မှုမရခဲ့ပေ။ ၁၉၉၁ ခုနှစ်ဩဂုတ်လတွင် ဂေါ်ဘာချော့(ဗ်)သည် ကွန်မြူနစ်ပါတီအမာခံများမှ အာဏာသိမ်းရန် ကြိုးစားခဲ့သည်ကိုရှောင်ရှားနိုင်ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းအား တုံ့ပြန်သည့်အနေဖြင့်ဂေါ်ဘာချော့(ဗ်)သည်ဗဟိုကော်မတီအားဖျက်သိမ်းခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဆိုဗီယက်နိုင်ငံပြိုလဲသည့်နောက်ပိုင်း ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဂေါ်ဘာချော့(ဗ်)ရာထူးမှနုတ်ထွက်သွားခဲ့ပါသည်။

"အီရန်မှာဖြစ်ပေါ်လာတဲ့တော်လှန်ရေးမှာလူတွေကအစ္စလာမ်ကိုလိုချင်တယ်လို့ကြွေးကြော်ကြတယ်။ ဒီလူတွေဟာဒီမိုကရေစီရဖို့ထပြီးကြွေးကြော်တော်လှန်ကြတာမဟုတ်ဘူး။"

"In the revolution that was achieved in Iran, people were screaming that they wanted Islam; these people did not rise up so their country could have democracy"


"ကျွန်ုပ်တို့ကိုဆန့်ကျင်တဲ့လူတွေဟာကင်ဆာအကြိတ်နဲ့တူတယ်။သူတို့ကိုခွဲစိတ်ဖြတ်ထုတ်ဖို့လိုတယ်။ ဒီလိုမှမလုပ်ရင်သူတို့ဟာအားလုံးကိုအဂတိလိုက်စားမှုတွေလုပ်မှာဖြစ်တယ်။"

"Those who are against us are like cancer tumors that need to be removed surgically; otherwise they will corrupt everything"

"မိခင်တစ်ယောက်ကသားကိုကိုယ်တိုင်တရားရုံးသို့ပို့ပြီးနောက်သူမရဲ့သားဟာကြိုးမိန့်ပေးခံရခဲ့တယ်။ ဒီမိခင်ကိုလူတွေအတုယူသင့်တယ်။

"People have to learn from the mother who brought her own son to court and then her son was hanged"

# အယာတိုလာကိုမီနီ (၁၉၀၂–၁၉၈၉)



အယာတိုလာကိုမီနီ (Ayatollah Khomeini) ၏နာမည်အရင်းမှာဆာယမ်ရူဟိုလာ–အာလ်–မူဆာဗီ–အာလ်–ကိုမီနီ (Sayyid Ruhollah al-Musavi al-Khomeini) ဖြစ်သည်။ သူသည်ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး နိုင်ငံ၏ပြင်ပမှနေ၍လူထုကြီးကို ဦးဆောင်ပြီး အီရန်မှ မိုဟာမက်ရီစာရှာပါလဗီ (Muhammad Reza Shah Pahlavi) (ရှာ) ကိုပြုလဲအောင် ၁၉၇၉ တွင်တွန်းလှန်နိုင်ခဲ့သည်။

ကိုမီနီသည် ဘာသာရေးဆိုင်ရာပညာတတ်ဆာယစ်မော့စတိုဖာ (Sayyid Most--afa) ၏သားဖြစ်ပြီးယင်း၏အသက် ၆ လအရွယ်တွင် ယင်း၏ဖခင်ကွယ်လွန်သွားခဲ့သည်။ ကိုမီနီ၏အသက် ၁၅ နှစ်အရွယ်တွင် ယင်း၏မိခင်နှင့်အဒေါ်သေဆုံးသွားသည့်အတွက် အစ်ကိုကြီးကပြုစုစောင့်ရှောက်ခဲ့သည်။ ကိုမီနီသည်အစ်ကိုကြီးနှင့်အတူ ခိုရန်ကျမ်းကို အလွတ်ကျက်မှတ်ပြီး ရှီယာအစ္စလာမ် (Shia Islam)

၏အခြေခံအချက်အလက်များကိုလေ့လာခဲ့သည်။

များမကြာမီကိုမီနီသည် (အရပ် Arak) မြို့သို့သွားပြီး အစ္စလာမ်မစ်ဥပဒေကိုလေ့လာသင်ယူခဲ့သည်။ ၁၉၂၀ ခုနှစ်အစောပိုင်းတွင် သူ၏ဆရာကကွမ် (Qum) မြို့သို့ပြောင်းရွှေ့ခဲ့သည့်အတွက် ကိုမီနီလဲသူ့ဆရာနောက်သို့ လိုက်ပါလာခဲ့သည်။ ကိုမီနီက "အယာတိုလာ–Ayatollah" ဘွဲ့အမည်ကိုရရှိခဲ့သည်။ အယာတိုလာဘွဲ့သည် တော်သောရှီယာကျောင်းသားများကိုပေးသောဘွဲ့ဖြစ်ပြီး အဓိပ္ပါယ်မှာ "ဘုရားသခင်ကပေးသောလက်ဆောင်" ဟူ၍ပင်။ ကိုမီနီကနက်နဲသောအယူဝါဒများကိုလက်ခံပြီး ယင်းတို့မှာလောကစည်းစိမ်ဥစ္စာများကို ပစ်ပယ်ပြီး ဘုရား၏နက်နဲသော လျှို့ဝှက်ဆန်းကြယ်မှုများကို စူးစမ်းရှာဖွေသုံးသပ်ခြင်းပင်ဖြစ်သည်။ ကိုမီနီ၏အယူဝါဒတွင် ဥပဒေ၊ ယုတ္တိဗေဒ (ကျိုးကြောင်းဆက်စပ်၍ယုံကြည်စေသည့်အသိပညာ) နှင့်ဒဿနိကအတွေးအခေါ်များပါဝင်သောကြောင့် သူ၏နောက်လိုက်များစွာရှိခဲ့သည်။

အခြားသောအီရန်နိုင်ငံသားများကဲ့သို့ ကိုမီနီသည် အီရန်နိုင်ငံအတွင်း၌ အခြားနိုင်ငံများ၏ဝင်ရောက်စိုးမိုးချယ်လှယ်မှုအပေါ် လုံးဝမလိုလားချေ။ နိုင်ငံခြားအစိုးရများသည် အများအားဖြင့်ခေတ်မီသော်လည်း အစ္စလာမ်မစ်၏ရိုးရာကိုဆန့်ကျင်သောနိုင်ငံရေးအယူဝါဒများကိုထောက်ခံအားပေးသည်။ ပထမဦးဆုံးခေါင်းဆောင်တစ်ယောက်မှာရီဆာရှာပါလဝီဖြစ်ပြီး ၁၉၂၁ ခုနှစ်အတွင်း ရုရှားအစိုးရ၏ထောက်ခံကူညီမှုဖြင့် အီရန်ပထမဦးဆုံးဖွဲ့စည်းအုပ်ချုပ်ပုံအစိုးရကို ဖယ်ထုတ်ပစ်နိုင်ခဲ့သည်။ ဤအဖြစ်အပျက်များကိုကြည့်ပြီး အမျက်ဒေါသထွက်သော်ငြားလည်းကိုမီနီက ၁၉၃၀ ခုနှစ်များအတွင်း နိုင်ငံရေးလှုပ်ရှားမှုများတွင်ပါဝင်ပတ်သက်ခဲ့ခြင်းမရှိပေ။ သူကနိုင်ငံရေးလှုပ်ရှားမှုများ၏ခေါင်းဆောင်မှာ ဘာသာရေးလုပ်ဆောင်သောလူများ၏လက်ထဲတွင် ရှိရမည်ဟုယုံကြည်သည်။ ထို့ကြောင့်သူက အခြားဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် အယာတိုလာဟယ်ရီ၏အဆုံးအဖြတ်ဖြစ်သည့် ရီဆာရှာ၏ အီရန်နိုင်ငံအပေါ်ပြောင်းလဲမှုကိုလိုက်နာရမည်ကိုလက်ခံခဲ့ရသည်။ ၁၉၄၁ ခုနှစ်တွင် ကိုမီနီက ပါလာဝီအစိုးရအားအသုံးမ

ကျသောအစိုးရဟုကြေငြာပြီး အမိန့်အားလုံးကို အာဏာရှင်အုပ်ချုပ်မှုအစိုးရက ပေးပြီး ဘာမှတန်ဖိုးမရှိဘူးဟုဆိုခဲ့၏။ ၁၉၄၁ ခုနှစ်တွင် ပါလါဝီ၏နေရာကို သူ၏ သားမိုဟာမက်ရီဆာရှာပါလာဝီက ဗြိတိန်၊ ပြင်သစ်နှင့်အမေရိကန်တို့၏အကူအ ညီဖြင့်ရရှိခဲ့သည်။ ၁၂ နှစ်နောက်ပြီးတွင် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ (CIA) က Shah တို့၏မဟာမိတ်ကို ယင်းတို့၏ရန်သူဖြစ်သောဝန်ကြီးချုပ်မိုဟာ မက်မိုစာဒက် (Mohammad Mosaddeq) ကို ပယ်ချရာတွင်ကူညီခဲ့သည်။ သြ ဇာတက်သိမ်းသောအဖွဲ့က ကိုမင်နီကို Shah အပေါ်ဝေဖန်မှုများပြုသည့် အတွက် ဖိအားပို၍ပေးခဲ့သည်။

၁၉၆၀ ခုနှစ်ဦးပိုင်းတွင် ရှာတို့ကအဖြူရောင်တော်လှန်းရေးကိုစတင်ခဲ့ပြီးအနောက် တိုင်းအယူဝါဒများဖြစ်သော အမျိုးသမီးများအခွင့်အရေး၊ တန်းတူညီမျှရရှိရေးနှင့် ဘာသာရေးကိုအခြေမခံသောပညာရေးများစသည်တို့ကိုထည့်သွင်းပေးခဲ့သည်။ ကိုမီနီက ကွမ်ရှိဖက်ဇီကျမ်းစာသင်ကျောင်း (Faziye Seminary) တွင်ပညာသင် ကြားနေစဉ်မှာပင် ဒေါသကြီးစွာဖြင့်ရှာတို့၏ပေါ်လစီကို တိုက်ခိုက်ထိုးနှက်ခဲ့ သည်။ ထို့ကြောင့် ရှာတို့ကသူ့ကို ၁၉၆၃ ခုနှစ်တွင်ထောင်ချခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် အီရန်နိုင်ငံမှထွက်သွားရန် ပြည်နှင်ဒါဏ်ပေးခဲ့သည်။ ကိုမီနီအီရတ်နိုင်ငံ (Iraq) မြောက်ပိုင်းတွင်ရှိသော ရှီယာတို့၏သန့်ရှင်းသောမြို့ဖြစ်သည့်နာဂျတ် (Najaf) တွင်အခြေချနေထိုင်သည်။ ထိုနေရာ၌ပင် ကိုမီနီကသူ၏အယူဝါဒများကိုကျောင်း သားပေါင်း ၁၂,၀၀၀ ကျော်ထံသို့ဖြန့်ဝေခဲ့သည်။ နာဂျတ် (Najaf) မြို့မှနေ၍ပဲ ရစ်မြို့သို့ ၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ကိုမီနီက အီရန် နိုင်ငံသားများကိုရှာနှင့်ယင်းတို့၏အမေရိကန်မဟာမိတ်များကို ဖြုတ်ချပစ်ရန်နှင့်ယင်း ကအမေရိကန်တို့ကို "ကျွန်ုပ်တို့ရဲ့ဦးနှောက်များကိုဒမြတိုက်ယူသူ" ဟုခေါ်ဆို သည်။ နောက်ဆုံးရှာတို့က အာဏာမှတိုက်ဖြုတ်ပြီး ၁၉၇၉ ခုနှစ်ဇန်နဝါရီလတွင် တိုင်းပြည်မှနှင်ထုတ်လိုက်ခြင်းကို ခံရသည့်အချိန်တွင် ကိုမီနီကအီရန်သို့ပြန်လာခဲ့ သည်။ ဒီဇင်ဘာလတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တစ်ခုကို ချမှတ်ခဲ့ပြီး အီရန်နိုင်ငံကို အစ္စလာမ်ပြည်သူ့သမ္မတနိုင်ငံဟုကြေငြာခဲ့ပြီး ယင်းကိုအီမန် (မို ဟာမက်နေရာကိုဆက်ခံမည့်သူ) ဟုအမည်ပေးခဲ့ပြီး ဘဝအသက်တာအတွက်ဦး

ဆောင်ပေးမည့်ခေါင်းဆောင်အဖြစ် မှတ်ယူခြင်းခံရသည်။

ကိုမီနီအောင်မြင်ပြီးနောက်တစ်နှစ်တွင် အီရတ်မှအီရန်ကိုတိုက်ခိုက်ခဲ့ပြီး ရှစ်နှစ်ကြာပဋိပက္ခစတင်ခဲ့သည်။ စစ်ရေးအတွက် ကုန်ကျစရိတ်များများပြားလာပြီး နောက်ဆုံးတွင်ကိုမီနီမှသူ၏စကားအတိုင်း "အဆိပ်ရည်တစ်ခွက်သောက်ခြင်း" ဟုပြောပြီးကုလသမဂ္ဂ၏ကြားဝင်အပစ်အခတ်ရပ်စဲရေးလုပ်ငန်းကိုလက်ခံခဲ့သည်။

၁၉၈၉ ခုနှစ်ဇွန်လတွင် ကိုမီနီသေဆုံးသွားသည့်အခါ အီရန်နိုင်ငံသားပေါင်းများစွာက ကိုမီနီအတွက် ဝမ်းနည်းကြေကွဲခဲ့ရသည်။ သူကွယ်လွန်သွားသည့်အချိန်တွင် အီရန်၏စီးပွါးရေးမှာ အလွန်အင်အားနည်းခဲ့သော်လည်း အစ္စလာမ်နိုင်ငံကိုမူ ကောင်းမွန်စွာထူထောင်နိုင်ခဲ့သည်။

“မုန်တိုင်းကြောင့်ထင်ရှူးပင်များနှင့်ဆိုက်ပရက်(စ်)ထင်းရှူးပင်များကမိမိတို့အားသာချက်များနှင့်တည်ငြိမ်မှုများကိုဖော်ပြနိုင်ရန်ကောင်းသောအခွင့်အရေးတစ်ခုဖြစ်ကြောင်းသတိရပါ။”

"Remember, the storm is a good opportunity for the pine and the cypress to show their strength and their stability."

“ကျွန်တော့်ရဲ့တာဝန်ဟာ ပဲ့ကိုင်သူတစ်ယောက်လိုဘဲ–ဖခင်နိုင်ငံကြီးဖြစ်တဲ့–လှေတစ်စင်းရဲ့ ပဲ့ကိုင်ကိုဘေးကင်းစွာထိန်းထားပြီး၊ မုန်တိုင်းများအကြားကနေလူထုတွေကိုပျော်ရွှင်မှု ကမ်းစပ်သို့ရောက်ရှိနိုင်အောင်ပို့ဆောင်ဖို့တာဝန်ရှိပါတယ်။”

"My duty is like that of a helmsman who must steer safely the boat-the Fatherland-through storms and take people to the shores of happiness."

## ဟိုချီမင်း (၁၈၉၀–၁၉၆၉)



ဟိုချီမင်း (Hochi Minh) သည် ဗီယက်နမ်တော်လှန်ရေးနိုင်ငံခေါင်းဆောင်တစ်ဦးဖြစ်ပြီး နောင်တွင် (ဗီယက်နမ်မြောက်ပိုင်း) Democratic Republic of Vietnam ၏ဥက္ကဌနှင့်ဝန်ကြီးချုပ်ဖြစ်လာသူတစ်ဦးဖြစ်ပါသည်။ ဟိုသည် ၁၉၄၁ ခုနှစ်မှစ၍ဗီယက်မိန်လွတ်လပ်ရေး အတွက်လှုပ်ရှားခဲ့သူဖြစ်ပြီး၊ ၁၉၄၅ ခုနှစ်တွင် Democratic Republic of Vietnam ကိုကွန်မြူနစ်အုပ်ချုပ်ရေးစနစ်ကိုဖြင့်အုပ်ချုပ်နိုင်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ပြင်သစ်တို့ကို နှိမ်နင်းတိုက်ထုတ်နိုင်ခဲ့သည်။ ယင်းသည် ဗီယက်နမ်စစ်ပွဲ၌ မြောက်ပိုင်းဗီယက်နမ်ကို မိမိအသက်ဆုံးသွားသည်အထိဦးစီးခဲ့ပြီး၊ ၆ နှစ်နောက်ပိုင်းတွင် မြောက်ဗီယက်နမ်ပိုင်းမှအောင်ပွဲရရှိသောကြောင့် စစ်ပွဲပြီးဆုံးသွားခဲ့သည်။ ထို့နောက် ဗီယက်နမ်လူမျိုးများ ပေါင်းစည်းညီညွတ်မှုစတင်ရရှိလာခဲ့သည်။ ယခင်က ဗီယက်နမ်တောင်ပိုင်း၏မြို့တော်ဖြစ်သောစိုင်ကွန် (Saigon)မြို့တော်ကိုဟိုချီမင်းအားဂုဏ်ပြုသောအားဖြင့်ဟိုချီမင်းမြို့တော်ဟု အမည်ပြောင်းလဲ

လိုက်ပါသည်။

ဟိုချီမင်းသည် ဗီယက်နမ်၌ ၁၈၉၀ ခုနှစ်တွင်မွေးဖွားခဲ့ပါသည်။ သူ၏ဖခင်ညိုယဲန်စိန်ဟူ (Nguyen Sinh Huy) သည်ပြင်သစ်တို့မှ ကျောင်းဆရာတစ်ဦးအဖြစ်အလုပ်ခန့်အပ်ခြင်းခံရသည်။ သူသည်အလွန်ဥာဏ်ကောင်းသူဟု ဂုဏ်သတင်းကျော်ဇောသော်လည်း ပြင်သစ်ဘာသာစကားကိုသင်ယူရန် ငြင်းပယ်ခဲ့သောကြောင့်အလုပ်ပြုတ်ခဲ့ပါသည်။ ထို့ကြောင့် အသက်ရှင်နေထိုင်ရေးအတွက် ဗီယက်နမ်တပြည်လုံးသို့ ခရီးလှည့်လည်ရပြီး လယ်သမားများအတွက် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရင်း အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။ ထိုဝန်ဆောင်မှုလုပ်ငန်းများမှာ ဆေးဘက်ဆိုင်ရာ ကုသမှုပေးခြင်းနှင့်စာရေးခြင်းအလုပ်များပါဝင်ပါသည်။

အမျိုးသားရေးဝါဒီတစ်ဦးအနေဖြင့် ညိုယဲန်သည် မိမိသားသမီးများကို ပြင်သစ်၏အုပ်ချုပ်ရေးကို ဆန့်ကျင်တော်လှန်ရန် သင်ပေးခဲ့ပါသည်။ ထို့ကြောင့်သားသမီးများကြီးပြင်းလာသောအခါ အမျိုးသားဝါဒီကိုဆုပ်ကိုင်ထားပြီး ဗီယက်နမ်လူမျိုးများ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန်ဆန္ဒရှိကြသည်မှာမထူးဆန်းပေ။

ဟိုချီမင်း၏အစ်မသည် ပြင်သစ်စစ်တပ်၌အလုပ်ရခဲ့သည်။ သူမသည် မိမိရရှိသောရာထူးကိုအသုံးပြု၍ ပြင်သစ်တပ်မှ စစ်လက်နက်ပစ္စည်းများကိုခိုးယူခဲ့သည်။ သူ၏ရည်ရွယ်ချက်မှာ တနေ့တွင် ထိုလက်နက်များကိုအသုံးပြု၍ ပြင်သစ်များကိုဗီယက်နမ်မှတိုက်ထုတ်ရန်ဖြစ်ပါသည်။ သို့သော် သူမအားဖမ်းမိသွားသဖြင့် တသက်တကျွန်းထောင်ချခံရခဲ့လေသည်။

ညိုယဲန်သည် မိမိကိုယ်တိုင်ပြင်သစ်ဘာသာစကားသင်ယူရန် ငြင်းဆန်ခဲ့သော်လည်းဟိုအား ပြင်သစ်ကျောင်းသို့ပညာသင်ကြားရန်ပို့ဆောင်ခဲ့သည်။ ဤသည်

မှာပြင်သစ်တို့အားတိုက်ထုတ်ရာတွင် ကောင်းသောပြင်ဆင်မှုပင်ဖြစ်သည်ဟု မိမိထင်မြင်သောကြောင့်ဖြစ်ပါသည်။

ဟိုချီမင်းကျောင်းပြီးသည့်နောက်ပိုင်း တခဏကျောင်းဆရာအလုပ်ဝင်လုပ်ခဲ့ပါသည်။ ထို့နောက် သင်္ဘောသားလုပ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ဤသို့ဖြင့်တိုင်းပြည်အနှံ့အပြားသို့ခရီးလှည့်လည်ခွင့်ရခဲ့သည်။ ပြင်သစ်အင်ပါယာနိုင်ငံများစွာသို့လည်း မိမိရောက်ရှိခဲ့သည်။ ဤသို့ခရီးလှည့်လည်ခြင်းဖြင့် မတရားသဖြင့်သွေးစုပ်ခံရသူသည် ဗီယက်နမ်လူမျိုးတစ်ခုတည်းသာမဟုတ်ကြောင်း သူလေ့လာသိရှိခဲ့ရပါသည်။

၁၉၁၇ ခုနှစ်တွင် ဟိုသည်ပဲရစ်တွင် အခြေချနေထိုင်ခဲ့ပါသည်။ ကားလ်မတ် (Karl Marx) ရေးသားသော စာအုပ်များနှင့်အခြားလက်ဝဲဝါဒီစာရေးဆရာများရေးသားသော စာအုပ်များကိုဖတ်ရှုပြီး နောက်ပိုင်းကွန်မြူနစ်ဝါဒီတစ်ယောက်ဖြစ်လာသည်။ ၁၉၂၀ ခုနှစ်ဒီဇင်ဘာလတွင် ပြင်သစ်ကွန်မြူနစ်ပါတီကို စတင်ဖွဲ့စည်းလိုက်သည်။ ဟိုသည် ယင်းပါတီဖြစ်မြောက်ရေးအတွက် စတင်တည်ထောင်ခဲ့သောအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

ဟိုသည် အခြားသောပြင်သစ်ကွန်မြူနစ်ပါများကဲ့သို့ပင် ရုရှားတော်လှန်ရေးလုပ်ငန်းများကိုသဘောကျခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုသို့ ဟိုအလည်အပတ်ရောက်ခဲ့သည်။ မော်စကို၌ ရောက်ရှိနေစဉ် မိမိ၏သူငယ်ချင်းထံသို့ ကွန်မြူနစ်သမားများအားလုံးတွင် မိမိတိုင်းပြည်သို့ပြန်သွားရန် တာဝန်ရှိပြီး "လူထုစည်းဝေးပွဲများပြုလုပ်ရန်၊ စည်းရုံးရန်နှင့်သင်တန်းများပေးရန်၊ ထို့နောက်လွတ်လပ်ရေးအတွက် တိုက်ခိုက်ရာတွင် ဦးဆောင်မှုပြုခြင်း" တို့ကိုလုပ်ရမည်ဟု ရေးသားခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ဟို ဗီယက်နမ်သို့ပြန်သွားခဲ့လျှင် ပြင်သစ်အာဏာပိုင်များ၏ဖမ်းဆီးမှုအန္တရာယ်မှ ကင်းလွတ်မည်မဟုတ်ကြောင်း မိမိကိုယ်မိမိသတိပြုမိပါသည်။

ထို့ကြောင့် တရုတ်နိုင်ငံဗီယက်နမ်နယ်စပ်သို့သွားရောက်နေထိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။ ထိုနေရာတွင် တိုင်းတပါးရောက်အမျိုးသားရေးဝါဒီများအား "ဗီယက်နမ်တော်လှန်ရေးအဖွဲ့အစည်း" ထဲသို့ဝင်ရောက်ရန်စည်းရုံးရေးလုပ်လေသည်။

၁၉၄၀ ခုနှစ်စက်တင်ဘာလတွင် ဂျပန်စစ်သားများအင်ဒိုချိုင်းနားကို ကျူးကျော်တိုက်ခိုက်ခဲ့ပါသည်။ ဂျာမနီတို့မှ ပဲရစ်ကိုသိမ်းပိုက်ခဲ့သည့်အတွက် ပြင်သစ်စစ်သားများမှတိုက်ပွဲဆင်နွှဲရန် အကျိုးမရှိတော့ကြောင်းသိ၍ ဂျပန်များထံလက်နက်ချလိုက်ပါသည်။ ဤအဖြစ်ကို တွေ့မြင်ရသည့် ဟိုချီမင်းနှင့်သူ၏နောက်လိုက်သားများသည် နိုင်ငံခြားသားတို့၏အုပ်ချုပ်မှုမှလွတ်မြောက်ရန် လုပ်ဆောင်ရမည့်အခွင့်အခါရောက်လာပြီဟုထင်မြင်သောကြောင့် ဗီယက်မိန် ဟုခေါ်သောအဖွဲ့အစည်းတစ်ခုဖွဲ့စည်း တည်ထောင်လိုက်သည်။ စစ်ဗိုလ်ချုပ် Vo Nguyen Giap ၏ခေါင်းဆောင်မှုဖြင့် ဗီယက်မိန်သည် ပြောက်ကျားစစ်ဆင်ရေးစနစ်ဖြင့် ဂျပန်များအားတိုက်ခိုက်ဆန့်ကျင်ခဲ့သည်။

ဗီယက်မိန်သည် ဆိုဗီယက်ပြည်ထောင်စုထံမှ စစ်လက်နက်များနှင့်ခဲယမ်းမီးကျောက်များကို လက်ခံရရှိသည်သာမက ပုလဲဆိပ်ကမ်း၌ဗုံးကြဲပြီးသည့်နောက် အမေရိကန်ပြည်ထောင်စုထံမှ ထောက်ပံ့မှုများရရှိခဲ့ပါသည်။ ထိုအချိန်ကာလတွင် စစ်ဘက်ဆိုင်ရာပရိယာယ်ကိုလေ့လာသိရှိခဲ့သည်။

၁၉၄၅ ခုနှစ်ဩဂုတ်လတွင် ဟီရိုရှီးမားနှင့်နါဂါစာကီ၌ဗုံးကြဲမှုဖြစ်ပွားပြီးနောက် ဂျပန်များမှမိမိတို့၏မဟာမိတ်များထံ လက်နက်ချသည့်အခါ ဗီယက်မိန်တို့အတွက် မိမိ၏ တိုင်းပြည်ကို အုပ်ချုပ်နိုင်သည့်အခြေအနေကောင်းတစ်ခုရရှိလာသည်။

၁၉၄၅ ခုနှစ်စက်တင်ဘာလတွင် ဟိုချီမင်းသည် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတ

နိုင်ငံဖွဲ့စည်းလိုက်ကြောင်း ကြေငြာလိုက်ပါသည်။ ဗီယက်နမ်စစ်ပွဲအပြီးတွင် ဗီယက်နမ်တွင် ဖြစ်လာမည့်အခြေအနေများကို ထိပ်သီးအစည်းအဝေးပွဲတွင် ဖရန်ကလင်းဒီရုစဘဲ့၊ ဝင်စတန်ချပ်ချေးနှင့်ဂျိုးဇက်စတာလင်တို့မှဆုံးဖြတ်ပြီးဖြစ်ကြောင်း ဗီယက်မိန်မှမသိရှိခဲ့ပေ။ ၄င်းတို့၏ သဘောတူညီချက်မှာ ဗီယက်နမ်ကိုနှစ်ပိုင်းခွဲပြီး မြောက်ပိုင်းကို တရုတ်တို့မှအုပ်ချုပ်မည်ဖြစ်ပြီး၊ တောင်ပိုင်းကိုမူ ဗြိတိသျှတို့မှအုပ်ချုပ်မည်ဖြစ်ကြောင်းဗီယက်နမ်ကိုနှစ်ပိုင်းခွဲလိုက်သည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် ပြင်သစ်သည်ဗီယက်နမ်ကို ပြန်လည်အုပ်ချုပ်ရန် ကြိုးစားလေသည်။ ဟိုချီမင်းမှ ကြေငြာလိုက်သည့်ဗီယက်နမ်ဒီမိုရက်တစ်သမ္မတနိုင်ငံကိုပြင်သစ်တို့မှအသိအမှတ်မပြုသောကြောင့် ဗီယက်နမ်နှင့်ပြင်သစ်စစ်သားများအကြားတိုက်ခိုက်မှုဖြစ်ပွားလေသည်။ အစောပိုင်းတွင် စစ်ပရိယာယ်ပညာကျွမ်းကျင်သောပြင်သစ်တို့အားတိုက်ခိုက်ရာတွင် ဗိုလ်ချုပ်ကြီး Vo Nguyen Giap မှအခက်အခဲများရင်ဆိုင်ခဲ့ရသည်။ သို့သော် ၁၉၄၀ ခုနှစ်မော်စီတုံး (Mao Zedong) နှင့်မိမိ၏ကွန်မြူနစ်တပ်သားများ တရုတ်နိုင်ငံရှိ ချန်ကေရှိတ် (Chaing Kai Shek) ကိုနှိမ်နှင်းခဲ့သည့် ၁၉၄၉ ခုနှစ်နောက်ပိုင်းတွင် အခြေအနေပိုမိုကောင်းမွန်လာသည်။ ထိုအခါမှပင် ဗီယက်မိန်၌ဒဏ်ရာရသူများနှင့် မိမိ၏စစ်သားများလုံခြုံသည့်တပ်စခန်းပြုလုပ်လာနိုင်ပေသည်။

၁၉၅၃ ခုနှစ်တွင် ဗီယက်မိန်သည် ဗီယက်နမ်မြောက်ပိုင်းရှိနေရာများစွာကို ထိန်းချုပ် လာနိုင်သည်။ သို့သော် ဗီယက်နမ်တောင်ပိုင်းမှာမူပြင်သစ်တို့မှ အခိုင်အမာချုပ်ကိုင်ထားပြီး Bo Dai ဟုခေါ်သော ဗီယက်နမ်ကေရာဇ်ဘုရင်ကိုပြည်နယ်၏ စစ်ဦးစီးချုပ်အဖြစ်တည်ထောင်လိုက်သည်။

ပြင်သစ်တို့သည် စစ်ပွဲတွင် အချိန်ကြာပါဝင်တိုက်ခိုက်ရဦးမည်ဟု ရှင်းလင်းစွာသိရသောအခါ ပြင်သစ်အစိုးရသည် ဗီယက်မိန်နှင့်စေ့စပ်ဆွေးနွေးပွဲပြုလုပ်ရန် ကြိုးစားခဲ့

သည်။ ပြင်သစ်တို့က နိုင်ငံအစိုးရဖွဲ့စည်းရာတွင် အကူအညီပေးမည်ဖြစ်ပြီးတဖြည်းဖြည်းဗီယက်နမ်ကိုလွတ်လပ်ရေးပေးမည်ဟုကတိပြုသည်။ သို့သော် ဟိုချီမင်းနှင့်အခြားဗီယက်မိန်ခေါင်းဆောင်များမှာ ပြင်သစ်တို့ပြောသည်ကိုမယုံသဖြင့် စစ်ပွဲကိုသာဆက်လက်ဆင်နွှဲလေသည်။

ပြင်သစ်တို့သည်လည်း စစ်ပွဲဆက်လက်ရေးကိုခုခံတွန်းလှန်လေသည်။ ဗီယက်နမ်တွင်ရှိသောစစ်ဗိုလ်ချုပ်ကြီး Navarre သည်အချိန်များစွာကုန်လွန်လာပြီဖြစ်သောကြောင့် ဗီယက်မိန်တို့ကိုအောင်ပွဲခံရန် အချိန်ရောက်ပြီဟုတွေးမိလာသည်။ ထို့ကြောင့်စစ်ဗိုလ်ချုပ်ကြီး Vo Nguyen Giap အားနည်းပရိယာယ်စစ်ပွဲကြီးဆင်နွှဲလျှင် မိမိတို့ပြင်သစ်မှအနိုင်ရရှိသွားမည်မှာ အမှန်ပင်ဖြစ်သည်ဟုနားလည်သဘောပေါက်လေသည်။ ၁၉၅၃ ခုနှစ်ဒီဇင်ဘာလတွင် စစ်ဗိုလ်ချုပ် Navarre သည် လောနိုင်ငံတွင်စခန်းချထားသောဗီယက်မိန်မှ ယင်းတို့၏တပ်စခန်းသို့ ၄င်းတို့ပြန်မသွားနိုင်ရန် Dien Bien Phu တွင်ရှုပ်ထွေးသောခုခံကာကွယ်မှုကိုတည်ဆောက်လေသည်။ စစ်ဗိုလ်ချုပ်ကြီး Navarre ၏လောနိုင်ငံတွင် စစ်ဆင်မှုနည်းဗျူဟာအပေါ်စစ်ဗိုလ်ချုပ်ကြီး Giap မှပြင်သစ်အား Dien Bien Phu တွင်ပြန်လည်တိုက်ခိုက်လိမ့်မည်ဟုမှန်းဆထားသည်။

စစ်ဗိုလ်ကြီး Navarre ၏အစီအစဉ်အတိုင်း စစ်ဗိုလ်မှူး Giap ၏စိန်ခေါ်မှုကိုပြန်လည်ခုခံလေသည်။ မည်သို့ပင်ဖြစ်စေ Giap သည်တဟုန်တိုးတိုက်ခိုက်စီးနင်းမည့်အစား Dien Bien Phu ကိုဝန်းရံလျက် ပြင်သစ်စစ်သားများပတ်ပတ်လည်ကတုတ်ကျင်းတူးလေသည်။ ကတုတ်ကျင်း၏အပြင်ဘက်တွင်အခြားကတုတ်ကျင်းနှင့်တူးမြောင်းများကို ပြင်သစ်စစ်တပ်ရှိရာအလယ်ဗဟိုသို့ရောက်အောင်တူးထားသည်။ ဤသို့ ဖြင့်ဗီယက်မိန်သည် ပြင်သစ်စစ်သားများရှိရာ Dien Bien Phu ကိုအနီးကပ်ခုခံ တိုက်ခိုက်နိုင်လေပြီ။

ဗီယက်မိန်သည် ဤသို့ပြင်ဆင်မှုများနှင့်အတူ ဗီယက်နမ်တခွင်လုံးရှိ မိမိ၏အဖွဲ့

သားများအားလုံးကိုစုစည်းလိုက်သည်။ ဤသို့ဖြင့် စစ်ပွဲစတင်ရန် အဆင်သင့်ဖြစ်လေသည်။ Dien Bien Phu ကိုဝန်းရံမည့် Giap ၏စစ်တပ်ဦးရေ ၇ သောင်းမျှရှိပြီး ပြင်သစ်စစ်သားများထက် အဆပေါင်း ၅ ဆပိုများသည်။

၁၉၅၄ ခုနှစ်မတ်လ ၁၃ ရက်တွင် Vo Nguyen Giap ကိုထိုးစစ်ဆင်လေသည်။ ဗီယက်မိန်မှပြင်သစ်တို့ကို တဟုန်ထိုးတိုက်ခိုက်မှုကို ၅၆ ရက်မျှခုခံတိုက်ခိုက်ယင်း ပြင်သစ်တို့၏လက်ထဲတွင် Dien Bien Phu နယ်အနည်းငယ်ဟာကျန်ခဲ့သည်။ အမြောက်တပ်မှ ဗိုလ်မှူးကြီး Piroth သည်မိမိအသုံးပြုခဲ့သော တိုက်ခိုက်မှုနည်းပရိယာယ်အပေါ်အပြစ်တင်လျက် မိမိ၏တပ်သားများအား "ကျုပ်အလွန်သိက္ခာကျတယ်" ဟုဆိုလေသည်။ ထို့နောက်လက်ပစ်ဗုံးဖြင့် သူ့ကိုယ်ကို အဆုံးစီရင်လိုက်သည်။

ပြင်သစ်တို့သည် မေလ ၇ ရက်နေ့တွင် လက်နက်ချလိုက်လေသည်။ ပြင်သစ်ဘက်မှသေကြေထိခိုက်သူ ၇ ထောင်မျှရှိပြီး စစ်သားတစ်သောင်းတစ်ထောင်ခန့်မှာထောင်ချခံရသည်။ နောက်တနေ့တွင် ဗီယက်နမ်မှ မိမိတို့ဆုတ်ခွာသွားတော့မည်ဟုပြင်သစ်အစိုးရမှကြေငြာလိုက်ပါသည်။ နောက်တလအကြာတွင်အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့မှနိုင်ငံခြားရေးဝန်ကြီးအသီးသီးများသည် ကိုးရီးယားနှင့်ဗီယက်နမ်တို့၏ပဋိပက္ခများကို မိမိတို့အနေဖြင့် ငြိမ်းချမ်းသောပြဿနာဖြေရှင်းမှုနည်းလမ်းများကို တွေ့ရှိလျှင်တွေ့ရှိကောင်းဆွေးနွေးရန် ဂျနီဗာတွင် တွေ့ဆုံဆွေးနွေးကြသည်။

စေ့စပ်ဆွေးနွေးမှုအကြိမ်ပေါင်းများစွာပြုလုပ်ပြီးသည့်နောက် အောက်ပါသဘောတူညီချက်များရရှိလာသည်။

(၁) ဗီယက်နမ်ကို ၁၇ ဒီဂရီမြောက်ပိုင်းမျဉ်းပြိုင်အကြား ပိုင်းခြားထားမည်။

(၂) ဗီယက်နမ်မြောက်ပိုင်းကို ဟိုချီမင်းအားအုပ်ချုပ်စေမည်။

(၃) ဗီယက်နမ်တောင်ပိုင်းကို Ngo Dinh Diem အားအုပ်ချုပ်စေမည်။

(၄) ပြင်သစ်စစ်သားများ ဗီယက်နမ်မှထွက်ခွာသွားရမည်။

(၅) ဗီယက်မိန်သည် တောင်ဗီယက်နမ်မှ ထွက်ခွာသွားရမည်။

(၆) ဗီယက်နမ်လူမျိုးများသည် မိမိတို့နှစ်သက်ရာ ဗီယက်နမ်တောင်ပိုင်းတွင် သော်လည်းကောင်း၊ မြောက်ပိုင်းတွင်သော်လည်းကောင်းနေထိုင်ရန် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိသည်။

(၇) ဗီယက်နမ်တခွင်လုံးမှ အထွေထွေရွေးကောက်ပွဲကို ၁၉၅၆ ခုနှစ် ဇူလိုင်လမ တိုင်မီတွင် အပြည်ပြည်ဆိုင်ရာကော်မရှင် ၏ကြီးကြပ်ကွပ်ကဲမှုအောက် တွင်ကျင်းပရမည်။

၄င်းအချက်များအပေါ် ရှင်းလင်းစွာသဘောတူညီမှုရပြီးနောက် Ngo Dinh Diem သည်ဗီယက်နမ်ပြည်ထောင်စုအတွက် ရွေးကောက်ပွဲပြုလုပ်ရန်မလိုလားပေ။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏နိုင်ငံရေးဦးတည်ချက်များပါဝင်ရန် အခြားသော နည်းလမ်းများဖြင့် ရွေးကောက်ပွဲပြုလုပ်ရန်စဉ်းစားလာသည်။ ဤသို့ဖြင့် ရွေးကောက်ပွဲများမဖြစ်မြောက်ခဲ့သည့်အတွက် လူပေါင်းများစွာ ဗီယက်နမ်တောထဲတွင်တောခိုပြီး လက်နက်ကိုင်အဖွဲ့များပိုမိုများပြားလာကြောင်းတွေ့ရသည်။ ၁၉၅၉ ခုနှစ်တွင် Diem အစိုးရအရာရှိပေါင်း ၁,၂၀၀ ခန့်သတ်ဖြတ်ခြင်းခံရသည်။

ဤမဟာနည်းဗျူဟာကို ဟိုချီမင်းအစကတည်းကပင်ဆန့်ကျင်ခဲ့သည်။ ဗီယက်နမ်တောင်ပိုင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များသည် Diem အစိုးရအပေါ်အကြမ်းဖက် တိုက်ခိုက်မည့်အစား မိမိတို့၏အဖွဲ့အစည်းလိုအပ်ချက်ထောက်ပံ့ရေးများကို သာစဉ်းစားလုပ်ဆောင်သင့်ကြောင်းငြင်းခုန်ခဲ့ပါသည်။

နောက်ဆုံးတွင်ဟိုချီမင်းသည် ပြောက်ကျားစစ်ဆင်ရေးတပ်ကို အကူအညီပေးရန် သဘောတူညီလိုက်သည်။ လက်နက်ကိုင်အဖွဲ့ငယ်ကလေးများကို ပေါင်းစည်း၍

အင်အားကြီးမားသော ခုခံတွန်းလှန်သည့်အဖွဲ့ဖြစ်လာရန် အားပေးတိုက်တွန်းခဲ့သည်။ ယင်းတို့သဘောတူညီသောကြောင့် ၁၉၆၀ ခုနှစ်ဒီဇင်ဘာလတွင် National Front for the Liberation of South Vietnam (NLF) ကိုဖွဲ့စည်းလိုက်သည်။ အမေရိကန်များခေါ်နေကြဖြစ်သော NLF ခေါ် Vietcong သည်ကွဲပြားသော နိုင်ငံရေးနှင့်ဘာသာရေးပေါင်းများစွာမှ ဖြစ်ပေါ်လာခဲ့သည်။ NLF ခေါင်းဆောင်ဖြစ်သော Saigon ရှေ့နေ Hua Tho သည် ဆိုရှယ်လစ်သဘောတရားရေးမူဝါဒရှိသူမဟုတ်ခဲ့သော်လည်း ဤလုပ်ရှားမှုတွင်ပါဝင်သူပေါင်းများစွာတို့သည် ကွန်မြူနစ်ဝါဒကို ထောက်ခံအားပေးကြသောသူများဖြစ်သည်။

NLF သည်မိမိ၏စစ်သားများကို သုံးဦးမှဆယ်ဦးဖြင့် အဖွဲ့ငယ်လေးများဖွဲ့စည်းထားသည်။ ဤအဖွဲ့ငယ်များအား Cells ဟုခေါ်သည်။ ဤအဖွဲ့ငယ်များသည် အတူတကွအလုပ်လုပ်ဆောင်ကြသော်လည်း မိမိတို့တစ်ဦးချင်းစီနှင့်သက်ဆိုင်သည့်အကြောင်းများကိုမသိကြချေ။ ဤနည်းအားဖြင့် မိမိတို့၏ပြောက်ကျားတပ်ဖွဲ့များအဖမ်းခံရသည့်အခါတွင်သော်လည်းကောင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းခံရသည့်အခါတွင်သော်လည်းကောင်း မိမိတို့၏ဝန်ခံချက်များက NLF အားထိခိုက်နစ်နာစေခြင်းအလွန်နည်းပါးသည်။

NLF ၏ကနဦးရည်မှန်းချက်ပန်းတိုင်များမှာ ကျေးလက်ဒေသရှိ တောင်သူလယ်သမားများ၏ထောက်ခံမှုကိုရရှိရန်အတွက်ဖြစ်သည်။ NLF မှရွာများသို့ဝင်ရောက်သည့်အခါတွင် မိမိတို့လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းချက်များရှိပါသည်။ အဖွဲ့သားများအားလုံး ဤလမ်းညွှန်ချက်များကိုအတိအကျလိုက်နာကြရသည်။ ၄င်းစည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်များမှာ–

(၁) ပြည်သူတို့၏ပိုင်ဆိုင်မှုများ၊ နေအိမ်များ၊ ကောက်ပဲသီးနှံများ၊ မြေယာများကိုမဖျက်ဆီးရ။

(၂) ပြည်သူများအလိုမရှိပါက အဓမ္မအရတိုက်တွန်း၍ချေးငှါးစေခြင်း၊ ရောင်းခိုင်း

စေခြင်းများမပြုလုပ်ရ။

(၃) မိမိတို့ကတိပြုသည့်အတိုင်းကတိတည်ရမည်။

(၄) ပြည်သူတို့အားအထင်အမြင်သေးစေသည့်စကားများ၊ အမူအရာများဖြင့်မပြုလုပ်ရ။

(၅) လူထုတို့၏နေ့စဉ်လုပ်ငန်းများဖြစ်သော (ကောက်ရိတ်ခြင်း၊ ထင်းခွေခြင်း၊ ရေခပ်ခြင်း၊ စက်ချုပ်ခြင်းစသည်များတွင်ကူညီမှုပေးရန် စသည်တို့ဖြစ်ပါသည်။

၁၉၆၄ ခုနှစ်တွင် အမေရိကန်သမ္မတ Lyndon B. Johnson သည်မိုးခြိမ်းကဲ့သို့ကြီးမားသောစစ်ဆင်ရေး **(Operation Rolling Thunder)** ကိုစတင်ဆင်နွှဲခဲ့သည်။ ယင်းတို့၏အစီအစဉ်မှာ ဗီယက်နမ်မြောက်ပိုင်း၏စီးပွားရေးကို ဖျက်ဆီးရန်နှင့်ဗီယက်နမ်တောင်ပိုင်းပြောက်ကျားတပ်များကို ကူညီမှုမှုရပ်တန့်စေရန် အစီအစဉ်ရှိပါသည်။ ဤစစ်ဆင်ရေးသည် ရှစ်ပတ်ကြာစစ်ဆင်ရေးစီမံကိန်းဖြစ်သော်လည်းသုံးနှစ်မျှကြာသွားသည်။ ထိုအတောအတွင်းတွင် အမေရိကန်သည် ဗီယက်နမ်၌ ဗုံးတန်ချိန်တစ်သန်းခန့်ကြဲခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဟိုချီမင်း ကွန်လွန်သွားပါသည်။

"စစ်ပွဲကိုပြီးဆုံးစေတာဟာစစ်ပွဲဖြစ်ပြီး သေနတ်တွေကိုပစ်ချဖို့အတွက်သေ
နတ်ကိုင်ဖို့လိုအပ်ပါတယ်။"

"War can only be abolished through war, and in order to get rid of the gun it is necessary to take up the gun"

"လေ့ကျင့်ပျိုးထောင်မှုမရှိတဲ့စစ်တပ်ဟာ ထုံထိုင်းထိုင်းမှိုင်းတဲ့စစ်တပ်ဖြစ်ပြီး
ထုံထိုင်းတဲ့စစ်တပ်ဟာ ဘယ်တော့မှမိမိရဲ့ရန်သူကို ချေမှုန်းနိုင်မှာမဟုတ်ဘူး။"

"An army without culture is a dull-witted army, and a dull-witted army cannot defeat the enemy"

"ကမ္ဘာကြီးရဲ့သမိုင်းကိုလှုပ်ရှားတက်ကြွစွာရေးမှတ်နေတာကလူတွေသာလျှင်ဖြစ်တယ်။"

"The people, and the people alone, are the motive force in the making of world history"

## မော်စီတုံး (၁၈၉၃–၁၉၇၆)



**မော်** စီတုံးသည်ဆင်းရဲသားလယ်သမားတစ်ဦး၏သားဖြစ်သည်။ သူသည် ၁၉၃၀ နှင့် ၁၉၄၀ ခုနှစ်များအတွင်းရှိ တရုတ်ကွန်မြူနစ်ပါတီလှုပ်ရှားမှုများကို ဦးဆောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်လာသည်။

မော်သည် ၁၈၉၃ခုနှစ်ဒီဇင်ဘာလ ၂၆ရက်နေ့တွင်ဟူနန်ပြည်နယ်၊ ရှောင်ရှန်ကျေးရွာရှိလယ်သမားမိသားစုဖွားမြင်လာခဲ့သည်။ မော်စီတုံး၏ဖခင်မှာ တကယ်စည်းကမ်းရှိသောသူဖြစ်ပြီး မော်ကတခါတလေသူ့ဖခင်၏အမိန့်ကို ဖီလာဆန့်ကျင်နေသည်။ တစ်ခါကမော်ကဤသို့ပြောခဲ့ဖူးသည်။ "ကျွန်တော့်အဖေကကျောင်းနှစ်တန်းတက်ခဲ့ဖူးပြီး စာအုပ်တွေဖတ်တတ်တယ်။ ဒါပေမဲ့အမေက စာလုံးဝမဖတ်တတ်ဘူး။ ကျွန်တော်ကတော့ မိသားစုတွေအတွက် 'စာတတ်ပေ တတ်' တစ်ယောက်ပဲပေါ့။ ကျွန်တော်ရိုးရာအစဉ်အလာဟောင်းတွေသိပါတယ်။ ဒါပေမဲ့ ကျွန်တော်မကြိုက်ဘူး။ ကျွန်တော်ကြိုက်တာက ဟိုးရှေးရှေးတုန်းက တရုတ်ပြည်ရဲ့ အကြောင်းတွေဖြစ်ပြီး အထူးသဖြင့် တော်လှန်သူတွေရဲ့အကြောင်းဖြစ်တယ်။"

မော်စီတုံးပညာသင်ကြားစဉ်တွင် ကွန်ဖြူရှပ်၏ သဘောတရားများသင်ကြား ရပြီး တရုတ်ပြည်သမိုင်း၊ စာပေနှင့်ဖီလိုဆိုဖီတို့ကိုသင်ကြားရသည်။ ၁၉၁၁ ခုနှစ်တွင် မော်သည်ချန်ရှာမြို့ (Changsha) သို့သွားခဲ့ပြီး ရီပတ်ဘလစ်ကန်စစ်တပ်တွင်စစ်သားအဖြစ်တာဝန်ထမ်းဆောင်ရသည်။ ရီပတ်ဘလစ်ကန်တပ်သည် ၁၉၁၁ ခုနှစ် တော်လှန်ရေးတွင်ချင် (Qing) မင်းမျိုးမင်းဆက်များကို ထုတ်ပယ်ခဲ့သောသူဖြစ်သည်။ ချန်ရှာမြို့၌ရှိနေစဉ် မော်က အနောက်တိုင်းဖီလိုဆိုဖီများကို လေ့လာဆည်းပူးပြီးသတင်းစာနှင့်ဂျာနယ်များကိုလည်း ဖတ်ရှုလေ့လာခဲ့သည်။

၁၉၁၈ ခုနှစ်ချန်ရှာတွင်ရှိသောဟူနန်ဆရာအတတ်သင်ကောလိပ်တွင် အောင်မြင်ခဲ့ပြီး ပီကင်းသို့သွားကာ ပီကင်းတက္ကသိုလ်စာကြည့်တိုက်၌ အလုပ်ရရှိခဲ့သည်။ မကြာခင်မှာပင် မော်သည် မားစစ် (Marxist) နိုင်ငံနှင့်လူမှုရေးအတွေးအခေါ်အကြောင်းလေ့လာသည့်အဖွဲ့တစ်ဖွဲ့နှင့်ပေါင်းမိပြီး နောက်တွင် မားစစ်၏အရေးအသားမှန်သမျှကို မလွတ်တမ်းဖတ်သည့်သူဖြစ်လာသည်။ ၁၉၁၉ ခုနှစ်မေလ ၄ ရက်နေ့လှုပ်ရှားမှုအတွင်း ကျောင်းသားများ နှင့်ပညာတတ်များက တရုတ်ပြည်၏ ခေတ်မီတိုးတက်ရေးအတွက် အော်ဟစ်နေစဉ် မော်စီတုံးကွန်ဖြူ ရှပ်အယူဝါဒ (Confucianism) ၏ ရိုးရာဓလေ့ထုံးထမ်းအမွေအနှစ်များအပေါ် ဝေဖန်မှုများပြုလုပ်ခဲ့သည်။ သူကရိုးရာဓလေ့များကို တော်လှန်ပုန်ကန်သည့်အခါ ကိုယ်ခန္ဓာစွမ်းအင်နှင့်ဦးနှောက်အသုံးပြုရမည်ဟု အလေးအနက်ရေးသားထားသည်။ ပီကင်းတွင် ယင်း၏ပထမဇနီးသည်ယဉ်ကိုင်ဟွီး ( Yang Kaihui) နှင့်တွေ့ဆုံလက်ထပ်ခဲ့သည်။ (မော်အသက် ၁၄ နှစ်အရွယ်တွင် သူ့ဖခင်က သူ့ကိုရွာထဲရှိမိန်းကလေးတစ်ယောက်နှင့်လက်ထပ်ပေးခဲ့သည်။ သို့သော်မော်က ဤလက်ထပ်ပွဲကိုဘယ်တော့မှအသိအမှန်မပြုခဲ့ချေ။)

ရုရှားတော်လှန်ရေး၏ဩဇာလွှမ်းမိုးမှုကြောင့် ၁၉၂၁ ခုနှစ်ဇွန်လတွင် ရှန်ဟိုင်းမြို့၌ တရုတ်ကွန်မြူနစ်ပါတီ–Chinese Communist Party–CCP ကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။ မော်စီတုံးက ယင်းပါတီ၏အစောဆုံးအဖွဲ့ဝင်ဖြစ်လာသည်။ နောင်နှစ်နှစ်အနည်းငယ်တွင် မော်စီတုံးနှင့်သူ၏သူငယ်ချင်းရုရှားတော်လှန်ရေး

အောင်မြင်အောင်ထူထောင်ပေးသော လီနင်၏အယူဝါဒတို့ကို စတင်အသုံးပြုခဲ့သည်။

မော်သည် ရှန်ဟိုင်းနိုင်ငံရေးအဖွဲ့နှင့်စတင်အလုပ်လုပ်ခဲ့သည်။ ဆိုဗီယက်ယူနီယံရှိ အကြံပေးပုဂ္ဂိုလ်များအကူအညီဖြင့် ကူမင်တန်း (Nationalist Party) အမျိုးသားရေးဝါဒီပါတီတဖြည်းဖြည်းတရုတ်နိုင်ငံတွင်အာဏာရှိလာသည်။ မတ်လ ၁၂ ရက် ၁၉၂၅ ခုနှစ်တွင် ယင်းတို့၏ခေါင်းဆောင်စန်ယတ်စင် (Sun Yat-Sen) ကွယ်လွန်သွားခဲ့ပြီး ချန်ကေရှိတ်က ခေါင်းဆောင်ဖြစ်လာသည်။ ချန်ကေရှိတ်မှ အဖွဲ့အစည်းအတွင်းရှိကွန်မြူနစ်များကို ထုတ်ပယ်ဖို့အမြဲကြိုးစားခဲ့သည်။ အနှိပ်ကွပ်မခံရသောကွန်မြူနစ်များက Jiangxi Soviet အဖွဲ့ကိုတည်ထောင်ခဲ့သည်။

အမျိုးသားရေးဝါဒီများသည် ဝိုင်းရံပိတ်ဆို့မှုများစတင်ပြုလုပ်လာသည့်အတွက် ကွန်မြူနစ်များ ထိုနေရာမှ ကြိုး စားထွက်သွားပြီး တရုတ်ပြည်၏အနောက်မြောက်ဘက်တွင် အမာခံစခန်းအသစ်တစ်ခုချလိုက်သည်။ ၁၉၃၄ ခု နှစ်အောက်တိုဘာလတွင် မော်နှင့်အခြားအမျိုးသားတစ်သိန်းကျော်နှင့်ယင်းတို့၏မိသားစုဝင်များသည် အ နောက်ပိုင်းရှိ တောင်တန်းများရှိရာဒေသသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ထိုသို့တိမ်းရှောင်ထွက်ပြေးသူများ အခက်အခဲအမျိုးမျိုးနှင့်ရင်ဆိုင်ရသည်။ သူတို့သည်တစ်နေ့လျှင် မိုင်ပေါင်း ၅၀ ကျော်လျှောက်တက်ပြီး ရှန်စီသို့အောက်တိုဘာလ ၂၀ ရက်နေ့ ၁၉၃၅ ခုနှစ်တွင်ရောက်ရှိခဲ့သည်။ ခန့်မှန်းခြေအရမိုင် ၈,၀၀၀ ကျော်လမ်းလျှောက်ခြင်းတွင်လူ ၃၀,၀၀၀ သာအသက်ရှင်နေထိုင်နိုင်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ဂျပန်တပ်များက တရုတ်နိုင်ငံသို့ကျူးကျော်ဝင်ရောက်ခဲ့စဉ် ချန်ကေရှိတ်က မြို့တော်ကိုနမ်ကင်မှချွန်ကင်းသို့ရွှေ့ပြောင်းခဲ့သည်။ သူသည် ကမ်းရိုးတန်းဒေသတစ်လျှောက်နှင့်အရေးကြီးသောမြို့ကြီးတစ်ချို့ကို ဂျပန်တို့၏လက်ထဲသို့ ဆုံးရှုံးလိုက်ရသည်။ ဂျပန်တပ်များကို တိုက်ထုတ်လိုသောကြောင့် ချန်ကေ

ရှိတ်က မော်စီတုံးနှင့်သူ၏ကွန်မြူနစ်တပ်မတော်နှင့်လက်တွဲရန် ဆုံးဖြတ်လိုက်သည်။

ဒုတိယကမ္ဘာစစ်အတွင်း မော်စီတုံး၏စနစ်တကျရှိသော ပြောက်ကျားတပ်မတော်များကို ဇူဒီး (Zhu De) နှင့်လင်ဘိုင်အောင် ( Lin Biao) တို့မှဦးဆောင်ခဲ့သည်။ ဂျပန်တို့မှ လက်နက်ချလိုက်သည်နှင့်တစ်ပြိုင်နက် ကွန်မြူနစ်တပ်များက ချန်ကေရှိတ်ဦးဆောင်သော အမျိုးသားရေးဝါဒီတပ်များကိုပြန်၍တိုက်ခိုက်ခဲ့သည်။ ကွန်မြူနစ်များဖြစ်သောတရုတ်နီတပ်များတွင် စည်းကမ်းပိုရှိခြင်း၊ ခံယူချက်သဘောတရားမြင့်မြတ်ခြင်း၊ နေရာအနှံ့အပြားရှိ တောင်သူလယ်သမား၏ထောက်ခံမှုများကြောင့် ချန်ကေရှိတ်တပ်မများကို လေးနှစ်အတွင်းအနိုင်တိုက်နိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ်အောက်တိုဘာလတွင် CCP ၏ဥက္ကဋ္ဌအဖြစ်မော်စီတုံးက တရုတ်နိုင်ငံကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံဟုခေါ်ဆိုခဲ့သည်။ ချန်ကေရှိတ်၏တပ်များသည် ထိုင်ဝမ်ကျွန်းသို့ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ကွန်မြူနစ်တို့သည် တဖြည်းဖြည်းတိုင်းပြည်ကိုထိန်းချုပ်လာနိုင်ပြီး ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မော်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုထူထောင်လိုက်ပြီးဖြစ်ကြောင်းကြေငြာခဲ့သည်။

၁၉၅၈ ခုနှစ်တွင်မော်က “ရှေ့သို့အဟုန်ပြင်းစွာခုန်ပျံကျော်လွှားခြင်း (Great Leap Forward)” ကိုကြေငြာခဲ့ပြီး စိုက်ပျိုးရေးနှင့်စက်မှုပစ္စည်းထုတ်လုပ်ရေးများတိုးတက်များပြားလာစေရန်ကြော်ငြာခဲ့သည်။ ဤပြန်လည် ထူထောင်ရေးလုပ်ငန်းတွင် စိုက်ပျိုးရေးလုပ်ငန်းကြီးများကို ဘုံအဖွဲ့စနစ်အဖြစ်ထူထောင်ပြီး လူ ၇၅,၀၀၀ ကျော်ပါဝင်ခဲ့သည်။ ဘုံအဖွဲ့စနစ်တစ်ခုစီတွင် ယင်းတို့၏ ကိုယ်ပိုင်ခြံမြေနှင့်ဝက်ရုံများရှိကြသည်။ မိသားစုတစ်ခုစီတွင် အတိုးများကိုခွဲဝေရယူပြီး သူတို့၏ကိုယ်ပိုင်လယ်ယာမြေများကိုယ်စီရှိကြသည်။ သို့သော် သုံးနှစ်ဆက်တိုက်ရေကြီးခြင်းနှင့်ကောက်ပဲသီးနှံမကောင်းခြင်းကြောင့် ယင်းတို့၏ထုတ်ကုန်ကိုထိခိုက်ပျက်စီးစေခဲ့သည်။ ထို့အတူ ဆိုဗီယက်ယူနီယံမှ ယင်း၏ကျွမ်းကျင်သူများကိုပြန်

လည်ခေါ်ယူခြင်းကြောင့် ထိုလုပ်ငန်းတို့ကိုထိခိုက်ပျက်စီးစေခဲ့သည်။ ယင်းတို့ရရှိသည့်ရလဒ်မှာလည်း မကောင်းပဲ ခန့်မှန်းခြေအရ Great Leap Forward ကာလအတွင်းလူ ၃၀ မှ ၃၃ သန်းကျော်အသက်ဆုံးရှုံးခဲ့ရသည်။

Great Leap Forward ၏မအောင်မြင်မှုကြောင့် မော်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဥက္ကဋ္ဌရာထူးမှနုတ်ထွက်လိုက်သည်။ သူ၏နေရာကို လျူရှောင်ရှီ **(Lui Shaoqi)** ကဆက်ခံရရှိသည်။ သို့သော် မော်အနေနှင့် ပေါ်လစီများဆုံးဖြတ်ရန်အတွက်အရေးကြီးသောပုဂ္ဂိုလ်အဖြစ်ကျန်ရှိနေသေးသည်။

မော်သည် ၁၉၆၆ ခုနှစ်၌ နိုင်ငံရေးလောကတွင် တစ်ဖန်ပြန်ဝင်ရောက်လာပြီးလင်ဘိုင်ယောင် **(Lin Biao)** နှင့်အတူလက်တွဲ၍ ယဉ်ကျေးမှုတော်လှန်ရေးကို စတင်ခဲ့သည်။ ၁၉၆၆ ခုနှစ်စက်တင်ဘာလ ၃ ရက်နေ့တွင် လင်ဘိုင်ယောင်ကမိန့်ခွန်းပြောကြားရာတွင် ကျောင်းသားများနှင့်တက္ကသိုလ်ကျောင်းသားများအား **(Nik- -ita Khrushchev)** ၏အယူအဆလွှမ်းမိုးမှုခံရသော ပါတီအာဏာပိုင်များကိုဝေဖန်မှုပြုရန်တိုက်တွန်းခဲ့သည်။

မော်၏ဟောပြောမှုများအထက်တန်းကျောင်းသားများက တုံ့ပြန်မှုပေးသောအားဖြင့် ပီကင်းရှိကျောင်းသားများက အနီရောင်အစောင့်တပ်သား **(Red Gua- -rds)** များကိုဖွဲ့စည်းခဲ့သည်။ မော်က ဤလှုပ်ရှားမှုများကို ထောက်ခံကြောင်းအမှတ်အသားပြုလိုက်သည်နှင့်တပြိုင်နက် တိုင်းပြည်တဝှမ်းလုံးရှိ ကျောင်းသားများက အနီရောင်အစောင့်တပ်များကို တိုင်းပြည်တစ်ပြည်လုံးတွင် စ၍ထူထောင်ခဲ့သည်။ ဤကျောင်းသားများက ယင်းတို့၏ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ချုပ်ရေးများနှင့်အစိုးရအရာရှိတို့ကို စတင်ဝေဖန်ပြောဆိုကြသည်။ မော်ကိုယ်တိုင်က ၁၉၆၆ ခုနှစ်ဩဂုတ်လ ၁၈ ရက်နေ့တီယန်နမင်စကွဲတွင်တရားဟောနေစဉ် အနီရောင်အစောင့်တပ်သားများ သောင်းပေါင်းများစွာ တက်ရောက်လာကြသည်။ ကျောင်းများပိတ်ပြီးနောက် တနိုင်ငံ လုံးရှိကျောင်းသားများက မော်ကိုဘုရားတဆူအဖြစ် ကြည်ညိုလေးစားကြသည်။ ကျောင်းနှင့်တက္ကသိုလ်ကျောင်းများ

၁၉၆၆ ခုနှစ်မှစပိတ်၍ ၁၉၆၉ ခုနှစ်အထိပိတ်ခဲ့သည်။ မော်ကကျောင်းသားများကို "Smash the four olds" ဟုခေါ်ဆိုသည်။ "အဟောင်းလေးခုကိုပယ်ဖျက်ခြင်း" ဆိုသည့်အယူအဆဟောင်း၊ ယဉ်ကျေးမှုဟောင်း၊ ဓလေ့ထုံးတမ်းဟောင်းနှင့်အလေ့အကျင့်ဟောင်း" တို့ကိုဖျက်ဆီးပစ်ရန်ဖြစ်သည်။ အနီရောင်အစောင့်တပ်သားများစေတီပုထိုးများ၊ အနုပညာအလုပ်များ၊ စာပေများနှင့်နိုင်ငံခြားရိုးရာနှင့်ဓလေ့ထုံးတမ်းများကို ဖျက်ဆီးပစ်သည်။ ထို့အတူ အနုပညာရှင်များ၊ စာရေးဆရာများနှင့်နိုင်ငံခြားနှင့်အဆက်အသွယ်ရှိသူများကိုလည်း ငြင်းပန်းနှိပ်စက်ခဲ့သည်။

တရားခံများကို ပြည်သူများက ဝိုင်း၍ဝေဖန်ခြင်း၊ အရှက်ခွဲခြင်းနှင့်မတော်မတရားနှိပ်စက်ခြင်းများကိုပြုလုပ်သည်။ ပညာတတ်များဖြစ်သော စာရေးဆရာလောင်ရှီ **(Lao She)** နှင့်သမိုင်းပညာရှင်ဝူဟန်**(Wu Han)** တို့သည် အသတ်ခံရခြင်း သို့မဟုတ်တရုတ်နီတပ်တို့၏လက်ချက်ဖြင့်သေကြေဆုံးရှုံးခဲ့ရသည်။ အများကထောင်ထဲအကျဉ်းချခံရခြင်း သို့မဟုတ် အလုပ်ပြင်းထန်စွာလုပ်ရခြင်းများပါဝင်သည်။

သာမန်အစိုးရအရာရှိတို့ကို အခြေခံကျသောအဖွဲ့တို့၏ တိုက်ခိုက်မှုကိုခံခဲ့ရသည်။ မော်စီတုံးကိုယ်တိုင်ရွေးချယ်သော လျူရှောင်ချီကိုယ်တိုင် သာမန်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အရာရာကိုလက်တွေ့နည်းအားဖြင့် ကိုင်တွယ်ဖြေရှင်းသောသူဖြစ်သောကြောင့် သူ့ကိုလူများက "တရုတ်နိုင်ငံရဲ့နံပါတ်တစ်အရင်းရှင်စနစ်ကိုလမ်းခင်း ပေးခဲ့တဲ့လူဖြစ်ပြီး မော်စီတုံးကို ဖောက်ပြန်တဲ့လူလို့ စွပ်စွဲခြင်းခံရတယ်။" သူက ၁၉၆၉ ခုနှစ်တွင် ထောင်ထဲတွင်သေဆုံးသွားခဲ့သည်။ လျူနှင့်နိုင်ငံအဆက်အသွယ်ရှိသော တိန့်ရှောင်ဖိန် **(Deng Xiaoping)** တို့ကို အစိုးရရာထူးမှ ဖြုတ်ချလိုက်ပြီး ထောင်ထဲအကျဉ်းချ၍ဖြစ်စေ၊ ပြည်နှင်ဒဏ်ပေး၍ဖြစ်စေ ပြုလုပ်ခဲ့သည့် စစ်ရေးခေါင်းဆောင် လင်ဘိုင်ယောင်သည် မော်လူမှုရေးတော်လှန်ရေးပေါ်လစီကို ထောက်ခံပြီးနောက် ၁၉၆၉ ခုနှစ်တွင် မော်၏ရာထူးကိုဆက်ခံရရှိသည်။

၁၉၆၇ ခုနှစ်တွင် အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို ပြန်လည်ခေါ်ယူခဲ့သည်။ ထိုအချိန်တွင် တရုတ်နီလှုပ်ရှားမှုများနှင့် မကြာခဏတိုက်ပွဲများဆက်နွှဲ

ခဲ့ရသည်။ ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အတွင်းလူထောင်ပေါင်းများစွာသေခဲ့ရသည်။ ဖြစ်ပေါ်နေသော ဆူပူသောင်းကျန်းမှုတို့ကို ရပ်စဲရန်အတွက် အစိုးရအဖွဲ့အစည်းများကို PLA ၏လက်အောက်တွင်ထားပြီး ယဉ်ကျေးမှုတော်လှန်ရေးကိုစတင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ မြို့နေအစိုးရအရာရှိများနှင့်ပညာတတ်များကို တောရွာများသို့စေလွှတ်၍ မော်၏လုပ်ငန်းများကို လေ့လာစေခဲ့သည်။ မြို့ပေါ်ရှိအသက် ၁၆–၁၉ အရွယ်ရှိလူငယ်ကလေးများကိုလည်း မိသားစုနှင့်ခွဲထုတ်၍ တောရွာများသို့စေလွှတ်ကာ ဆင်းရဲသားလယ်သမားများထံတွင် ဗဟုသုတရှာမှီးစေသည်။ မိသားစုများကိုခွဲထုတ်ပြီး တစ်ယောက်နှင့်တစ်ယောက် မိုင်ထောင်ပေါင်းများစွာသောနေရာတွင်ထားပြီး ခက်ခဲဆင်းရဲကြပ်တည်းစွာနေထိုင်စေသည်။ အိမ်သို့ပြန်လာခွင့်မရသည့်အတွက် တချို့လူငယ်လူရွယ်များမှာ ကျေးလက်ဒေသများတွင်နှစ်ပေါင်းများစွာနေထိုင်ခဲ့ရရှာသည်။

၁၉၇၀ ခုနှစ်များအတွင်း မော်က သူ၏ရည်ရွယ်ချက်ဖြစ်သော မြို့နှင့်ကျေးလက်တောရွာများအကြား စီးပွါးရေးလစ်ဟာမှုတို့ကို လျှော့ချရန်ကြိုးစားခဲ့သည်။ မြို့နေလူကုံထံတို့၏သားသမီးများမှာ ဒေသတွင်းရှိဆင်းရဲသားလယ်သမားများအကောင်အထည်ဖေါ်ပြီးသော လုပ်ငန်းများအကြောင်းသာ သင်ကြားရသည်။ ကျောင်းသားများသည် အခြေခံဆေးပညာများသင်ကြားခွင့်ရရှိပြီး တောရွာများသို့ ကျေးလက်ဆရာဝန်များအနေနှင့်သွားရောက်ပြီး ဆင်းရဲသားလယ်သမားများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုတို့ကိုပေးရသည်။ မြို့နေလူနေမှုအဆင့်အတန်းများကို တော်လှန်ရေးဘဲလေးပြဇာတ်များ၊ အော်ပရာနှင့်အခြားသောစာပေများကို ထုတ်လုပ်ခဲ့ပြီး များသောအားဖြင့်ကျိယန်ရှင် (Jiang Qing) (မော်စီတုံး၏ဇနီးလေးယောက်တစ်ယောက်) လက်အောက်တွင်ထုတ်ဝေခဲ့သည်။ ထိုအနုပညာများမှာ ဆင်းရဲသားလယ်သမားများ၏ လှုပ်ရှားမှုများနှင့် မော်စီတုံး၏အကြောင်းဂုဏ်ပြုရေးသားထားခြင်းဖြစ်သည်။

၁၉၇၀ ခုနှစ် နှစ်လယ်ပိုင်းအတွင်း အစွန်းရောက်ယဉ်ကျေးမှုတော်လှန်ရေးများပျောက်ကွယ်သွားသော်လည်း တစ်ချို့တစ်လေက ကျန်ရှိနေသေးသည်။ မော်အ

နေနှင့် လူလေးယောက်အဖွဲ့ကို ထောက်ခံအားပေးခဲ့သည်။ ထိုလေးယောက်မှာ ကျီယန်ရှင် (မော်၏ဇနီး)၊ ဝမ်ဟုန်ဝင် (Wang Hongwen)၊ ယောင်ဝင်ယွန် (Vao Wenyuan) နှင့်ဇန်ချွန်ကျီယောင်(Zhane Chungqiao) တို့ဖြစ်သည်။ ဤလူလေးယောက်အဖွဲ့မှာ အာဏာကြီးမားလာခဲ့သည်။ မော်စီတုံးသေဆုံးပြီး ၁၉၇၆ ခုနှစ်တွင် ကျီယန်ရှင်နှင့်အခြားဂိုဏ်းသမားလေးယောက်ကို ပြစ်မှုများစွာဖြင့် တရားစွဲဆိုခဲ့သည်။ ကျီယန်ရှင်ကိုယ်တိုင်သေမိန့်ချခံခဲ့ရပြီးနောက် တသက်တကျွန်းထောင်ချခံရသည်။ ယင်းလူလေးယောက်ဂိုဏ်းကို ဖမ်းဆီးပြီးနောက် ယဉ်ကျေးမှုတော်လှန်ရေးပြီးဆုံးသွားသလိုရှိခဲ့သည်။ တိန့်ရှောင်ဖိန့်လက်ထက်တွင်မူ ထိုယဉ်ကျေးမှုတော်လှန်ရေးကို ပြစ်တင်ရှုံ့ချခဲ့သည်။

မော်စီတုံးသည် ပီကင်း၌ ၁၉၇၆ ခုနှစ်စက်တင်ဘာလ ၉ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

မော်စီတုံးလက်ထက် ၁၉၄၉ မှ ၁၉၇၅ အထိခန့်မှန်းခြေအရ ယင်း၏နိုင်ငံရေးလှုပ်ရှားမှုကြောင့် လူ့အသက်ပေါင်း ၅၄,၇၅၀,၀၀၀ မှ ၅၆,၉၀၀,၀၀၀ အထိ ဆုံးရှုံးခဲ့ရသည်ဟုဆို၏။

"လူသားအကျိုးဆောင်ရွက်ရေးအယူဝါဒဟာ သတ္တိမရှိကြောင်းနှင့် ငတုံးဖြစ်ကြောင်းကိုဖော်ပြတယ်။"

"Humanitarianism is the expression of stupidity and cowardice."

"လိမ်လည်မှုကိုကြီးကြီးကျယ်ကျယ်လုပ်ပါ။ ရိုးရိုးလေးနဲ့ဘဲလိမ်လည်ပြောဆိုပါ၊ အမြဲပြောနေပါ။ အလိုလိုနဲ့ သူတို့ယုံကြည်ကြပါလိမ့်မယ်။"

"Make the lie big, make it simple, keep saying it, and eventually they will believe it."

"အောင်မြင်ခြင်းအတွက်ပထမဆုံးလိုအပ်ချက်ဟာ အကြမ်းဖက်မှုကို ပုံမှန်နဲ့အဆက်မပြတ် အသုံးပြုခြင်းဖြစ်တယ်။"

"The very first essential for success is a perpetually constant and regular employment of violence."

## အဒိုးဖ်ဟစ်တလာ (၁၈၈၉–၁၉၄၅)



၁၉၃၀ ခုနှစ်ပိုင်းတွင် စီးပွားရေး၊ နိုင်ငံရေးနှင့်လူမှုရေး အခြေအနေများ ရုတ်တရက်ပြောင်းလဲသည့်အချိန်တွင် ဩဇာလွှမ်းမိုးပြီး မိန့်ခွန်းအပြောကောင်းသောဩစတြီးယားနိုင်ငံဖွား အဒိုးဖ်ဟစ်တလာ(Adolf Hitler) မှ ၁၉၂၀ ခုနှစ်အတွင်း ဂျာမနီ၌ အာဏာရရှိလာသည်။

၁၉၂၃ ခုနှစ်တွင် အာဏာမသိမ်းယူနိုင်ခဲ့သော်လည်း တဖြည်းဖြည်းနောက်ဆုံး၌ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံဖြင့် အာဏာရရှိခဲ့သည်။ အာဏာရသည်နှင့်မိမိအား တိုက်ခံပြုသူများနှင့် ဂျူးလူမျိုးများအား သုတ်သင်ရှင်းလင်းပစ်ခြင်းဖြင့် ကမ္ဘာတဝှမ်းလုံးကိုစတင်လွှမ်းမိုးချုပ်ကိုင်လာသည်။

အဒိုးဖ်ဟစ်တလာသည် ဂျာမန်နယ်စပ်နှင့်နီးသော ဩစတြီးယား နိုင်ငံရှိ မြို့လေးတစ်မြို့၌ ၁၈၈၉ ခုနှစ်ဧပြီလ ၂၀ ရက်နေ့တွင်မွေးဖွားခဲ့ပါသည်။ ဟစ်တလာ၏မိဘနှစ်ပါးမှာ ဆင်းရဲသောကုန်သည်စီးပွားရေးသမား မိသားစုများမှ ဆင်းသက်လာ

သည်။ သူ၏ဖခင်အာလွီးဇ်ဟစ်တလာ (Alois Hitler)သည် အမေအိမ်ဖော်မနှင့် တရားဝင်ဖခင်မရှိသော သားဖြစ်ခဲ့သော်လည်း သူသည်အလွန်တော်၍မျှော်လင့်ချက်ကြီးမားသူတစ်ယောက်ဖြစ်သောကြောင့် နောက်ပိုင်းတွင် အကောက်ခွန်ဌာနမှ အရာရှိကြီးတစ်ဦးဖြစ်လာသည်။

ဟစ်တလာသည် အခြေခံမူလတန်းကျောင်းတွင် ပညာထူးချွန်ပြီး အနာဂတ်တွင် ပညာရေးဖက်တွင် ထွန်းပေါက်မည့်သူတစ်ဦးဖြစ်မည့်အလားအလာရှိသည်။ အတန်းထဲတွင် အခြားကျောင်းသားများကဲ့သို့ပင် ကျော်ကြားသူတစ်ဦးဖြစ်ပြီး သူ၏ခေါင်းဆောင်မှုအရည်အချင်းများသည် အလွန်ချီးကျူးဖွယ်ကောင်းပါသည်။ သူသည် ဘာသာရေးဆန်သူတစ်ဦးလည်းဖြစ်ပါသည်။ ဟစ်တလာသည် ဘာနာတိတင်း (Beneditine) ဘုန်းကြီးကျောင်းနှင့်မျက်နှာ ချင်းဆိုင်တွင် ဖြ လမျှ နေထိုင်ခဲ့ပါသည်။ ဘုန်းကြီးကျောင်း၏ထူးခြားထင်ရှားသော ပုံသဏ္ဍာန်မှာ နာဇီစကြာ တံဆိပ် ဖြစ်ပါသည်။ ငယ်ရွယ်သူတစ်ဦးအနေဖြင့် အဒိုးဖ်သည် ဘုန်းတော်ကြီးတစ်ယောက်ဖြစ်ရန်စိတ်ကူးခဲ့ပါသည်။

အထက်တန်းကျောင်းကြီးတွင် ပြိုင်ဆိုင်မှုများပိုများလာသည့်အတွက် ထိပ်တန်းအဆင့်တွင်မရရှိသည့်အခါ သူ၏ရှေ့ဆက်ကြိုးစားစေသည့် စိတ်နည်းပါးသွားစေသည်။ သူ့၏ဖခင်မှာ သူ့အားကျောင်းပြီးသည့်အခါ ဩစတြီးယားအစိုးရဌာနတွင် ပါဝင်အမှုထမ်းမည်ဖြစ်ပြီး ဖခင်ခြေ၏ရာနင်းမည့်သူဖြစ်လိမ့်မည်ဟု မျှော်လင့်ချက်များထားရှိခဲ့ပါသည်။ သို့သော် ဟစ်တလာသည် ခေါင်းမာခဲ့သူဖြစ်ပြီး စာကြိုးစားရန်လှုံ့ဆော်ခဲ့သော သူ၏မိဘများ၊ ကျောင်းဆရာများ၏ သွန်သင်ဆုံးမမှုများမှာ မအောင်မြင်ခဲ့ပေ။ တဆက်တည်းတွင်လည်း ဟစ်တလာသည် သူ၏အဖော်ကျောင်းသားများကြားတွင် ထင်ပေါ်ကျော်ကြားမှုများမှာလည်းနည်းပါလာခဲ့သည်။ ထို့ကြောင့်သူ့အဖေါ်များကသူ့ကို ယင်းတို့၏ ခေါင်းဆောင်တစ်ဦးဖြစ်ရန်

လိုလားမှုမရှိတော့ပေ။ ဟစ်တလာသည် သူ့ထက်အသက်ငယ်သောကျောင်း သားများအား အမိန့်ပေးရသည်ကို အလွန်နှစ်သက်ခဲ့ပါသည်။ ထို့ကြောင့်ပင် သူ့အမိန့်အားမလွန်ဆန်နိုင်သည့် သူ့ထက်အသက်ငယ်ရွယ်သည့်ကလေးများ ဖြင့် အချိန်များစွာကိုကုန်လွန်စေ ခဲ့ပါသည်။ ၁၉၀၀ ခုနှစ်တွင် ဟစ်တလာကအနု ပညာသည်တစ်ဦးဖြစ်ရန် စိတ်ဝင်စားလာခဲ့သည်။

ဟစ်တလာသည် သူ့၏ဖခင်ကွယ်လွန်သွားသည့်အချိန်တွင်အသက် ၁၃ နှစ်သာ ရှိသေးသည်။ ဖခင်ကွယ်လွန်သွားခဲ့သော်လည်း သူတို့မိသားစုအတွက် ငွေရေး ကြေးရေးပြဿနာမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ပိုင်ဆိုင်သည့်ကိုယ်ပိုင် အိမ်ရှိပြီး၊ ငွေအလုံးအရင်းအချို့နှင့်အစိုးရဝန်ထမ်းမှရရှိသည့် အငြိမ်းစားလစာငွေ များ လက်ခံရရှိသောကြောင့်ဖြစ်ပါသည်။ အတန်းထဲ တွင်စာညံ့သည့်အကြောင်း ကြောင့်နှင့် ကျန်းမာရေးမကောင်းသည့်အကြောင်းတို့ကြောင့် ဟစ်တလာသည် အသက် ၁၆ နှစ်အရွယ်တွင် ကျောင်းမှနုတ်ထွက်ခဲ့ပါသည်။

ဟစ်တလာအသက် ၁၈ နှစ်အရွယ်တွင် ဖခင်မှထားခဲ့ပေးသောအမွေကို လက်ခံ ရရှိပါသည်။ ရရှိသောအမွေဖြင့် အနုပညာသည်တစ်ဦးဖြစ်လာရန် မိမိရည်မှန်း ထားသကဲ့သို့ ဗီယာနာသို့ပြောင်းရွှေ့သွားသည်။ မိမိ၏အနုပညာလက်ယာစွမ်း ရည်မှာ လုံလောက်နေပြီ ဟူသောအတွေးအမြင်ရှိခဲ့သော်လည်း ဗီယာနာအနုပ ညာသင်ကျောင်းမှ သူ၏ဝင်ခွင့်လျှောက်ထားစာကိုလက်မခံသည့်အခါသူ့၏မျှော် မှန်းချက်များ အစိတ်စိတ်အမွှာမွှာပျက်စီးခဲ့ရပါသည်။ တဆက်တည်းတွင် ဗီယာ နားဗိသုကာပညာသင်ကျောင်းတွင် ပညာဆည်းပူးရန်ထပ်မံလျှောက်ထားသော် လည်း သူ့ထံတွင်ကျောင်းထွက်လက်မှတ်မရှိသောကြောင့် ထိုကျောင်းကသူ့ကို လက်မခံခဲ့ပေ။

ဤကျောင်းနှစ်ကျောင်းမှ မိမိ၏လျှောက်ထားစာကိုပယ်ချမှုကြောင့် ဟစ်တလာ

ကိုအရှက်တကွဲဖြစ်စေခဲ့ပါသည်။ တဆက်တည်းတွင်လည်း မိမိ၏မိခင်အား ဤအဖြစ်များကို မည်သို့မျှပြန်မပြောပြရက်ပေ။ ဤသို့ဖြင့်သူသည်အနုပညာကျောင်း တက်ရောက်ပညာသင်ယူနေသည့် ပုံစံယောင်ဆောင်ပြီး ဗီယားနာတွင် ဆက်လက်နေထိုင်ခဲ့သည်။

၁၉၀၉ ခုနှစ်တွင် ဟစ်တလာစစ်မှုထမ်းရန် အချိန်ရောက်ရှိလာသည်။ သို့သော်သြစတြီးယားကို အထင်အမြင်သေးသဖြင့် စစ်မှုမထမ်းလိုသောကြောင့် အကြောင်းကြားစာများကိုဥပေက္ခာပြုခဲ့သည်။ တာဝန်ရှိသူများမှ သူနှင့်အဆက်အသွယ်ရရန်အချိန် ၄ နှစ်မျှကြာမြင့်စွာကြိုးစားခဲ့ပါသည်။ ၁၉၁၄ ခုနှစ်သြစထရီဟန်ဂေရီယာစစ်တပ်တွင် ဆေးစစ်ဆေးမှုခံယူရာ မအောင်မြင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကျန်းမာရေးမကောင်း၍ သူသည် လက်နက်များအားကိုင်တွယ်နိုင်မည်မဟုတ်ကြောင်း၊ တိုက်ခိုက်မှု၊ စစ်တာဝန်ထမ်းဆောင်မှုတွင် စွမ်းအင်ပြည့်စုံနိုင်မည်မဟုတ်သောကြောင့်ပယ်ချခြင်းခံခဲ့ရပါသည်။

ပထမကမ္ဘာစစ်ကြီးဖြစ်ပွားမှုသည် ဟစ်တလာအတွက် ပထမဆုံးအကြိမ်တိုက်ခိုက်မှုတွင်ပါဝင်ရန် အခွင့်အရေးရရှိခဲ့သည်။ သူ့အနေနှင့်ဂျာမနီသည် ဥရောပနိုင်ငံများထဲတွင် အမြင့်မြတ်ဆုံး၊ အင်အားအကြီးမားဆုံးနိုင်ငံဖြစ်ကြောင်း သက်သေပြရာတွင် ပါဝင်နိုင်စေမည့်အခွင့်အရေးတခုဖြစ်သည်ဟူ၍ပင်။ ထို့ကြောင့် ဘာဗာရီယန် (Bavarian) စစ်တပ်တွင် ပါဝင်စစ်မှုထမ်းဆောင်ရန် လျှောက်လွှာတင်ခဲ့ပါသည်။ ၂ လ ကြာသင်တန်းပြီးသည့်နောက် Ypres အနီးတွင် ဟစ်တလာနှင့်သူတို့၏တပ်ရင်းသည် ပထမဦးဆုံးသောရင်ဆိုင်တိုက်ပွဲကို ဗြိတိသျှနှင့်ဘယ်လ်ဂျီယန်တပ်တို့ဖြင့်ဆင်နွှဲခဲ့ရသည်။ စစ်ပွဲတော်တော်များများတွင် ခက်ခက်ခဲခဲအသက်အန္တရာယ်မှ လွတ်မြောက်လာနိုင်ခဲ့သဖြင့် ယင်း၏ရဲစွမ်းသတ္တိကိုဂုဏ်ပြုသော Iron Cross ဆုနှစ်ခုကိုဆွတ်ခူးခဲ့ပြီး တပ်ကြပ်ကြီးအဖြစ်သို့ ရာထူးတိုးမြှင့်ခြင်းခံခဲ့ရ

သည်။ သူ၏တပ်ရင်းမှူးမှ ဟစ်တလာ၏စွမ်းရည်ကို ဤသို့မှတ်ချက်ချရေးသားပါသည်၊ "ရှေ့တန်းထွက်စစ်တိုက်ရာမှာ သူဟာသွေးအေးအေးနဲ့အနိုင်ရဖို့ ရဲရဲရင့်ရင့် စစ်တိုက်ခဲ့သူဖြစ်ပါတယ်။ အန္တရာယ်များတဲ့အခြေအနေကြားမှာ ဆက်သွယ်ရေးမရတော့တဲ့ပိတ်မိနေတဲ့အချိန်မှာတောင် ဟစ်တလာဟာ မမောတမ်းနဲ့မကြောက်တမ်းဘဲ အရေးကြီးတဲ့သတင်းပို့ဆောင်မှုပြုနိုင်ခဲ့တယ်။"

ကျွမ်းကျင်မှုတပ်ဖွဲ့ Free Corps သည် ဂျာမနီနိုင်ငံအတွင်း ကွန်မြူနစ်ကြီးထွားလာမှုကို ကာကွယ်တိုက်ခိုက်သော လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ဖြစ်ခဲ့သည်။ ၎င်းအဖွဲ့ဝင်များသည် ကွန်မြူနစ်များ ဂျာမနီကိုဝင်ရောက်ထိန်းချုပ်ရန် ကြိုးစားနေသည့်အချိန်နှင့် တပြေးတည်းတည်ထောင်ထားခြင်းဖြစ်သည်။ နာဇီပါတီအားဝန်ဆောင်မှုပေးသည့်စစ်တပ်အနေဖြင့် နာဇီ၏ဗဟိုချက်မဖြစ်သော "Brown Shirts" (S.A)စစ်တပ်ကို တည်ထောင်ခဲ့ပါသည်။

စစ်ပြီးဆုံးပြီးမကြာမီပင် ဟစ်တလာသည် စစ်ထောက်လှမ်းရေးတွင်နေရာရရှိပြီး ဂျာမန်အလုပ်သမားများပါတီတွင် ဦးစီးဦးဆောင်မှုပြုရန် တာဝန်ပေးအပ်ခြင်းခံရသည်။ ဤပါတီအား မိမိ၏နိုင်ငံရေးတိုးတက်ရာသို့ ပို့ဆောင်ပေးသည့်ပါတီတစ်ခုဖြစ်သည်ဟုမြင်သည်။ ဂျူးလူမျိုးများအပေါ် မိမိ၏မုန်းတီးမှုများသည် ဤအဖွဲ့အစည်း၏နိုင်ငံရေး အုတ်မြစ်တစ်ခုဖြစ်လာသည်။ သို့နှင့် ပါတီ၏အစည်းအဝေးများအကြောင်းကို Anti-Semitic သတင်းစာများတွင် တွေ့လာရသည်။ ၁၉၁၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဟစ်တလာသည် လူအများ၏စိတ်ကို ညို့စေသည့်မိန့်ခွန်းပြောကြားခြင်းအလုပ်တစ်ခုဖြစ်ပေါ်လာသည်။

ဟစ်တလာသည် အများ၏ဒေါသများဖြစ်ပေါ်စေရန်နှင့်မိမိအပေါ်မျှော်လင့်ချက်များထားရှိရန် အစည်းအဝေးများသို့ အမြဲနောက်ကျရောက်လေ့ရှိသည်။ စင်ပေါ်

သို့ရောက်သည့်အခါ ပရိသတ်များ၏ဆူပူမှုများ တိတ်ဆိတ်သွားသည်အထိ စောင့်ဆိုင်းပြီးမှ မိန့်ခွန်းစတင်လေ့ရှိသည်။ မိန့်ခွန်းစပြောသည့် အစောပိုင်းအချိန်တွင်ဟစ်တလာသည် တုန်ရင်ပြီးထစ်အနေမည်။ နောက်ပိုင်းမှတဖြည်းဖြည်းအချိန်ယူပြီး လက်ဟန်ခြေဟန်များဖြင့်မိန့်ခွန်းကို အေးဆေးစွာပြောလေသည်။ ထို့နောက် ပြင်းထန်သောစိတ်ခံစားမှုဖြင့် တဖြည်းဖြည်းအသံကျယ်လာသည်။ မိန့်ခွန်းပြောသည့်အချိန်တွင် ချွေးများထွက်လာသည်အထိ၊ မျက်နှာဖြူလာသည်ထိနှင့် မျက်လုံးများစူထွက်လာသည့်တိုင်အောင် ပြင်းပြသောစိတ်ခံစားမှုများဖြင့်အသံများကွဲအက်လာသည်အထိ မိန့်ခွန်းပြောလေသည်။ ဂျာမနီအပေါ်မတရားသဖြင့်ပြုခဲ့သည်များကို ဟိတ်ကြီးဟန်ကြီး၊ ဒေါနှင့်မောနှင့်မိမိ၏ပရိသတ်များအားမုန်းတီးမှုများဖြစ်ပေါ်စေရန် မိန့်ခွန်းပြောလေသည်။ မိမိ၏မိန့်ခွန်းပြီးဆုံးသွားသည့်အခါ ပရိသတ်များသည် စိတ်ခြောက်ချားမှုများဖြင့်ကျန်ရစ်ခဲ့ပြီး ဟစ်တလာပေးမည့်အကြံအဉာဏ်မှန်သမျှကို လက်ခံယူရန်အဆင်သင့်ဖြစ်ပြီးဖြစ်သည်။

ဟစ်တလာသည် မိန့်ခွန်းပြောပြီးလျှင်ပြီးချင်း စင်ပေါ်မှအမြန်ဆင်းပြီး ပရိသတ်မြင်ကွင်းမှပျောက်ကွယ်သွားသည်။ မိမိသည် လျှို့ဝှက်ဆန်းကြယ်သူတစ်ဦးအဖြစ် မိမိကိုယ်မိမိဖန်တီးရန် ရည်ရွယ်သည့်အတွက်ကြောင့် ဓါတ်ပုံရိုက်သည်များကိုငြင်းဆန်သည်။ ဤနည်းဖြင့် မိမိအား "ကယ်တင်ရှင်တစ်ဦး" အဖြစ်လူအများမှပိုမိုစိတ် ဝင်စားလာစေရန်နှင့် သူပြောမည့်အရာများကို လူများလာရောက်နားဆင်ရန်ပြုလုပ်ခြင်းဖြစ်သည်။

ပါတီဝင်တို့၏အကူအညီဖြင့် အချက် ၂၅ ချက်ပါသောပါတီလမ်းစဉ်ကို မူကြမ်းရေးဆွဲခဲ့သည်။ ၎င်းကို ၁၉၂၀ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စိတ်အားထက်သန်သည့် လူထုနှစ်ထောင်ကျော်တက်ရောက်သော ပြည်သူ့အစည်းအဝေး၌ တင်ပြခဲ့ပါသည်။ ဤအချက် ၂၅ ချက်ထဲတွင် Versailles စာချုပ်ကိုဖျက်သိမ်းခြင်း၊

စစ်ပွဲမှအကျိုးရလဒ်များကို အာဏာဖြင့်သိမ်းယူခြင်း၊ မြေယာများကိုပြည်နယ်အတွက်အသုံးပြုရန်ဖြစ်သည့်အတွက် လျော်ကြေးမပေးဘဲသိမ်းယူခြင်း၊ ဂျူးလူမျိုးတို့၏ လူမှုအခွင့်အရေးများကို ဖျက်သိမ်းခြင်းနှင့်စစ်ပွဲပြီးနောက် ဂျာမနီသို့ပြောင်းရွှေ့လာသောဂျူးလူမျိုးများအားနှင်ထုတ်ခြင်း စသည်များပါဝင်ပါသည်။

ဟစ်တလာသည် သူတို့၏ပါတီအား ဂျာမန်အမျိုးသားဆိုရှယ်လစ်အလုပ်သမားများပါတီဖြင့် အမည်ပြောင်းလဲလိုက်ပြီး အနီရောင်အလံနှင့်စကြာတံဆိပ်မှာ ပါတီ၏သင်္ကေတဖြစ်လာခဲ့သည်။

နိုင်ငံရေးဆိုင်ရာမိန့်ခွန်းဟောကြားမှုတွင် နှစ်အတော်များများတွင် ဥပေက္ခာပြုခံခဲ့ရသောဟစ်တလာသည် ယခုအခါတွင်မိန့်ခွန်းပြောကြားရာတွင် ပရိသတ်များအား ဆွဲဆောင်မှုအပြည့်အဝဖြင့် နားထောင်ယူနိုင်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ နိုင်ငံရေးအခြေအနေမှာလည်း ပြောင်းလဲသွားသည်။ ဂျာမနီသည်စစ်ရှုံးခဲ့သည့် နိုင်ငံတနိုင်ငံလည်းဖြစ်ခဲ့သည်၊ ထို့ကြောင့် Versailles စာချုပ်တွင် ဂျာမနီအစိုးရမှ ဤငြိမ်းချမ်းရေးစာချုပ်ကို အတင်းအဓမ္မလက်မှတ်ရေးထိုးခြင်းခံခဲ့ရပြီး မိမိ၏နယ်မြေ ၁၃ ရာခိုင်နှုန်းပါ အဆုံးရှုံးခံပေးခဲ့ရပါသည်။ ဆိုလိုသည်မှာ မိမိ၏ပြည်သူ ၆ သန်းနှင့်နိုင်ငံထွက်ကုန်ကြမ်းပစ္စည်း (သံသတ္တုရိုင်း ၆၅ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၄၅ ရာခိုင်နှုန်း ၊ သွပ် ၇၂ ရာခိုင်နှုန်း) နှင့် စက်ရုံ ၁၀ ရာခိုင်နှုန်းဆုံးရှုံးခဲ့ပါသည်။ ထို့အပြင် မိမိ၏လက်အောက်ခံကိုလိုနီနိုင်ငံများကိုလည်း လက်လွှတ်ဆုံးရှုံးသွားခဲ့ရသည်။ ဤ Versailles စာချုပ်အရ စစ်အတွင်းပျက်စီးဆုံးရှုံးမှုများအတွက် ဂျာမနီမှ ထပ်မံပေးဆောင်ရသေးသည်။ ဤလျော်ကြေးသည် ဂျာမနီအမျိုးသားဥစ္စာခနေတန်ဖိုးပေါင်း ၃၈ ရာခိုင်နှုန်းခန့်ရှိသည်။

ဤအဖြစ်အပျက်များကြောင့် ဟစ်တလာသည် တစ်ဦးတည်းအထီးမကျန်တော့ပေ။ ဂျာမန်စစ်သားများလည်း သူ၏မိန့်ခွန်းပြောသည့်အချိန်များတွင်တက်

ရောက်နားထောင်ပြီး ၎င်းတို့ဆုံးရှုံးခဲ့ရသောအရာများ ထပ်တူဖြစ်နေသည်ကို လက်ခံခဲ့ကြသည်။ သူ့ပေးသောသတင်းအချက်အလက်များကြောင့် စစ်သားများသည်လည်း မိမိတို့အပြစ်မဟုတ်ကြောင်း လက်ခံလာကြသည်။ ဟစ်တလာမှ မိမိတို့ဂျာမနီလူမျိုးစုသည် စစ်ပွဲတွင်စစ်ရှုံးခဲ့သည်မဟုတ်ကြောင်း၊ စစ်ပွဲဖြစ်ပေါ်ရန်တော်လှန်ရေးအကြောင်းကို ဟောပြောနေသော ဂျူးလူမျိုးများနှင့် Marxists လူမျိုးတို့၏ သစ္စာဖောက်မှုကြောင့်သာဖြစ်ကြောင်း ဤသို့ပြောကြားခဲ့ပါသည်။ ၁၉၂၃ ခုနှစ်နိုဝင်ဘာလ ၈ ရက်နေ့တွင်ဟစ်တလာသည် မြူနစ်ဘီယာခန်းမဆောင်၌ ပြန်လည်စုစည်းမှုတစ်ခုပြုလုပ်ပြီး တော်လှန်ရေးကို ထုတ်ပြန်ကြေငြာခဲ့သည်။ နောက်တနေ့တွင် Bavarian အစိုးရအားအာဏာသိမ်းယူရန် "Brown-Shirts" စစ်တပ်အင်အားနှစ်ထောင်မျှဖြင့် ဦးဆောင်လာခဲ့သော်လည်း ဟစ်တလာအဖမ်းခံရပြီး Landsberg တွင်ထောင်ကျခဲ့သည်။ ဟစ်တလာသည် ၅ နှစ်ထောင်ဒဏ်အပြစ်စီရင်ချက်ချခံခဲ့ရသော်လည်း ၉ လသာထောင်ကျခဲ့သည်။ ထောင်ထဲ၌ရှိနေစဉ်အတွင်း Mein Kampf စာအုပ်ပထမတွဲကို ရေးသားခဲ့ပြီးဒုတိယအတွဲကိုမူ ၁၉၂၇ တွင်ပုံနှိပ်ဖြန့်ဝေခဲ့ပါသည်။ သူ၏စာအုပ်များကို ဒုတိယကမ္ဘာစစ်စတင်သည့်အချိန်အထိ အုပ်ရေပေါင်း ၅ သန်းခန့်ရောင်းထုတ်နိုင်ခဲ့သည်။

Mein Kampf စာအုပ်ထဲတွင် ဟစ်တလာသည် မိမိ၏နိုင်ငံရေးအတွေးအခေါ်များ ကို ထည့်သွင်းရေးသားထားသည်။ ဂျာမန်လူမျိုးများကို (ဂျာမန်လူမျိုးများကို Aryan လူမျိုးစုများဟု မှားယွင်းစွာဖော်ပြထားသည်) အခြားသောလူမျိုးစုများထက်ပိုမိုမြင့် မြတ်ကောင်းမွန်သည်ဟု ၎င်းမှဤသို့ဖော်ပြသွားပါသည်။ "ကျွန်တော်တို့မျက်စိနှင့်ယနေ့မမြင်ရသေးသော ထင်ရှားသောလူ့ယဉ်ကျေးမှုအားလုံး၊ အနုပညာမှ ထုတ်လုပ်သောအရာမှန်သမျှ၊ သိပ္ပံပညာနှင့်စက်မှုလက်မှုပညာနှင့်ဆိုင်သော ကျွမ်းကျင်မှုမှန်သမျှသည် Aryan လူမျိုးတို့၏ ဖန်တီးတီထွင်ခြင်းမှတဆင့်ဆက်စပ်ပြီး ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ဟုပြောဆိုခဲ့သည်။"

ထောင်မှလွတ်လာသည်နှင့်တပြိုင်နက် ဟစ်တလာသည် အာဏာကိုအဓမ္မနည်းနှင့်တိုက်ခိုက်ရယူသည့်အစား နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအရအာဏာသိမ်းယူရန် ဆုံးဖြတ်လိုက်သည်။ ၁၉၃၀ ခုနှစ်ရွေးကောက်ပွဲတွင် ဟစ်တလာ၏နာဇီပါတီမှ ၁၈ ရာခိုင်နှုန်းသောမဲကို အနိုင်ရရှိခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ဟစ်တလာသည် သမ္မတနေရာအဖြစ်မဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် ၃၀ ရာခိုင်နှုန်းသောမဲဖြင့်အနိုင်ရရှိခဲ့သည်။

၁၉၃၇ ခုနှစ်တွင် စာအုပ်ထဲတွင်မိမိရေးသားခဲ့သည်အတိုင်း လက်တွေ့အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်လာသည်။ ၁၉၃၇ နိုဝင်ဘာလတွင် ထိပ်တန်းစစ်ဘက်ဆိုင်ရာ အကူအညီပေးသူများကိုခေါ်ယူပြီး "FÅhrer ညီလာခံ" တွင်ကမ္ဘာကိုလွှမ်းမိုးအုပ်ချုပ်နိုင်ရန် မိမိရေးဆွဲထားသောအစဉ်များကိုရှင်းပြခဲ့သည်။ ၎င်းအစီအစဉ်ကို ဆန့်ကျင်သူများကိုလည်း အလုပ်မှဖြုတ်ထုတ်ပစ်လိုက်သည်။

အဒိုးဖ်ဟစ်တလာသည် ဂျာမနီကိုအုပ်ချုပ်လာသည့် ၁၂ နှစ်အတောအတွင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်းမှ သူ၏ပြုလုပ်မှုကြောင့် လူသန်းပေါင်းများစွာသော လူ့အသက်ဆုံးရှုံးခဲ့ရပြီး ယင်းကို သမိုင်းကြောင်းတွင် လူအများမုန်းတီးဆုံးသောလူတစ်ဦးဖြစ်စေခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် နိုင်ငံအကြီးအကဲဖြစ်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်ပြီး နိုင်ငံရေးဆိုင်ရာအတိုက်အခံပါတီများကိုထိရောက်စွာအတင်းအဓမ္မနှိမ်နှင်းပြီး နာဇီပါတီအားအာဏာသိမ်းခဲ့သည်။ ဂျူးလူမျိုးများ၊ Gypsies နှင့်နိုင်ငံရေးဆန့်ကျင်သူများအားသတ်ဖြတ်ရန် ရက်စက်ကြမ်းကြုတ်သောလျှို့ဝှက်ပုလိပ် (Gestapo) အဖွဲ့နှင့်ထောင်စခန်းများ*ကို တည်

*စစ်သုံ့ပန်းစခန်း(ConcentrationCamp) သည် နိုင်ငံရေးသမားများနှင့်ခွေးတပ်များဖမ်းဆီးချုပ်နှောင်ထားရာဒေသများ ၁၉၃၉–၁၉၅၃ ခုနှစ်ဒုတိယကမ္ဘာစစ်မတိုင်မီနှင့်ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီများက ဂျူးလူမျိုးများကိုဤစစ်သုံ့ပန်းစခန်းများတွင် ဖမ်းဆီးညှင်းပန်းနှိပ်စက်ခဲ့သည်။

ဆောက်လိုက်ပြီး မိမိ၏စည်းမျဉ်းဥပဒေသစ်များအား လိုက်နာကျင့်သုံးစေခဲ့သည်။ ဟစ်တလာ၏အစွန်းရောက် နိုင်ငံခြားမူပေါ်လစီများကြောင့် ၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးကို ဖြစ်ပေါ်စေတော့သည်။ လွှန်ခဲ့သည့်စစ်ပွဲများတွင် ဟစ်တလာသည် အောင်မြင်မှုများရရှိခဲ့သော်လည်း ၁၉၄၂ ခုနှစ်တွင် စစ်ပွဲအခြေအနေပြောင်းလဲလာမှုကြောင့်နှင့် ၁၉၄၅ ခုနှစ်တွင် မဟာမိတ်စစ်တပ်များ ဘာလင်ကိုတိုက်ခိုက်ရန် ဂျာမနီသို့ထိုးဖေါက်ဝင်ရောက်နိုင်ခဲ့သည်။ စစ်ပွဲတော်တော်များများတွင် ဟစ်တလာ၏အသက်ကိုရယူရန်အကြိမ်ကြိမ်ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ စစ်ရှုံးတော့မည့်အလားအလာပေါ်လာသည့်အတွက်ကြောင့်နှင့် မိမိ၏ဒုတိယမျိုးကြီးမှ မိမိ၏အမိန့်ကိုလည်း လွှန်ဆန်လာသည့်အခါ ၁၉၄၅ ခုနှစ်ဧပြီလ ၃၀ရက်နေ့တွင် ဟစ်တလာသည်မိမိကိုယ်ကို အဆုံးစီရင်လိုက်သည်။ ဟစ်တလာနှင့်အတူ ယင်း၏အချိန်တော်တော်ကြာတိတ်တိတ်ပုန်းမယားဖြစ်နေသည့် အီဗာဘာရောင်(န်) Eva Braun မှာလည်း သူနှင့်တပါတည်းသေဆုံးခဲ့ပါသည်။

“လူတွေဟာစစ်ပွဲတွေကိုစလုပ်တာမဟုတ်ဘူး၊ အစိုးရတွေကသာဖြစ်တယ်။”
“People do not make wars; governments do.”

“သူတို့ကိုအလင်းရောင်ပြတာမမြင်ဘူးဆိုရင်အပူရှိတယ်ဆိုတာခံစားရအောင်လုပ်ပြပါ။”
“When you can’t make them see the light, make them feel the heat.”

“သင်ရှာတွေ့တဲ့အကောင်းဆုံးလူတွေနဲ့သင့်ကိုဝိုင်းရံထားပြီးအာဏာတွေကို ပေးဝေကာဘာမှဝင်ရောက်စွက်ဖက်မှုမလုပ်ပါနဲ့။”
“Surround yourself with the best people you can find, delegate authority, and don’t interfere.”

## ရော်နယ်ရီဂင် (၁၉၁၁–၂၀၀၄)



ရော်နယ်(လ်)ရီဂင်(Ronald Reagan)သည် ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်ပြီးကယ်လီဖိုးနီးယားမြို့ဝန်အဖြစ်သက်တမ်း ၂ ခုတာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏အယောက် ၄၀ မြောက်သမ္မတလည်းဖြစ်ခဲ့သည်။ သမ္မတတစ်ယောက်အနေနှင့် သူ့ကိုစစ်အေးစစ်ပွဲရပ်စဲစေသူနှင့် အခြေအတင်ဆွေးနွေးစရာရှိသည့် စီးပွါးရေးဆိုင်ရာပေါ်လစီချမှတ်ခဲ့သူဟု အများကသတိရကြသည်။

ရော်နယ်(လ်)ဝီလ်ဆင်ရီဂင်သည် ၁၉၁၁ ခုနှစ်ဖေဖေါ်ဝါရီလ ၆ ရက်နေ့တွင်ထမ်ပီကို (Tampico)၊ အေလီနွိုင်း(Illinois) ပြည်နယ်တွင်မွေးဖွားခဲ့သည်။ သူ၏ဖခင်အမည်မှာ ဂျက်ရီဂင်နှင့်မိခင်အမည်မှာ နယ်လီရီဂင် ဟုခေါ်သည်။ ရော်နယ်(လ်)တွင် နီး(လ်)ဟုခေါ်သော အစ်ကိုကြီးတစ်ယောက်ရှိသည်။ သူ၏မိဘများက သူ့ကို “ဒတ်(ချ်)” ဟုခေါ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ဖခင်ကသူ့ကိုပုပုဝဝ ဒတ်(ချ်)အမျိုးသားနှင့်တူသောကြောင့် သူ့ကို ဒတ်(ချ်)ဟုချစ်စနိုးခေါ်ကြသည်။ ရီဂင်မိသားစုမှ ငွေများများစားစားမရှိသောကြောင့် Midwest ဒေသတစ်လျှောက်

တွင်အလုပ်များရှာလုပ်ရင်း ရီဂင်မှာလည်း တစ်ဖြည်းဖြည်းကြီးထွားလာပြီး နောက်ဆုံးအောလီနွိုင်းဒစ်စန်တွင် အခြေခံနေထိုင်ကြချိန်တွင် ဒတ်(ချ်)ကလေးမှာ အသက် ၁၂ နှစ်ပင်ရှိသေးသည်။ ရော်နယ်(လ်)ကိုယ်တိုင်ထိုနေရာတွင် ကျောင်းပြီးပြီးအထက်တန်းကျောင်းကို အားကစားဘက်တွင် ထူးချွန်သူနှင့် (extracurr--icular honors) တို့ကိုပါရရှိခဲ့သည်။

အထက်တန်းကျောင်းပြီးသည့်နောက် ရီဂင်သည် ခရစ်တော်၏နောက်တော်သားများ (Disciples of Christ) ဦးဆောင်သောအူရီကာကောလိပ် (Eureka College) တွင် ပညာဆက်လက်သင်ကြားခဲ့သည်။ ဤတွင်ရီဂင်သည် ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် အရွေးချယ်ခံရသည်။ ရော်နယ်(လ်)အမှတ်ကောင်းကောင်းမရသော်လည်း ၁၉၃၂ ခုနှစ်တွင် ကောလိပ်ကျောင်းကို လူမှုရေးနှင့်စီးပွါးရေးဒီကရီများရရှိခဲ့သည်။

၁၉၃၂ ခုနှစ် "Depression" ဟုခေါ်သောစီးပွါးရေးကပ်ဆိုက်သောကြောင့် လူများအလုပ်ရှာရန် အခက်အခဲတွေ့ရလေသည်။ သို့သော် ရီဂင်ကအားမလျှော့ပဲအားကြိုးမာန်တက်ကြိုးစားခဲ့သည်။ သူနေရာတကာသို့သွား၍ အလုပ်လျှောက်ခဲ့သော်လည်း ဘယ်နေရာမှာမှမရချေ။ သို့သော်နောက်ဆုံးတွင် WOC ရေဒီယိုအသံလွှင့်ဌာန၌ သတင်းကြေငြာသူအဖြစ်အလုပ်ရခဲ့သည်။ သူသည် ကြည်ညိုလေးစားဖွယ်ကောင်းပြီး စကားပြောချိုသာသောကြောင့် Des Moines တွင်ရှိသော WHO ဟုခေါ်သောဌါနကြီးဆီသို့ ရာထူးတိုးမြှင့်ခြင်းခံရသည်။ ဒက်(စ်)မွိုင်းနက်တွင် ရီဂင်က အားကစားသတင်းကြေငြာပြီး ဒေသခံတက္ကသိုလ်ကျောင်း၏ ဘောလုံးပွဲများနှင့်ရစ်ကလီဖီးလ် (Wrigley Field) မှချီကာဂိုခပ်(ဘ်) (Chicago Cubs) အသင်းစသည်တို့အတွက်ကြေငြာခဲ့သည်။ သူက သတင်းကြေငြာရာတွင်အောင်မြင်မှုရရှိသဖြင့် သူလခကောင်းကောင်းရပြီး နာမည်ကျော်ကြားလာခဲ့သည်။

ရီဂင်သည် ၁၉၃၇ ခုနှစ်တွင် လော့(စ်)အိန်ဂျယ်လစ်မြို့ရှိ ဟောလီးဝုဒ်၌ မင်းသား

ဖြစ်ရန် ရည်ရွယ်ချက်ဖြင့်ခရီးထွက်ခဲ့သည်။ ရီဂင်က အသံစမ်းသပ်၊ သရုပ်ဆောင်ပြသစမ်းသပ်မှု တစ်ခုပြီးတစ်ခုလုပ်ပြီးသည့်နောက် သူ့ကိုဝါးနာဘာရားသားစတူဒီယို (Warner Brothers Studios) မှသူ့ကိုကုန်ကျစရိတ်နည်းသော "B" အတန်းစားရုပ်ရှင်တွင်သရုပ်ဆောင်ရန်ဖိတ်ခေါ်သည်။ သူက"WB"၏ကမ်းလှမ်းမှုကိုလက်ခံပြီး ထိုနှစ်တွင်ထုတ်လုပ်သော "Love is in the Air" ရုပ်ရှင်ထဲမှသရုပ်ဆောင်ခွင့်ရခဲ့သည်။ ဟောလီးဝုဒ်တွင် နှစ်နှစ်အတွင်း ရုပ်ရှင်ကားတစ်ဆယ့်ငါးကားရိုက်ခဲ့ရသည်။ ဒက်(ဗ်)မွိုင်းနက်တွင် နာမည်ကျော်ကြားလာသည်သာမက ရီဂင်ကနာမည်ကြီးသထက်ကြီးလာပြီး ပို၍ကောင်းသောရုပ်ရှင်တွင် သရုပ်ဆောင်ခွင့်ရခဲ့သည်။ သူ၏ နာမည်အကြီးဆုံးရုပ်ရှင်ကားနှစ်ကားမှ ဘောလုံးသမားဂျော့(ရှ်)ကစ်(ပ်)(George Gipp) အဖြစ် Knute Rockne၊ All America နှင့် King's Row ဆိုသည်ရုပ်ရှင်ကားတွင် အကယ်ဒမီရမလောက်ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ရီဂင်က ပထမဦးဆုံးရုပ်ရောအသံပါမြင်ရသည့်ရုပ်ရှင်တွင် သရုပ်ဆောင်ခွင့်ရခဲ့ပြီး ဗုံးကြဲလေယာဉ်မောင်းသမားများ သင်တန်းပေးရန်အတွက်ဖြစ်သည်။ သူ၏ရုပ်မြင်သံကြားရုပ်ရှင်ကားပေါင်း ၅၀ ကျော်ကိုရိုက်ခဲ့သည်။

၁၉၄၀ ခုနှစ်တွင် ရီဂင်က အကယ်ဒမီမင်းသမီးဂျိန်းဝေးမင်း (Jane Wyman) နှင့်လက်ထပ်ခဲ့သည်။ ယင်းတို့လက်ထပ်ပြီးနောက် မော်ရင်းနှင့်မိုက်ကယ်(လ်)ဆိုသည့်သားသမီးနှစ်ယောက်ထွန်းကားခဲ့သည်။ (တတိယကလေးမှာ မူလမစွေစော မွေးသဖြင့်မွေးပြီးကတည်းကပင် သေဆုံးခဲ့သည်။) သူတို့ရှစ်နှစ်အကြာအတူနေခဲ့ကြပြီး ၁၉၄၈ ခုနှစ်တွင်ကွာရှင်းပြတ်စဲခဲ့သည်။ ထို့နောက် ၁၉၅၂ ခုနှစ်တွင်နန်စီဒါးဗစ် (Nancy Davis) ဆိုသည့်မင်းသမီးနှင့်လက်ထပ်ခဲ့ပါသည်။ ထို့အတူရော်(န်) (Ron) နှင့်ဖက်ထရီရှာ ဆိုသည့်ကလေးနှစ်ယောက်ရရှိခဲ့သည်။ ရီဂင်ကနန်စီနှင့်အသက်ထက်ဆုံးပေါင်းသင်းနေထိုင်ကြသည်။

၁၉၄၀ ခုနှစ်နှင့် ၁၉၅၀ အတွင်း ရီဂင်က အမေရိကအတွင်းရှိကွန်မြူနစ်ဝါဒီများနှင့်ဟောလီးဝုဒ်အတွင်း ဝင်ရောက်စွက်ဖက်ထိုးဖောက်သူများဟု ထင်ရသောသူများကို ရဲဝံ့စွာဆန့်ကျင်ပြောခဲ့ရင်း နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်လာခဲ့

သည်။ ၁၉၄၀ ခုနှစ်တွင် သူ့ကို ရုပ်ရှင်သရုပ်ဆောင်အဖွဲ့အစည်း၏ဥက္ကဌအဖြစ် ရွေးချယ်ခြင်းခံရခဲ့သည်။ ဤအချိန်အတွင်း ရီဂင်ကလည်း မိမိ၏ပါတီကို ဒီမိုကရက်ကနေရီပတ်ဘလစ်ကန်သို့ပြောင်းခဲ့သည်။

ရီဂင်က ၁၉၆၆ ခုနှစ်တွင် ကယ်လီဖိုးနီးယားမြို့တော်ဝန်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ပြီး သူ၏ပြိုင်ဘက်ဖက်ဘရောင်း (Pat Brown) ကိုအနိုင်ရရှိခဲ့သည်။ မြို့တော်ဝန်တစ်ယောက်အနေနှင့် အစိုးရ၏အသုံးစရိတ်နှင့်အခွန်ကောက်ခြင်းတို့အပေါ် ဖြတ်တောက်ခြင်းတို့ကို ကြိုးစားလုပ်လေသည်။ ၁၉၆၉ ခုနှစ်တွင် နိုင်ငံအစောင့်တပ်သားများကို ကာလီဖိုးနီးယားတက္ကသိုလ်၏ Berkeley Campus သို့ သွားပြီး အမျိုးသားဥယျာဉ်အပေါ် ဆူပူဆန္ဒပြနေသောကျောင်းသားများကို ရပ်တန့်ရန်စေလွှတ်ခဲ့သည်။ ဆူပူဆန္ဒပြနေသော ကျောင်းသားများကို အစောင့်တပ်ကအကြမ်းနည်းသုံး၍ နှိမ်နင်းခဲ့သည့်အတွက် ကျောင်းသားများဒါဏ်ရာရပြီးတစ်ယောက်အသက်ဆုံးရှုံးခဲ့သည်။ ဤသည်မှာ ရီဂင်၏ နှစ်နှစ်သက်တမ်းအတွင်း လုပ်ခဲ့သည့် ဆိုးရွားသည်ဟုဆိုရမည့် လုပ်ငန်းတစ်ခုဆိုစရာသာရှိသည်။

၁၉၇၆ ခုနှစ်တွင်ရီဂင်က သမ္မတတစ်ယောက်အဖြစ် အရွေးခံရန်ဆုံးဖြတ်သည်။ သူသည် လက်ရှိသမ္မတကဲရယ်(လ်)ဖော့(ဒ်) (Gerald Ford) ကို ရီပတ်ဘလစ်ကန်အတွင်းမှစိန်ခေါ်ခဲ့ပြီး နောက်ဆုံးသူကအရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ၁၉၈၀ ခုနှစ်တွင် တစ်ဖန်ပြန်လာပြီး လစ်ဘရယ်ရီပတ်ဘလစ်ကန်ဂျော့(ရှ်)ဘု(ရှ်)နှင့်ယှဉ်ပြိုင်ခဲ့သည်။ ထို့နောက် ဂျော့(ရှ်)ဘု(ရှ်)ကိုအနိုင်ရပြီး ယင်းကို ဒုတိယသမ္မတအနေနှင့်နေရာပေးခဲ့သည်။ ယင်းတို့နှစ်ယောက်မှ သမ္မတဂျင်မီကာတာ (Jimmy Carter) (ယခင်ကဖော့ဒ်ကို ၁၉၇၆ ခုနှစ်တွင်အောင်နိုင်သူ) ကိုအနိုင်ရရှိရန်ကြိုးစားလေသည်။ ၁၉၈၁ ခုနှစ်အသက်ခြောက်ဆယ်ကိုးနှစ်အရွယ်တွင် ရီဂင်ကိုသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခဲ့ပြီး အမေရိကန်သမိုင်းတွင် အသက်အကြီးဆုံးသမ္မတဖြစ်ခဲ့သည်။

ရီဂင်သမ္မတစဖြစ်ဖြစ်ခြင်း သူ့ကိုဂျွန်ဟင့်လီ (John Hinckley) ဆိုသူက ၁၉၈၁

ခုနှစ်မတ်လ ၃၀ ရက်နေ့တွင်သေနတ်နှင့်ပစ်ခဲ့သည်။ ထူးခြားသည့်အချက်မှာဟင့်လီသည် ရီဂင်ကနိုင်ငံရေးအရပစ်ခတ်ခြင်းမဟုတ်ဘဲ ငယ်ရွယ်သောရုပ်ရှင်မင်းသမီးဂျောဒီဖို့ဒ်စတာ (Jodie Foster) သဘောကျအောင်သာဖြစ်ကြောင်းဖြေဂဲ့ချက်ပေးခဲ့သည်။ ဤကဲ့သို့ရီဂင်က အရေးပေါ်ခွဲစိတ်မှုခံယူပြီးနောက်လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ထို့နောက် တစ်နှစ်တည်းအတွင်းဩဂုတ်လမှာပင် ရီကင်သည်လေယာဉ်အသွားအလာထိန်းချုပ်ရေးမျှော်စင်အလုပ်သမားများ ၁၃,၀၀၀ ကျော်က သူ့အမိန့်ကိုနားမခံပဲ ဆန္ဒပြခဲ့သောကြောင့် အလုပ်မှထုတ်ပစ်လိုက်သည်။

ရီဂင်၏အဓိကပေါ်လစီမှာ ဖယ်ဒရယ်အစိုးရ၏အရွယ်အစားနှင့်တာဝန်ဝတ္တရားကိုလျှော့ချရန်နှင့် သူ၏စီးပွါးရေးပေါ်လစီဖြစ်သော "Reaganomics*" ပေါ်လစီမှစီးပွါးရေးဆိုင်ရာကျွမ်းကျင်သူအာသာလာဖာ (Arthur Laffer) ၏ Supply–side သီအိုရီပေါ်တွင်အခြေခံထားပါသည်။ ၁၉၈၀ ခုနှစ်ရီပတ်ဘလစ်ကန်၏ပါတီအတွင်းယှဉ်ပြိုင်မှုတွင် ဘုရှ်ကယင်း၏သီအိုရီကို voodoo economice* ဟုခေါ်သည်။အဘယ့်ကြောင့်ဆိုသော် အခြားသူများကဲ့သို့ သူယုံကြည်သည့်အချက်မှာ ဤပေါ်လစီသည်တကယ့်လက်တွေ့တွင် အသုံးချနိုင်မည်မဟုတ်ဟူ၍ပင်။ ယနေ့စီးပွါးရေးကျွမ်းကျင်သူများကဘုရှ်၏အမြင်အပေါ် သဘောတူညီမှုရှိကြသည်။

---

*ရီဂင်နောမစ် (Reaganomics) ဆိုသည့်စကားလုံးမှာ (Reagon ရီဂင်နှင့် economic–စီးပွါးရေး) ဟူ၍ဖြစ်ပြီး ယခင်အမေရိကန်သမ္မတရောနယ်(လ်)ရီဂင်မှ ထုတ်ဖေါ်ခဲ့သည့်စီးပွါးရေးမူဝါဒဖြစ်သည်။ ရီဂင်စီးပွါးရေး မူဝါဒ၏အဓိကအချက်လေးခုမှာ –

- အစိုးရ၏မြင့်မားလာသောအသုံးစရိတ်ကိုလျှော့ချခြင်း
- ဝင်ငွေအပေါ်အခွန်ကောက်ကြေးများလျှော့ချရန်
- စီးပွါးရေးအပေါ်ထားရှိထားသောအစိုးရ၏စည်းမျဉ်းစည်းကမ်းများလျှော့ချရန်
- ငွေကြေးသိပ်သည်းမှုကိုလျှော့ချရန်အတွက်ငွေထုတ်ဝေမှုကိုထိန်းချုပ်ရန်

Voodoo Economic သည်ရီဂင်နောမစ်၏အခြားနာမည်တစ်ခုဖြစ်ပြီး ထိုစီးပွါးရေးမူဝါဒကိုမကြိုက်သောသူများက ဗူဒူ (Voodoo) စီးပွါးရေးစနစ်ဟုခေါ်ကြသည်။ Voodoo မှာအောက်လမ်းပညာဟုအဓိပ္ပါယ်ရသည်။

သမ္မတရီဂင်မဲဆွယ်စဉ်က အစိုးရ၏အသုံးအစွဲကို လျှော့ချမည်ဟုပြောခဲ့သော်လည်း တကယ်တွင်မူကာကွယ်ရေးဘက်အသုံးစရိတ်များကို တိုးမြှင့်ပေးခဲ့သည်။

ရီဂင်သည် ဒေါ်လာသန်းပေါင်းများစွာကိုစစ်တပ်၊ လက်နက်ပစ္စည်းကိရိယာ (ရိုးရိုးဖြစ်စေ၊ အဏုမြူလက်နက်)၊ နည်းစနစ်များနှင့်သုတေသနပြုမှုများအတွက် အသုံးပြုခဲ့သည်။ သူ၏စီမံကိန်းများဖြစ်သော SDI သို့မဟုတ် စတားဝါး (Star Wars) စီမံကိန်းအတွက် ကုန်ကျစရိတ်တစ်ခုတည်းမှာ ဒေါ်လာကုဋေကုဋာ ($ 1 trillion) ကျော်ရှိခဲ့သော်လည်း နောက်ဆုံး၌စီမံကိန်းမှာတဖြည်းဖြည်းပျက်စီးသွားခဲ့သည်။ ရီဂင်က ဤသို့ပြုလုပ်ရခြင်းမှာ ၁၉၄၀ ခုနှစ်အလယ်ပိုင်းက အမေရိကန်နှင့်စစ်အေးစစ်ပွဲဆင်နွှဲခဲ့သည့် ဆိုဗီယက်ပြည်ထောင်စု၏ အမေရိကန်အပေါ်ထိုးစစ်ဆင်လာနိုင်ဖွယ်ရာအခြေအနေရှိသောကြောင့်ဖြစ်သည်။ ဤကဲ့သို့စစ်ရေး စစ်ရာပြင်ဆင်မှုများလုပ်နေစေကာမူ ဆိုဗီယက်ခေါင်းဆောင်မီခေး(လ်)ကိုဗာချော့(ဗ်)၏စွမ်းဆောင်မှုကြောင့် အမေရိကနှင့်ဆိုဗီယက်ပြည်ထောင်စုအကြား ဆက်ဆံရေးတိုးမြှင့်လာခဲ့သည်။ ကိုဗာချော့(ဗ်)နှင့်ရီဂင်တို့စာချုပ်များစွာကို လက်မှတ်ရေးထိုးခဲ့ပြီး ရီဂင်၏ဒုတိယသက်တမ်းတွင် နိုင်ငံနှစ်နိုင်ငံစလုံးမှ အဏုမြူလက်နက်ထုတ်ဝေမှုကိုလျှော့ချခဲ့ကြသည်။

ဆိုဗီယက်နှင့်ဆက်ဆံရေးကောင်းမွန်လာသော်လည်း ရီဂင်က ကမ္ဘာတစ်လွှားရှိကွန်မြူနစ်များကို ဆက်လက်တိုက်ခိုက်ခဲ့သည်။ ၁၉၈၂ ခုနှစ်အတွင်း အမေရိကန်တို့မှကရင်နဒါ (Grenada) နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခြင်းအခွင့်ပေးခဲ့ပြီး ကွန်ဂရက်ကသူ့ကို ဤလုပ်ရပ်တရားမဝင်ဟုသတိပေးခဲ့သည့်တိုင် နီကရာကွါ (Nicar--agua) တွင်ရှိသောဆန့်ကျင်မှုများကိုထောက်ခံခဲ့သည်။ သူသမ္မတဖြစ်သည့်သက်တမ်းတွင် အမေရိကမှယင်း၏ငြိမ်းစားတပ်တို့ကို လက်ဘနွန်သို့ပို့ဆောင်ပြီး အကြမ်းဖက်သမားများကိုထောက်ခံသည့်လစ်ဗျားနိုင်ငံကိုဗုံးကြဲခဲ့သည်။

၁၉၈၄ ခုနှစ်တွင် တိုင်းသူပြည်သားများက ရီဂင်ကိုအိမ်ဖြူတော်တွင် နောက်သက်တမ်းတစ်ခုအလုပ်လုပ်ရန်ရွေးချယ်ခဲ့သည်။ ရီဂင်မိမိ၏ပြိုင်ဘက်ဝေါလ်တာမွန်

ဒေးလ်ကိုအပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ရီဂင်၏ဒုတိယသက်တမ်းတွင် အခက်အခဲများနှင့်ပြည့်နှက်နေပြီး ယင်းကိုအီရန်များထံသို့ လက်နက်ရောင်းချပြီးနီကရာကွါရှိ ကွန်မြူနစ်ဆန့်ကျင်သည့်အဖွဲ့များအား ထောက်ပံ့ခြင်းဆိုသည့် စွပ်စွဲချက်ကြောင့် Iran–countra အရှုပ်အထွေးအပေါ် စုံစမ်းထောက်လှမ်းမှုကိုရင်ဆိုင်နေရပါသည်။

ရီဂင်သည် မိမိ၏သက်တမ်းပြည့်ပြီးနောက် ၁၉၈၉ ခုနှစ်တွင် ဂျော့(ရှ်)ဘု(ရှ်)ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက်သူက သူ၏လော့စ်အိန်းဂျယ်လစ်၊ ဘယ်(လ်)အဲတွင်ရှိသော အိမ်အသစ်တွင်သွား၍နေထိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင်သူက Iran–Contra အရှုပ်အထွေးအကြောင်း သိပ်သမျှပြောပြမည်ဟု ကတိပေးခဲ့သည်။ သို့သော် စုံစမ်းထောက်လှမ်းသူများက သူ၏ထွက်ဆိုချက်များကိုရုပ်သိမ်းခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရီဂင်တွင်အော်တိတ်၌ ဖြစ်ပေါ်သည့်အရာများကို ပြန်၍ကောင်းကောင်းမွန်မွန်သတိမရတော့သောကြောင့် သိရှိ သည့်အတွက်ဖြစ်သည်။ မကြာခင် ဆရာဝန်ကသူ့အား (Alzheimer’s) ရောဂါကိုခံစားနေရသည့်အတွက် ယင်း၏မှတ်ဉာဏ်ကို ထိခိုက်စေသည်ဟုဆိုသည်။ ရီဂင်သည်လူများရှေ့၌ ၁၉၉၄ ခုနှစ်မှစ၍ပျောက်ကွယ်သွားပြီး သူ၏ဇနီးသည်နန် စီနှင့်အသက်ထက်ဆုံးနေထိုင်သွားခဲ့သည်။ ရီဂင်သည်ဘယ်(လ်)အဲ၊ ကာလီဖိုးနီးယားရှိနေအိမ်၌ ဇွန်လ ၅ ရက်နေ့ ၂၀၀၄ ခုနှစ်၌ ကွယ်လွန်သွားခဲ့သည်။

"ဘာလို့ဒီကိုလာရတာလဲ။ ငါတို့ရဲ့မြို့ဖရိုဖရဲကမောက်ကမဖြစ်ရတာမင်းတို့ကြောင့်ပဲ။"
"Why are you here? My city is in chaos because of you."

# တင့်ကားလူသား (၁၉၈၉)



တင့်ကားလူသား (Tank Man) သို့မဟုတ်အမည်မသိတော်လှန်ရေးသမားကိုကြားဖူးပါသလား။ ၁၉၈၉ ခုနှစ်ဇွန်လ ၅ ရက်နေ့တီယာနမင်ရင်ပြင်ဆန္ဒပြပွဲ၌သူကတင့်ကားများရှေ့တွင်ရပ်၍ဆန္ဒပြနေစဉ်သူ့ကိုကင်မရာများ၊ ဗွီဒီယိုတိပ်ခွေများဖြင့်ရိုက်ကူးထားပြီး သတင်းဌာနများတွင်ပြသခဲ့သဖြင့် သူ့ကိုကမ္ဘာတဝှမ်းလုံးက သိရှိ၍နာမည်ကျော်ကြားလာခဲ့သည်။

ဤအရေးအခင်းသည် ၁၉၈၉ ခုနှစ်ဇွန်လ ၅ ရက်နေ့တွင် Forbidden မြို့သို့သွားသောလမ်းဖြစ်သောတီယာနမင် (Tiananmen) ရင်ပြင်တွင်ဆန္ဒပြနေသောသူများကို တရုတ်အစိုးရက အကြမ်းဖက်နည်းဖြင့်ဖြေရှင်းခဲ့သော နောက်တစ်နေ့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့၌ တင့်ကားများသည်တီယာနမင်ရင်ပြင်ရှိရာသို့ ချီတက်လာနေစဉ် လူတစ်ယောက်က တင့်ကားများရှေ့တွင်သွား၍ ရပ်နေပြီးသူ၏ လက်တစ်ဘက်စီတွင်အထုပ်တစ်ထုပ်စီကိုကိုင်ထားပါသည်။ တင့်ကားများရပ်သွားသည့်အချိန်တွင် ထိုသူသည်တင့်ကားများထွက်သွားရန် လက်ဖြင့်ခါယမ်းနေသည်ကိုတွေ့ရမည်။ တခဏအကြာတွင် တင့်ကားပထမတစ်စီးက သူ့ကိုရှောင်ပြီးမောင်းထွက်သွားရာ သူကလည်းတင့်ကားသွားသည့်လမ်းတွင်ပင်သွား၍ရပ်နေလိုက်သည်။ တင့်ကားများရှေ့တွင်ပိတ် ဆို့ရပ်နေပြီးသည့်နောက် ထိုလူကတင့်ကားအပေါ်တွင်တက်သွား၍ တင့်ကားမောင်းသမားနှင့်သွား၍စကားပြောသည်။ သူပြောသောစကားများကို သတင်းစာများတွင်ကွဲပြားစွာရေးထားသည်ကိုတွေ့ရမည်။ ယင်းစကားများမှာ "ဘာလို့ဒီကိုလာရတာလဲ။ ငါတို့ရဲ့မြို့ဖရိုဖရဲကမောက်ကမဖြစ်ရတာ မင်းတို့ကြောင့်ပဲ။ လာတဲ့လမ်းကလှည့်ပြန်ပြီး ငါတို့လူ

တွေကိုသတ်ဖြတ်ခြင်းကရပ်ကြပါ။" တစ်ချို့ကလဲ "ထွက်သွားပါ" ဟုသာရိုးရိုး ရေးထားသည်။ ဗွီဒီယိုထဲတွင် သူ့ရဲ့လူတစ်ချို့က သူ့ကိုလူအုပ်ထဲတွင်ဆွဲခေါ်သွား ပြီး တင့်ကားများသည်လည်း ရှေ့ကိုဆက်လက်ထွက်သွားကြသည်ကိုတွေ့ရ သည်။

သူ၏လုပ်ရှားမှုမှာ အချိန်တိုအတွင်းမျှသာဖြစ်သော်ငြားလည်း မည်သည့်ဘာ သာစကားပြောသောသူမဆို၊ မည်သည့်အသက်အရွယ်မဆို၊ စာမဖတ်တတ် သောသူများနှင့် မော်စီတုံးအကြောင်းတစ်ခါမှမကြားဖူးသူများပင်လျှင် တင့်ကား လူသား၏လုပ်ရပ်ကိုနားလည်ကြသည်။ တန်းစီရပ်နေသောတင့်ကားများရှေ့တွင် လူတစ်ယောက်ရပ်နေသည့်သတင်းပုံသည် ညတွင်းချင်းမှာပင် ကမ္ဘာအနှံ့ရှိသ တင်းကြည့်သူများထဲရောက်ရှိသွားသည်။ သတင်းစာရာပေါင်းများစွာတွင် ထိုသ တင်းကို သတင်းစာနှင့်သတင်းစာမဂ္ဂဇင်းတို့၏ခေါင်းကြီးပိုင်းသတင်းတွင် ပါလာ သည်ကိုတွေ့ရမည်။ ထို့အတူကမ္ဘာအရပ်ရပ်ရှိ သတင်းဌါနများတွင်လည်း ထိုသူ အကြောင်းအသံလွှင့်ထားသည်ကိုတွေ့ရမည်။ ထိုသူ့ဓါတ်ပုံကို ရိုက်ကူးသော ဓါတ်ပုံသမားတစ်ဦးသည်ယင်းပုံကို Life Magazine ၏ "ကမ္ဘာကိုပြောင်းလဲ သောဓါတ်ပုံအပုံ ၁၀၀" ထဲတွင်ဖော်ပြထားသည်ကိုတွေ့ရမည်။ ၁၉၉၈ ခုနှစ်ဧ ပြီလတွင် အမေရိကနိုင်ငံမှထုတ်ဝေသော "Time Magazine" မှအမည်မသိ သောတော်လှန်ရေးသမားကို ၂၀ ရာစုအတွင်း လူများအပေါ်လွှမ်းမိုးမှုရှိသောလူ ၁၀၀ ယောက်ထဲမှ တစ်ယောက်အဖြစ်ရွေးချယ်ထားသည်ကိုတွေ့ရမည်။